# တည်းဖြတ်မထားသေးသော ကြိုတင်အစီရင်ခံစာ

ဖြန့်ဝေခြင်း။ အထွေထွေ
၂၀၂၀ ခုနှစ် မတ်လ ၄ ရက်
မူရင်း။ အင်္ဂလိပ်ဘာသာ

လူ့အခွင့်အရေးကောင်စီ

**လေးဆယ့်သုံးကြိမ်မြောက် အစည်းအဝေး**

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၄ မှ မတ်လ ၂၀ ရက်

အစီအစဉ် အမှတ် ၄

**ကောင်စီ၏ ဂရုထားမှုကို လိုအပ်သော လူ့အခွင့်အရေး အခြေအနေ**

## မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ *, **

## အတွင်းရေးမှူးအဖွဲ့ မှတ်ချက်

အကျဉ်းချုပ်

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ လက်ရှိ အစီရင်ခံစာသည် လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၄၀/၂၉ နှင့် အညီ တင်သွင်းခြင်း ဖြစ်သည်။ အစီရင်ခံစာသည် အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်သက်တမ်းကာလအတွင်း လူ့အခွင့်အရေး ကိစ္စရပ်များတွင် ဖြစ်ပေါ်တိုးတက်မှုများကို ထင်ဟပ်ဖော်ထုတ်ထားကာ မြန်မာနိုင်ငံ လူ့အခွင့်အရေးများ နောက်ထပ်ဖွံ့ဖြိုးနိုင်ရန်အတွက် အကြံပြုချက်များ ပေးထားသည်။

---

* လတ်တလော ဖြစ်ပေါ်တိုးတက်မှုများကို ထင်ဟပ်စေရန် အစီရင်ခံစာကို သတ်မှတ်ချိန် နောက်ပိုင်းတွင် တင်သွင်းသည်။

** လက်ရှိအစီရင်ခံစာ၏ နောက်ဆက်တွဲများမှာ တင်သွင်းမှု အရေးအသားဖြင့်သာ ရရှိထားသည့်အတိုင်း ဖြန့်ဝေထားသည်။

# ၁။ နိဒါန်း

၁။ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၄၀/၂၉ နှင့် အညီ တင်သွင်းသော လက်ရှိ အစီရင်ခံစာသည် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ယန်ဟီးလီ၏ ၂၀၁၉ ခုနှစ် မတ်လတွင် ကောင်စီသို့ တင်သွင်းသော ယခင် အစီရင်ခံစာ (A/HRC/40/68)၊ ၂၀၁၉ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလများတွင် ကောင်စီသို့ နှုတ်ဖြင့် တင်သွင်းခဲ့သည့် နောက်ဆုံး အခြေအနေများ၊ နှင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ အထွေထွေ ညီလာခံသို့ တင်သွင်းသော အစီရင်ခံစာ (A/74/342) တို့၏ နောက်ပိုင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများကို လွှမ်းခြုံသည်။ ဤအစီရင်ခံစာသည် သူမ၏ လုပ်ပိုင်ခွင့်သက်တမ်း မကုန်ဆုံးမီ နောက်ဆုံး အစီရင်ခံစာ ဖြစ်သည်။

၂။ မြန်မာအစိုးရက အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရုတ်သိမ်းခဲ့သော်လည်း သူမသည် နိုင်ငံရှိ လူ့အခွင့်အရေး ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် ထိရောက်သော... 

၃။ အထူးကိုယ်စားလှယ်သည် ဇန္နဝါရီလ ၁၅ ရက်မှ ၁၇ ရက်အတွင်း ထိုင်းနိုင်ငံနှင့် ဇန္နဝါရီလ ၁၇ ရက်မှ ၂၃ ရက်အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ခရီးစဉ်ချောမွေ့အောင် ကူညီသည့်အတွက် နှစ်နိုင်ငံအစိုးရများကို သူမက ကျေးဇူးတင်ပါသည်။ ထိုင်းနိုင်ငံတွင် သူမသည် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကိစ္စများ လုပ်ကိုင်နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။ ဘင်္ဂလားဒေ့ရှ်တွင် သူမသည် ဒါကာနှင့် ကောက်စ်ဘဇားမြို့များ၌ အစိုးရအရာရှိများ၊ ကုလသမဂ္ဂရုံးများနှင့် တွေ့ဆုံခဲ့သည်။ သူမသည် ကောက်စ်ဘဇားရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်ခဲ့ပြီး ဒုက္ခသည်များ၊ အရပ်ဘက် လူထုအဖွဲ့အစည်းများ၊ ဒုက္ခသည်ရေးရာ တုန့်ပြန်မှုအတွက် လုပ်ဆောင်နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။ သူမသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံအဆင့် အလုပ်အဖွဲ့နှင့် ဗီဒီယို ကွန်ဖရင့် လုပ်ဆောင်ခဲ့သည်။

၄။ အထူးကိုယ်စားလှယ်သည် သူမ၏ လုပ်ပိုင်ခွင့် သက်တမ်းအတွင်း မြန်မာနိုင်ငံ၏ လတ်တလော သမိုင်း၌ အရေးပါသော အချိန်ကာလများကို ဖြတ်သန်းခဲ့ရကြောင်း လေ့လာမိသည်။ ၂၀၁၄ ခုနှစ် သူမ၏ လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရစဉ်က သူနှင့် အခြားသူများသည် အထူးသဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး နှင့် ပတ်သက်၍ ကြီးမားသော အကောင်းမြင် စိတ်ထားရှိခဲ့သည်ကို ပြန်ပြောင်း သတိရမိသည်။ (မြန်မာ) နိုင်ငံအတွင်း သွားရောက်ခွင့်ကို ရရှိခဲ့ပြီး အစိုးရ၊ အရပ်ဘက် လူထုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာ အသိုင်းအဝိုင်းတို့နှင့် ပွင့်လင်းစွာ ပြောဆိုဆွေးနွေးမှုများရှိခဲ့သည်။ သုံးနှစ်တာကာလအတွင်း ရန်ကုန်၊ နေပြည်တော်၊ ကချင်၊ ရှမ်း၊ ရခိုင်၊ ကရင်နှင့် မွန် ဒေသများသို့ ကျယ်ကျယ်ပြန့်ပြန့် သွားလာနိုင်ခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၊

[1] နောက်ဆက်တွဲ ၁ ကိုကြည့်

[2] နောက်ဆက်တွဲ ၂ ကိုကြည့်

ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် သက်ရောက်ခံရသည့် လူထုများ၊ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (IDPs)၊ နှင့် ထောင်များတွင် ထိန်းသိမ်းခံထားရသူများ အပါအဝင် ကျယ်ပြန့်သည့် သက်ဆိုင်သူအမျိုးမျိုး တွေ့ဆုံခဲ့သည်။

၅။ ၂၀၁၄ ခုနှစ် သူမ၏ တာဝန်ကို စတင်ထမ်းဆောင်သည့်အခါ ထိုစဥ်က ကျရောက်လာတော့မည့် ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ လုပ်ငန်းစဥ် ဖြစ်ပေါ်တိုးတက်မှုနှင့် ရွေးကောက်ပွဲ မတိုင်မီ ပြုပြင်ပြောင်းလဲမှုများကို ထည့်သွင်းရန် ကောင်စီ၏ ဆုံးဖြတ်ချက် ၂၅/၂၆ နှင့် နည်းပညာဆိုင်ရာ အကူအညီ၊ စွမ်းရည်ဖွံ့ဖြိုးရေး တိုးတက်မှုနှင့် ဦးစားပေးမှုအတွက် စံချိန်စံညွှန်းများသတ်မှတ်ရန် တောင်းဆိုမှု ပါဝင်သည့် ၂၀၁၆ ခုနှစ် မတ်လတွင် ချမှတ်သော ကောင်စီဆုံးဖြတ်ချက် ၃၁/၂၄ တို့က သူမ၏ တာဝန်ကို ကျယ်ပြန့်စေခဲ့သည်။ အထူးကိုယ်စားလှယ်သည် အစိုးရနှင့် မျှဝေခဲ့သည့် ယခင်က အကြံပြုချက်များအပေါ် အခြေခံသည့် ပူးတွဲ စံချိန်စံညွှန်း သတ်မှတ်ချက်များ မူကြမ်းကို ပြင်ဆင်ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ရန် အချိန်ဇယားကို အဆိုပြုခဲ့သည်။ သူမသည် အချို့သော စံချိန်စံညွှန်းများအပေါ် အစိုးရ၏ ထိတွေ့လုပ်ဆောင်မှုများရှိခဲ့ကြောင်း သတိပြုမိခဲ့သော်လည်း ဖြစ်ပေါ်တိုးတက်မှုများကို အကန့်အသတ်နှင့်သာ လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိမိသည်။ ထို့အပြင် မြန်မာနိုင်ငံကို လူ့အခွင့်အရေးများ အပေါ် ကာကွယ်ရန်၊ လေးစားရန်နှင့် ဖော်ဆောင်ရန် လက်တွေ့ကျသော နည်းလမ်းများနှင့် ပတ်သက်သည့် အကြံပြုချက်များကို သူမအနေဖြင့် ထပ်လောင်းပေးခဲ့သော်လည်း အနည်းငယ်သာ အကောင်အထည် ဖော်ဆောင်နိုင်ခဲ့ကြောင်း လေ့လာရမိသည်။

၆။ အထူးကိုယ်စားလှယ်၏ သက်တမ်းကာလအတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အတိုင်းအတာနှင့် ဝမ်းနည်းဖွယ်ရာတို့မှာ ထပ်မံချဲ့ထွင် ဖော်ပြရန်ပင် မလိုအပ်တော့ချေ။ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ရခိုင်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုနောက်ပိုင်းတွင် အထူးကိုယ်စားလှယ်သည် ထိုနေရာသို့ သွားရောက်ခဲ့သည်။ သူမသည် ကောက်စ်ဘဇားသို့လည်း ပထမဆုံးအကြိမ်သွားရောက်ခဲ့ပြီး စစ်တပ် စစ်ဆင်ရေးမှ ထွက်ပြေးလာသူများနှင့် တွေ့ဆုံခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့များ၏ လက်တွင်းတွင် သူတို့ ခံစားခဲ့ရသော ရက်စက်ကြမ်းကြုတ်မှုများကို ကြားသိခဲ့ရပြီးနောက် သူမသည် ရခိုင်တွင် မည်သည့်အရာများ ဖြစ်ပျက်ခဲ့သည်ကို စုံစမ်းလေ့လာရေးအတွက် ကော်မရှင်တရပ်ဖွဲ့စည်းရန်နှင့် ကချင်နှင့် ရှမ်းပြည်နယ်များရှိ အခြေအနေများအပေါ် အထူးအစည်းအဝေးခေါ်ယူရန် လူ့အခွင့်အရေးကောင်စီကို အကြံပြုခဲ့သည်။ ကောင်စီက ဆုံးဖြတ်ချက် ၃၄/၂၂ တွင် မြန်မာနိုင်ငံတွင် စွပ်စွဲခံထားရသည့် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ လက်တလော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မတရား လုပ်ဆောင်မှုများအပေါ် အချက်အလက် နှင့် အခြေအနေများ ရှာဖွေဖော်ထုတ်ရန် လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်ကို လုပ်ပိုင်ခွင့်ပေးကာ ဖွဲ့စည်းခဲ့သည်။ အထူးကိုယ်စားလှယ်က လူမျိုးသုဥ်းသတ်ဖြတ်မှု ဖြစ်နိုင်ချေ အထောက်အထားများ တွေ့ရှိခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ စတင်သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကျူးလွန်ခဲ့သော အလွန်အကျွံ အကြမ်းဖက်မှု ထပ်မံဖြစ်ပွားပြီးနောက် သူမသည် လူ့အခွင့်အရေးကောင်စီအား တာဝန်ခံမှု ယန္တရားကို ဖွဲ့စည်းတည်ဆောက်ရန် အကြံပြုခဲ့သည်။ မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကောင်စီ ဆုံးဖြတ်ချက် ၃၉/၂ ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းစတင်လည်ပတ်ခဲ့သည်။ အထူးကိုယ်စားလှယ်သည် ကုလသမဂ္ဂကိုလည်း ယင်း၏ ရခိုင်နှင့်ပတ်သက်သည့်

လုပ်ဆောင်မှုများအပေါ် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုခဲ့သည်။ ၂၀၁၉ ခုနှစ်အစောပိုင်းတွင် Gert Rosenthal က သုံးသပ်မှု လုပ်ခဲ့သည်။

၇။ ၂၀၁၇ ခုနှစ် စက်တင်ဘာမှစ၍ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အကြိမ်ကြိမ်ဆွေးနွေးမှုများ လုပ်ခဲ့သည်၊ ၂၀၁၈ ခုနှစ် ဧပြီလတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ခဲ့ပြီး ထိုသွားရောက်မှုများနောက်ပိုင်းတွင် အခြေအနေအပေါ် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် အခြေအနေကို ဖြေရှင်းရန် အားလုံး သဘောတူညီမှုကို ပြသသည့် ဆုံးဖြတ်ချက်ချမှတ်ရန် ညီညွတ်မှု မရှိသေးသည့်အပေါ် အထူးကိုယ်စားလှယ်မှ စိတ်ပျက်ခဲ့ရသည်။ သူမက လုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာရာဇဝတ်မှုများဆိုင်ရာတရားရုံးသို့ လွှဲပြောင်းရန် သို့မဟုတ် မြန်မာနိုင်ငံတွင် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူများကို တရားစီရင်ရန် နိုင်ငံတကာ ခုံရုံးတစ်ခုကို တည်ထောင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းကို ထပ်မံတောင်းဆိုခဲ့သည်။

# ၂။ လူ့အခွင့်အရေး အခြေအနေ

## က။ ဒီမိုကရေစီ အဝန်းအဝိုင်း

၈။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် အထင်ကရ ဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရ တက်လာခဲ့သည်။ အထူးကိုယ်စားလှယ်က အစိုးရသစ်လက်အောက်တွင် ကျယ်ပြန့်ပွင့်လင်းလာသော ဒီမိုကရေစီ အဝန်းအဝိုင်း ရှိလာမည်ဟု မျှော်မှန်းခဲ့သော်လည်း ဖြစ်မလာသေးပေ။

### ၁။ အထွေထွေရွေးကောက်ပွဲ

၉။ မြန်မာနိုင်ငံတွင် နောက်ထပ်တစ်ကြိမ် အထွေထွေ ရွေးကောက်ပွဲ နီးလာပြန်ပြီဖြစ်သည်။ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှု၊ လွတ်လပ်ပြီး တရားမျှတမှု စသည့် နိုင်ငံတကာ စံချိန်စံညွှန်းများ ပြည့်မှီစေရန် ရွေးကောက်ပွဲအတွက် ဖြေရှင်းရမည့် ကိစ္စရပ် အများအပြား ရှိနေသည်။

၁၀။ ရွေးကောက်ပွဲ အထိနှင့် ရွေးကောက်ပွဲ အတွင်းတွင် အချက်အလက်များကို လူတိုင်းက ရှာဖွေနိုင်ရန်၊ ရရှိနိုင်ရန်နှင့် ဘက်စုံဖြစ်စေရန် လွတ်လပ်ပွင့်လင်းသော ဆွေးနွေးငြင်းခုံမှုများ အတွက် နေရာ ကျယ်ပြန့်လာစေရန် အထူးအားထုတ်ကြိုးပမ်းမှုများ လုပ်ဆောင်သင့်သည်။ သို့ရာတွင် အထူးကိုယ်စားလှယ်က ပြုပြင်ပြောင်းလဲမှုလုပ်ရန် အကြိမ်ကြိမ် တောင်းဆိုသော်လည်း လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ စုရုံးခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခွင့်တို့ကို စိုးမိုးသော ဥပဒေမူဘောင်များမှာ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိပဲ ဆက်လက်ရှိနေပြီး လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ပိတ်ဆို့နေဆဲဖြစ်သည်။ တရားဝင် ထုတ်ဖော်ခွင့်နှင့် ဒီမိုကရေစီ လှုပ်ရှားမှုများကို ရာဇဝတ်မှု ပြုထားသော ဥပဒေများအောက်တွင် သတင်းသမားများ၊ လှုပ်ရှားတက်ကြွသူများ၊ နှင့် အခြားသူများမှာ ဆက်လက်ပြီး အရေးယူခံနေရသည်၊ အပြစ်ပေးခံနေကြရသည်။ ထို့အပြင် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး ဥပဒေ၏ ပုဒ်မ ၇၇ အောက်တွင် အမိန့်ထုတ်ပြန်ချက်အရ ရခိုင်နှင့် ချင်းပြည်နယ်များရှိ မြို့နယ် ကိုးခုတွင် မိုဘိုင်းအင်တာနက် ဝန်ဆောင်မှုများကို လုံးဝ ရပ်ဆိုင်းထားခြင်းဖြင့် အခွင့်အရေးများ ရပိုင်ခွင့်ကို ထိခိုက်စေသည်။ အထူးကိုယ်စားလှယ်သည် ဤသတ်မှတ်ပြဌာန်းချက်အား နိုင်ငံ၏ အခြားနေရာများတွင် သတင်းအချက်အလက် နှင့် လူထု ဆွေးနွေးချက်များကို ဖိနှိပ်ရန် အသုံးပြုလာမည်ကို

စိုးရိမ်သည်။ ဥပဒေမူဘောင်ကို အထူးသဖြင့် ဆက်သွယ်ရေး ဥပဒေ၊ ၁၉၀၈ ခုနှစ် မတရားအသင်း အက်ဥပဒေ၊ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေနှင့် ရာဇသတ် ဥပဒေများမှ ပုဒ်မများအား အရေးပေါ်လိုအပ်ချက်အနေဖြင့် ပြင်ဆင်ရမည်။

၁၁။ ရွေးကောက်ပွဲကာလအတွင်းတွင် ပြည်သူအားလုံးသည် သူတို့၏ ပါဝင်ပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်နှင့် မဲပေးပိုင်ခွင့် တို့ကို ကျင့်သုံးခွင့် ရှိရန် အလွန်အရေးကြီးသည်။ ၂၀၁၀ ခုနှစ် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံသား အပြည့်ဖြစ်သူများသာ နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ရှိပြီး နိုင်ငံသား အပြည့်ဖြစ်သူများနှင့် နိုင်ငံသား ပြုခြင်းခံရသူများသည်သာ နိုင်ငံရေး ပါတီဝင် ဖြစ်ခွင့်ကို ပေးထားသည်။ ခွဲခြားဆက်ဆံမှုရှိသော နိုင်ငံသားဖြစ်မှုဥပဒေနှင့် ယင်းအပေါ် တရားလက်မဲ့ ကျင့်သုံးမှုများ၏ ရလာဒ်အဖြစ် ဖော်ပြခဲ့သော ဥပဒေသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ ရရှိရန် မလိုအပ်သော အခက်အခဲများ ကြုံရသည့် ဘာသာရေးနှင့် လူမျိုးစု လူနည်းစုအဖွဲ့ဝင်များ အထူးသဖြင့် မွတ်စလင်များအပေါ် သက်ရောက်မှုများ ရှိသည်။ ယင်းတို့သည် ရိုဟင်ဂျာများ၏ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် နိုင်ငံရေး ပါဝင်ခွင့်များကို အပြင်းထန်ဆုံး သက်ရောက်မှု ဖြစ်စေသည်။

၁၂။ ရိုဟင်ဂျာ အများစုမှာ ၂၀၁၅ ရွေးကောက်ပွဲ မတိုင်မီကပင် မဲပေးပိုင်ခွင့် မရှိပဲ မြန်မာနိုင်ငံတွင် ကျန်ရှိနေသူများမှာလည်း ယခုနှစ် ရွေးကောက်ပွဲ မတိုင်မီတွင် အများစုမှာ မဲပေးပိုင်ခွင့် မရှိပဲ ရှိနေသည်။ မြန်မာနိုင်ငံနယ်စပ်အပြင်ဘက်တွင် ဒုက္ခသည် တစ်သန်းကျော်မှာ ရွေးကောက်ပွဲတွင် ပါဂင်ခွင့် မရှိပဲ ရှိနေသည်။ အထူးကိုယ်စားလှယ်အား သက်ဆိုင်သူများက ပဋိပက္ခ သက်ရောက်မှု ဧရိယာများ အထူးသဖြင့် ရခိုင်နှင့် ချင်းပြည်နယ် တောင်ပိုင်း၊ နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မဲပေးနိုင်မည့် အခြေအနေ ရှိမရှိနှင့် ပတ်သက်၍ စိုးရိမ်ကြောင်း အကြိမ်ကြိမ် အသိပေးခဲ့ပြီး ယင်းသည် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအား အချိုးမမျှစွာ သက်ရောက်စေလိမ့်မည် ဟု ပြောဆိုကြသည်။ အစိုးရအနေဖြင့် ပြည်သူလူထု၏ ကြီးမားသော အစိတ်အပိုင်းအား နိုင်ငံရေး အခွင့်အရေးများကို ဆက်လက်ငြင်းဆို၍ မရနိုင်ပေ။ မဲပေးပိုင်ခွင့်နှင့် အားလုံးအတွက် ရွေးကောက်ပွဲဖြစ်စေရန် ဥပဒေမူဘောင်ကို ပြင်ဆင်ရမည်ဖြစ်ပြီး နိုင်ငံတဝှမ်းလုံးတွင် မဲရုံများ ဖွင့်လှစ်နိုင်ရန် အာမခံရမည်။ နေရာ တစ်စုံတစ်ခုတွင် လုံခြုံရေး စိုးရိမ်မှု ရှိပါက လူတစ်ဦးချင်း မဲပေးသည့် တခြားနည်းကို ဖြစ်စေရှာဖွေ၍ မဲဆန္ဒရှင်များအားလုံး သူတို့၏ မဲကို ထည့်ခွင့်ရစေရန် အာမခံချက်ပေးရမည်။ ရွေးကောက်ပွဲအတွင်းတွင် မဲရုံများကို လွတ်လပ်သော ဒေသခံနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများအားဖွင့်လှစ်ထားပေးပြီး လွတ်လပ်သော၊ ယုံကြည်နိုင်လောက်သော၊ မျှတသော နှင့် ငြိမ်းချမ်းသော မဲရုံများ ဖြစ်စေရန် အာမခံချက် ပေးရမည်။

## ၂။ အမုန်းစကား၊ အမျိုးသားရေးဝါဒနှင့် အများကြိုက်ဝါဒ

၁၃။ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံတွင် အထူးသဖြင့် လူမှု မီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အကြီးအကျယ် စိုးရိမ်ဖွယ်ဖြစ်နေလျက် ရှိနေသေးသော အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု၊ နှင့် အမုန်းစကားများ ကို လှုံ့ဆော်သည့် ပြောစကားများ ကိစ္စအပေါ် အကြိမ်ကြိမ် သတိပေးခဲ့ပြီး ဖြစ်သည်။ ဤအမုန်းစကားများကို ဆန့်ကျင်ရှုတ်ချရန်မှာ အစိုးရ၏ တာဝန်ဖြစ်သော်လည်း ထိုသို့ လုပ်ဆောင်နေခြင်း မရှိသေးပေ။ Facebook တွင် မှားယွင်းမှုမရှိသော ဖော်ပြချက်များကို လွှမ်းခြုံသိမ်းကျုံး တားမြစ်မှုနှင့် အလိုအလျောက် ဖြုတ်ချမှုများကို အသုံးပြုခြင်းဖြင့် အလွန်အကျွံ

ထိန်းချုပ်မှုများ လုပ်ဆောင်နေကြောင်း အထူးကိုယ်စားလှယ်အား အသိပေးချက်များ ဆက်လက်ရရှိနေသည်။ သို့ရာတွင် တချိန်တည်းမှာပင် အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် အမုန်းစကား လှုံ့ဆော်မှုဖြစ်ရပ်များ အွန်လိုင်းတွင် ထိန်းချုပ်မှု အားနည်းသော ဖြစ်ရပ်များ ရှိနေကြောင်း အစီရင်ခံမှုများ ရှိနေသည်။ "အမုန်းစကား ဆန့်ကျင်မှု ဥပဒေ" မူကြမ်းကို ပြဌာန်းရန် ပြည်ထဲရေး ဝန်ကြီးဌာနက ဦးစားပေးထားကြောင်းလည်း သတင်းရရှိထားသည်။ ကျယ်ပြန့်လွန်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော "အမုန်းစကား" ကို ဖြေရှင်းရန် နည်းလမ်းအဖြစ် ဆင်ဆာဖြတ်တောက်ခြင်းနှင့် ရာဇဝတ်ကြောင်းဆိုင်ရာ အပြစ်ပေး အရေးယူမှုများအပေါ် မှီတည်ထားခြင်းအားဖြင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဥပဒေက နောက်ထပ် ကန့်သတ်မှု ပြုမည်ကို သူမက စိုးရိမ်သည်။ ဤချဉ်းကပ်မှုသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် ကိုက်ညီခြင်းမရှိပေ။ ထိုအစား အထူးကိုယ်စားလှယ်သည် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့အား လှုံ့ဆော်ခြင်းကို ဖြစ်စေသော နိုင်ငံသားဖြစ်မှု၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး ဆိုင်ရာ အမုန်းပွားမှုများကို တားမြစ်သည့် Rabat လုပ်ငန်းအစီအစဉ်နှင့် အညီ ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ဥပဒေကို ပြဌာန်းရန် အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် အစိုးရအား ထပ်မံတောင်းဆိုလိုက်သည်။

၁၄။ အမျိုးသားရေး၊ အစွန်းရောက်မှုနှင့် အများကြိုက် ဝါဒ အခြေပြု ပြောဆိုမှုများ မြင့်တက်လာခြင်းသည် လူ့အခွင့်အရေးနှင့် တိုက်ရိုက်ဆန့်ကျင်နေပြီး လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများ အနေဖြင့် ထိုပြောဆိုမှုများက ၎င်းတို့အပေါ် အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု၊ နှင့် အမုန်းတရားများ သွေးထိုးလှုံဆော်လာမည်ကို တပြိုင်တည်း စိုးရိမ်မိသည်။ ထိုပြောဆိုချက်များသည် အရပ်ဘက် လူထု အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများကို ခြိမ်းခြောက်လျက်ရှိနေပြီး သူတို့အား မိမိဘာသာ ဆင်ဆာတည်းဖြတ်ခြင်းကို ဖြစ်စေသည်။ အစိုးရအနေဖြင့် ထိုပြောဆိုချက်များအား လူသိရှင်ကြား ဆန့်ကျင်တုန့်ပြန်ရန် တာဝန်ရှိပြီး ယင်းတို့အစား ဗဟုဝါဒ၊ သည်းခံမှုနှင့် အားလုံးပါဝင်မှုတို့ကို မြှင့်တင်ရမည်။ ဤအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ မီဒီယာနှင့် လူမှုမီဒီယာများ၏ အခန်းကဏ္ဍကို အထူးကိုယ်စားလှယ်က အသိအမှတ်ပြုပြီး ယင်းတို့အနေဖြင့် အပြုသဘော သတ်မှတ်ချက်များ၊ မတူကွဲပြားမှု နှင့် စဉ်းစားတွေးခေါ်ချက် လမ်းဖွင့်မှုများကို မြှင့်တင်ရန် ကြိုးပမ်းသင့်သည်။

## ၃။ နိုင်ငံရေး ပါသော ဖမ်းဆီးမှုများနှင့် အပြစ်ပေးအရေးယူမှုများ

၁၅။ ၂၀၂၀ ခုနှစ် ဇန္နဝါရီလရောက်ချိန်တွင် မြန်မာနိုင်ငံတွင် နိုင်ငံရေး အကျဉ်းသား ၆၄၇ ဦးရှိကြောင်း အစီရင်ခံထားသည်။ ၇၃ ဦးမှာ ထောင်ဒဏ်ကျခံနေရပြီး ၁၄၁ ဦးမှာ ထိန်းသိမ်းခံထားရပြီး အမှုရင်ဆိုင်နေရကာ ၄၃၃ ဦးမှာ ပြင်ပမှ အမှုရင်ဆိုင်နေကြရသည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရ အာဏာရချိန်မှစ၍ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ စစ်တပ်အရာရှိများက လှုပ်ရှားတက်ကြွသူများ၊ သတင်းသမားများ၊ ဘာသာရေး ခေါင်းဆောင်များ၊ အနုပညာရှင်များနှင့် နိုင်ငံရေး ပါတီဝင်များ အပါအဝင် လူပေါင်း ၉၆ ဦးကို အမျိုးမျိုးသော ဥပဒေများအောက်တွင် အသရေဖျက်မှုပေါင်း ၄၇ မှုဖြင့် စွဲဆိုထားကြောင်း အစီရင်ခံချက်များရှိသည်။ အလားတူကာလအတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် သူတို့၏ လုပ်ဖောက်ကိုင်ဖက်များက လွှတ်တော်ကိုယ်စားလှယ်များအား အသရေဖျက်မှုအတွက် လူပုဂ္ဂိုလ် ၃၇ ဦးကို တရားစွဲဆိုထားသည်။ ၂၀၁၆ မတ်လမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် သူတို့၏ ကိုယ်စားလှယ်များက ၎င်းတို့၏ တာဝန်များ လုပ်ကိုင်ဆောင်ရွက်မှုကို ဝေဖန်သည်ဟူသော စွပ်စွဲချက်ဖြင့် လူ ၃၀

အပေါ်တွင် အမှုပေါင်း ၂၂ မှုကို စွဲဆိုထားခဲ့သည်။ ဤသို့သော နိုင်ငံရေးပါသည့် အပြစ်ပေး အရေးယူမှုများကို အဆုံးသတ်ရမည်။

၁၆။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကရင်နီ လူငယ်ခြောက်ဦးကို ၂၀၁၇ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံရေး ဥပဒေ ပုဒ်မ ၈ (ဃ) အောက်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် တရားရုံးက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ သူတို့သည် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထု တည်ဆောက်ခြင်းကို ဆန့်ကျင်ခဲ့ပြီး ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့သည် နိုင်ငံရေး ရာဇဝတ်သားများဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၏ ရန်သူဖြစ်ကြောင်း ကြေညာချက် ထုတ်ခဲ့သည်ဟု သိရှိခဲ့ရသည်။ အထူးကိုယ်စားလှယ်အနေဖြင့် ထိုဖြစ်ရပ်သည် အခွင့်အရေး အများအပြားကို ချိုးဖောက်မှု ဖြစ်သည့်အပေါ် စိုးရိမ်ပြီး သူတို့အား လွှတ်ပေးရန် နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား ဖမ်းဆီးခြင်းကို ရပ်တန့်ရန် တောင်းဆိုသည်။

၁၇။ ကရင် သဘာဝပတ်ဝန်းကျင် နှင့် မြေယာအခွင့်အရေး ကာကွယ်သူ နော်အုန်းလှသည် အခြားသုံးဦးနှင့်အတူ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒ ပုဒ်မ ၁၉ အောက်တွင် နောက်တကြိမ် ထောင်တစ်လ ချမှတ်ခံရသည်ဟု အထူးကိုယ်စားလှယ်က သတင်းရရှိသည်။ ၂၀၁၉ ခုနှစ် ဧပြီလတွင် မြေယာဆုံးရှုံးမှုကို ဆန့်ကျင်ခဲ့သော ရွှေမြစန္ဒီ အိမ်ယာစီမံကိန်း ဒေသခံများနှင့် ပူးပေါင်းခဲ့ပြီးနောက် နော်အုန်းလှ အဖမ်းခံခဲ့ရသည်။ ဆန္ဒပြပွဲ ခွင့်ပြုချက် တောင်းခံလွှာတွင် သူမ၏ အမည် ပါဝင်ခြင်းမရှိကြောင်း စွပ်စွဲခံရပြီးနောက် အဖမ်းခံရခြင်းဖြစ်သည်။ ဤဥပဒေ၏ အလွန်အကျွံ ဝန်ထုပ်ဝန်ပိုးဖြစ်နေသော လိုအပ်ချက်များကို ပြင်ဆင်ရမည်၊ တရားစွဲဆိုမှုကို ရုတ်သိမ်းပြီး နော်အုန်းလှအား လွှတ်ပေးရမည်။

၁၈။ ၂၀၁၉ ခုနှစ် ဧပြီလတွင် တပ်မတော်ဟု ခေါ်သော မြန်မာ စစ်တပ်ကို သရော်လှောင်ပြောင်သည့် သရုပ်ဖော်ချက်နှင့် နောက်ပိုင်းတွင် အွန်လိုင်းတွင် ပျံ့နှံ့ခဲ့သည့် အတွက် ခွပ်ဒေါင်းမျိုးဆက် သံချပ်အဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ကေခိုင်ထွန်း၊ ဇေယျာလွင်၊ ပိုင်ဖြိုးမင်း၊ ပိုင်ရဲသီ၊ ဇော်လင်းထွဋ်၊ စုစန္ဒာမြင့်နှင့် ငြိမ်းချမ်းစိုး တို့အပေါ် တရားမျှတမှုမရှိသည့် အပြစ်ပေး အရေးယူမှုကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ ဖေဖော်ဝါရီလတွင် အဖွဲ့ဝင် သုံးဦးသည် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ) အောက်တွင် အသရေဖျက်မှုကို ကျူးလွန်ကြောင်း ဗိုလ်တထောင် မြို့နယ်တရားရုံးက ဆုံးဖြတ်ခဲ့သည်။ အဖွဲ့ဝင်လေးဦးမှာ ပုဒ်မ ၆၆ (ဃ) ဖြင့် မရမ်းကုန်းမြို့နယ် တရားရုံးက ထောင်ဒဏ်ခြောက်လ ပြစ်ဒဏ် ချမှတ်ခံရပြီး ဖြစ်သည်။ အသရေဖျက်မှု စွဲချက်များအပြင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အဖွဲ့ဝင် ခြောက်ဦးအနေဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) အရ ဗိုလ်တထောင် မြို့နယ်တရားရုံးက ထောင်ဒဏ်တစ်နှစ် ချမှတ်ခံရပြီး ငါးဦးမှာ အလားတူ စွဲဆိုမှုဖြင့် မရမ်းကုန်းရှိ အခြားတရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ဖြစ်ပြီး အနိမ့်ဆုံး ထောင်ဒဏ် ၂ နှစ် ကျခံရမည်ဖြစ်သည်။ ဇေယျာလွင်၊ ပိုင်ရဲသူနှင့် ပိုင်ဖြိုးမင်းတို့မှာ ဧရာဝတီ တိုင်းဒေသကြီးရှိ အခြားမြို့နယ် တရားရုံးတစ်ခုတွင် ပုဒ်မ ၅၀၅(ခ) ဖြင့် တရားရင်ဆိုင်နေရဆဲ ဖြစ်သည်။ အထူးကိုယ်စားလှယ်က သရော်လှောင်ပြောင်ခြင်းမှာ ရာဇဝတ်မှု မဟုတ်သည့်အတွက် သူတို့အား ချက်ချင်းလွှတ်ပေးရန် နှင့် တရားစွဲဆိုမှုအားလုံးကို ရုတ်သိမ်းရန် တောင်းဆိုသည်။ တခုတည်းသော လုပ်ဆောင်မှုအတွက် မတူညီသော မြို့နယ်တရားရုံးများတွင် လူပုဂ္ဂိုလ်များ အများအပြား

တရားရင်ဆိုင်ရခြင်းသည် တရားဥပဒေစိုးမိုးရေး ဥပဒေသများနှင့် ဆန့်ကျင်နေကြောင်း သူမက မှတ်ချက်ပြုသည်။ သူတို့အနေဖြင့် မျှတသော တရားစီရင်ခံပိုင်ခွင့်ကို ရရှိစေရမည်။

၁၉။ သတင်းစာဆရာ ဆွေဝင်း၊ ရဲနီ၊ အောင်မင်းဦး နှင့် ရဲကြည်မြင့်တို့ အားလုံးသည် သက်ဆိုင်ရာ ဆက်သွယ်ရေး ဥပဒေ၊ မတရားသင်း ဥပဒေ၊ နှင့် ရာဇသတ် ဥပဒေများ အသီးသီးအောက်တွင် တရားစွဲဆိုခြင်းကို ဆက်လက် ရင်ဆိုင်နေကြရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ရာဇသတ် ဥပဒေ ပုဒ်မ ၅၀၅(ခ) အောက်တွင် ရှေ့နေ ဦးကြီးမြင့်၊ မြန်မာ စစ်တပ် ဗိုလ်ကြီးဟောင်း နေမျိုးဇင် နှင့် ကဗျာဆရာ စောဝေတို့ကို ဧပြီလအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြင်ဆင်ရေးကို ထောက်ခံသော လူထုစုဝေးပွဲတွင် ပြုလုပ်ခဲ့သော မှတ်ချက်များအတွက် အသရေဖျက်မှုဖြင့် စစ်တပ်က တရားစွဲဆိုထားသည်။ အထူးကိုယ်စားလှယ်က ထိုလူပုဂ္ဂိုလ်များအပေါ် စွဲဆိုထားချက်များကို ရုတ်သိမ်းပေးရန် တောင်းဆိုသည်။

## ခ။ မြေယာအခွင့်အရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေး

၂၀။ အထူးကိုယ်စားလှယ် လုပ်ပိုင်ခွင့် ကာလအတွင်း မြန်မာနိုင်ငံတွင် စီးပွားရေး ဝန်းကျင်များ ထုနှင့် ထည်နှင့် ပြောင်းလဲခဲ့သည်။ အဓိက ကျသော အကြောင်းရင်းများမှာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများကို ဖွင့်လှစ်ပေးသော စီးပွားရေး လွတ်လပ်ခွင့်ပေးခြင်းနှင့် စီးပွားရေး ပိတ်ဆို့မှုများ ဖယ်ရှားခြင်းတို့ ဖြစ်သည်။ ယင်းသည် လူအများအပြားကို အကျိုးခံစားခွင့်ဖြစ်စေသည်မှာ သံသယရှိစရာ မလိုသော်လည်း ရှိနေဆဲဖြစ်သော လူ့အခွင့်အရေး ကိစ္စရပ်များကိုလည်း ပိုမို ဆိုးဝါးစေခဲ့သည်။ အစိုးရသည် စီးပွားရေး လုပ်ငန်းများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် ယင်း၏ နယ်မြေပေါ်တွင် ရှိသော ပြည်သူအားလုံး၏ လူ့အခွင့်အရေးကို ကာကွယ်ရန် တာဝန်ရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများကို အုပ်ချုပ်စီမံသော ဥပဒေမူဘောင်သည် ထိုတာဝန် ထမ်းဆောင်နိုင်မှုကို ပျက်ကွက်စေသည်။ တပြိုင်တည်းမှာပင် မြေပြင်ပေါ်ရှိ လက်တွေ့အခြေအနေများသည် ရှုတ်ထွေးမှုကို ပိုမိုအားဖြည့်ပေးနေပြီး စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးများအပေါ် သက်ရောက်နေသော ဘေးထွက်အန္တရာယ်မှာ ပိုမို တိုးများလာခဲ့သည်။

၂၁။ အထူးကိုယ်စားလှယ်သည် နိုင်ငံတလွှားရှိ အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် စက်မှု လုပ်ငန်းများ၏ ပြင်းထန်သော သက်ရောက်မှုကိုလည်း လေ့လာခဲ့သည်။ ဖြစ်ရပ်အများအပြားသည် သက်ရောက်ခြင်းခံရသော လူထုအသိုင်းအဝိုင်းများနှင့် ကြိုတင် ဆွေးနွေးအကြံယူမှု မရှိပဲ ဖြစ်ပွားခဲ့ပြီး ရလာဒ်အဖြစ် မြေယာ ဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ အဓမ္မ နေရာရွှေ့ပြောင်းမှုများ နှင့် ဆန့်ကျင်သူများအပေါ် နှောက်ယှက်ထိပါးခြင်း၊ ဖိနှိပ်ခြင်း၊ နှင့် အကြမ်းဖက်မှုများအထိပင် ဖြစ်ကြသည်။

သူမအနေဖြင့် ပိုးသတ်ဆေးများဖြင့် မြစ်များကို ညစ်ညမ်းစေသည့် မိုင်ပေါင်းများစွာ ရှည်လျားသော ရပ်ရွာပိုင် မြေများကို အသုံးပြုထားသည့် ကချင်ပြည်နယ်မှ ငှက်ပျောစိုက်ခင်းများဆီသို့ သွားရောက်ခဲ့ခြင်းကို ပြန်လည်သတိရမိသည်။ မြစ်ဆုံနှင့် သံလွင်ရေကာတာများ၊ သီလဝါနှင့် ကျောက်ဖြူ အထူးစီးပွားရေး ဇုံများ၊ လက်ပံတောင်း ကြေးနီထုတ်လုပ်ရေး၊ ရွှေကုက္ကို ကာစီနို၊ တီဂျစ် စွမ်းအင် စက်ရုံ၊ အယ်လ်ဖာ ဘိလပ်မြေစက်ရုံ၊ နှင့် မြန်မာနိုင်ငံကို ဖြတ်သန်းသွားသော ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းတို့အပေါ် ကန့်ကွက်မှုနှင့် လူထု ဆန့်ကျင်မှုများ ရှိနေခဲ့သည်။ ယင်းစီမံကိန်းများ

ဝန်းကျင်တွင် ပွင့်လင်းမြင်သာမှု နည်းပါးနေခြင်းနှင့် စီမံကိန်းများ ပိုမိုများပြားလာနေမှုက လူထုအား အစိုးရအပေါ် ယုံကြည်မှု ကျဆင်းစေပြီး ဤစီမံကိန်များမှ ၎င်းတို့အနေဖြင့် အကျိုးခံစားခွင့်ရမည့်သူများ ဖြစ်သည်ဆိုသည့်အပေါ် ယုံကြည်မှု အနည်းငယ်သာ ရှိသည်။ ဤအခြေအနေသည် အထူးသဖြင့် တိုင်းရင်းသား ပြည်နယ်များတွင် ဆက်လက်ကျန်ရှိနေသည်။ လက်ရှိအချိန်အထိ ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်ပြီး အခွင့်အရေးများကို လေးစားသော ချဉ်းကပ်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရန် အစိုးရက ပျက်ကွက်နေသေးသည်။ ဤကိစ္စကို အရေးကြီး ဦးစားပေးအဖြစ် လုပ်ဆောင်ရန် ကျန်ရှိနေသေးသည်။

## ၁။ မြေယာ အခွင့်အရေး

၂၂။ ယင်းသည် အထူးကိုယ်စားလှယ်၏ သက်တမ်းတလျှောက်လုံးတွင် ဖြစ်ပွားခဲ့သည်ဖြစ်ရာ မြေယာပိုင်ဆိုင်ခွင့် မေးခွန်းသည် မြန်မာနိုင်ငံအတွက် အရေးကြီးမှု အမြင့်မားဆုံး ကိစ္စတစ်ခုအဖြစ် ကျန်ရှိနေသည်။ မြေသိမ်းဆည်းမှု ဖြစ်ရပ်များအပေါ် ရေရှည်ရှိလာခဲ့သည့် အငြင်းပွားမှုများမှာ ယခုထိတိုင် မဖြေရှင်းနိုင်ပဲ မကြာသေးမီက ဥပဒေမူဘောင်ဖြစ်ပေါ် တိုးတက်မှုများက ပိုမိုဆိုးရွားလာစေသည်။ တချိန်တည်းမှာပင် မြေယာသိမ်းဆည်းခြင်း စွပ်စွဲချက် ဖြစ်ရပ်သစ်များကို အစီရင်ခံမှုများ ဆက်လက်ရှိနေသည်။ မြေယာသုံးစွဲပိုင်ခွင့်များကို ၂၀၁၆ ခုနှစ် အမျိုးသားမြေယာသုံးစွဲမှု မူဝါဒတွင် ဖော်ပြထားပြီး မူဝါဒနှင့် အညီ အမျိုးသား မြေယာဥပဒေကို ပြဋ္ဌာန်းရန် အကြံပြုထားသည်။ အစိုးရမှာ ထိုအကြံပြုချက်ကို ယခုတိုင် အကောင်အထည်ဖော်ခြင်း မရှိသေးပေ။

၂၃။ ၂၀၁၉ ခုနှစ် မြေယာသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေသည် လုံခြုံစွာ မြေယာအသုံးပြုပိုင်ခွင့်ကို ဘေးအန္တရာယ် ပိုဖြစ်စေသည်။ ထိုဥပဒေသည် ရှုတ်ထွေးသော မြေယာသုံးစွဲမှု လက်တွေ့အခြေအနေနှင့် မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းမှုများကို ထင်ဟပ်နိုင်ခြင်းမရှိပဲ “အများပြည်သူ၏ အကျိုး” အတွက် မြေယာများကို အစိုးရက သိမ်းယူနိုင်သည် ဟုဆိုသည့် ကျယ်ပြန့်သော ယေဘူယျ သတ်မှတ်ချက် ပါရှိနေသည်။ ယင်းသည် ၂၀၁၅ ခုနှစ် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု ဆန်းစစ်ချက် လုပ်ငန်းစဉ်တွင် ဖော်ပြထားသော မြေယာသိမ်းဆည်းခြင်း အတွက် လုပ်ထုံးလုပ်နည်းများနှင် မည်မျှကိုက်ညီသည် ဆိုသည်မှာ ရှင်းလင်းမှု မရှိပဲ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အောက်တွင် အဓမ္မသိမ်းယူမှုများကို တားမြစ်ထားချက် အပါအဝင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်လည်း ပြည့်မီခြင်း မရှိပေ။

၂၄။ မိရိုးဖလာနှင့် ရပ်ရွာပိုင် မြေယာများ အသုံးပြုမှု အခွင့်အရေးအတွက် လုံလောက်သော ဥပဒေဆိုင်ရာ ကာကွယ်မှု မရှိခြင်းကြောင့် ကုမ္ပဏီများ၊ စစ်တပ်နှင့် အခြားသူများ၏ အမြတ်ထုတ်မှုကို ခံရနိုင်ပြီး အခွင့်အရေးများကို ချိုးဖောက်နေသည်။ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ အောက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ လယ်သမား ၂၉ ဦးကို Orchard ကုမ္ပဏီက တရားစွဲဆိုခဲ့ကြောင်း အထူးကိုယ်စားလှယ်က သတင်းပေးပို့ချက်ကို ရရှိခဲ့သည်။ လယ်သမားများမှာ ၁၉၉၁ ခုနှစ်ကတည်းက ကုမ္ပဏီက သိမ်းယူထားခဲ့သည် ဆိုသော မြေပေါ်တွင် ထွန်ယက်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ် ဧပြီလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ခရီးစဉ်အတွင်း ရွာသူတစ်ဦးဖြစ်သူ စိမ့်စိမ့်စိုးမှ လယ်သမားများ၏ အမှုကို ထုတ်ဖော်တင်ပြပြီးနောက်တွင် ကုမ္ပဏီက သူမကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ

လွှတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံရေး ဥပဒေပုဒ်မ ၈ (စ) အောက်တွင် နောက်ထပ် တရားစွဲဆိုခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် လယ်သမား ၁၁ ဦးသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေအောက်တွင် ထောင်ဒဏ်များ ချမှတ်ခံခဲ့ရသည်။ အထူးကိုယ်စားလှယ်က သူတို့ကို ချက်ချင်း လွှတ်ပေးရန်နှင့် သူတို့၏ မြေယာများ ပြန်လည်ပေးအပ်ရန် သို့မဟုတ် လုံလောက်သော လျော်ကြေးငွေများ ပေးအပ်ရန် တောင်းဆိုသည်။

၂၅။ ၂၀၁၉ ခုနှစ်တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ်မှ သူတို့၏ မြေယာများကို ထွန်ယက်ကြသော လယ်သမား ၂၁ ဦးကို စစ်တပ် တပ်ဖွဲ့ဝင်တစ်ဦးက ၁၉၄၇ ခု ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေ ပုဒ်မ ၆ (၁) အောက်တွင် မမှန်မကန် လုပ်ဆောင်ကြောင်း တိုင်ကြားခဲ့သည်။ ထိုမြေမှာ လွန်ခဲ့သည့် နှစ် ၃၀ အကြာက စစ်တပ်က သိမ်းဆည်းထားခဲ့ပြီး ဖြစ်သည်ဆိုကာ ၎င်းတို့ထဲမှ လယ်သမား ဆယ့်နှစ်ဦးမှာ ရာဇသတ်ဥပဒေပုဒ်မ ၃၃၇ အောက်တွင် ရာဇဝတ်ကြောင်းဆိုင်ရာ ကျော်နင်းမှု ဖြင့် ထပ်ဆင့် တရား ရင်ဆိုင်နေကြရသည်။ ကယားပြည်နယ်အတွင်းမှာပင် လွိုင်ကော်မြို့နယ် အတွင်းတွင် စစ်တပ်တပ်ဖွဲ့ဝင် တစ်ဦးက လယ်သမား ၂၀ ဦးကို ရာဇသတ်ဥပဒေနှင့် ၁၉၃၇ ခုနှစ် ပြည်သူပိုင် ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေအောက်တွင် အမှုအမျိုးမျိုးဖြင့် စွဲဆိုထားသည်။ လယ်သမားအများအပြားသည် ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေအောက်တွင် ထိုမြေအတွက် မြေယာ သုံးစွဲခွင့် လက်မှတ်များ ရယူထားကြသော်လည်း စစ်တပ်က သူတို့သည် သိမ်းဆည်းထားသောမြေကို အသုံးပြုသည်ဟု ပြောသည်။ အထူးကိုယ်စားလှယ်က လယ်သမားများအပေါ် စွဲဆိုထားချက်များကို ရုပ်သိမ်းရန် တောင်းဆိုသည်။

၂၆။ အထူးကိုယ်စားလှယ်သည် အစိုးရအနေဖြင့် ခေတ်နောက်ပြန်ဆွဲ ဥပဒေပြုမှုများကို ရပ်တန့်ရန် ထပ်မံ ပြောဆိုသည်။ မြန်မာနိုင်ငံသည် ကျေးလက်လူထု၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် မြေယာဥပဒေများ လိုအပ်သည်။ အထူးကိုယ်စားလှယ်က မြန်မာအစိုးရအနေဖြင့် ပွင့်လင်းမြင်သာပြီး ဆွေးနွေးအကြံယူသည့် လုပ်ငန်းစဉ်မှ တဆင့် အမျိုးသား မြေယာ အသုံးပြုမှု မူဝါဒနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအပေါ် အခြေခံ၍ အမျိုးသား မြေယာဥပဒေ တစ်ရပ် ရေးဆွဲရေးကို ဦးစားပေးရန် တောင်းဆိုသည်။ ထို့နောက်တွင်မှ မြေယာသုံးစွဲမှုနှင့် သိမ်းဆည်းမှုတို့နှင့် သက်ဆိုင်သော ပိုမိုကျယ်ပြန့်သည့် ဥပဒေမူဘောင်ကို တပြေးညီဖြစ်ပြီး ရှင်းလင်းစွာ အမျိုးသား မြေယာဥပဒေ၏ အခွင့်အရေးများ ပြဋ္ဌာန်းချက်တွင် ပြင်ဆင် ထည့်သွင်းရန် ဖြစ်သည်။

## ၂။ အချက်အလက် ကာကွယ်ရေး

၂၇။ ၂၀၁၄ ခုနှစ် အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့် အစပိုင်း ကာလများတွင် မြန်မာနိုင်ငံတွင် အင်တာနက် ထိုးဖောက်ဝင်ရောက်မှုမှာ ၁ ရာခိုင်နှုန်း ဝန်းကျင်၌ရှိပြီး လက်ကိုင်ဖုန်း ထိုးဖောက်ဝင်ရောက်မှုမှာ ၅ ရာနှုန်း ရှိသည်။ ထိုအချိန်မှစ၍ ကိန်းဂဏန်းများမှာ တဟုန်ထိုးမြင့်တက်ခဲ့သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ကဏ္ဍ၌ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုသည် အခွင့်အလမ်းအများအပြားကို ဆောင်ယူလာခဲ့သော်လည်း ကြီးမားသော လူ့အခွင့်အရေး စိုးရိမ်မှုများကိုလည်း မြင့်တက်လာစေခဲ့သည်။ ယင်းစိုးရိမ်မှုများထဲမှ တစ်ခုမှာ အချက်အလက် ကာကွယ်မှုနှင် နောက်ယောင်ခံစောင့်ကြည့်ခြင်းကို စီမံအုပ်ချုပ်သည့် ဥပဒေများ မရှိခြင်း ဖြစ်သည်။ ဆက်သွယ်ရေး ဥပဒေသည် ရှင်းလင်းစွာ ပြဋ္ဌာန်းထားသည့် အကဲဖြတ်ချက်များ မပါဘဲ

ဆက်သွယ်ရေး ကုမ္ပဏီများ၏ လုပ်ဆောင်မှုများအပေါ် ကြပ်မတ်ပြီး ဝန်ဆောင်မှုများနှင့် အချက်အလက်များကို အစိုးရက အလွန်အကျွံ ကျယ်ပြန့်စွာ ထိန်းချုပ်မှုကိုလည်း ခွင့်ပြုပေးနေသည်။

၂၈။ ၂၀၁၅ ခုနှစ်တွင် အစိုးရသည် လက်ကိုင်ဖုန်းသုံးသူများအတွက် သုံးစွဲသူ ကိုယ်ရေး အချက်အလက် မဖြစ်မနေ ထည့်သွင်းရသည့် SIM ကဒ် မှတ်ပုံတင်ခြင်းကို စတင် မိတ်ဆက်ခဲ့သည်။ ဥပဒေနှင့်အညီ အချက်အလက် ကြားဖြတ်ရယူရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် လျော်ညီပြီး ရှင်းလင်းပြည့်စုံသည့် လုပ်ထုံးလုပ်နည်းများ မရှိသည့်အပြင် ယင်းကို ကြီးကြပ်ရန် လွတ်လပ်ထိရောက်သော တရားရေးစံနစ် မရှိသည့်အတွက် ယင်းကိစ္စမှာ အလွန်ပင် စိုးရိမ်ဖွယ်ဖြစ်သည်။ မဖြစ်မနေ မှတ်ပုံတင်ခြင်းသည် မှတ်ပုံတင်ထားသော လူပုဂ္ဂိုလ်များ၏ ရောက်ရှိသော နေရာအား သင့်လျော်သော အတိုင်းအတာနှင့် လိုအပ်သလောက်သာ ဆောင်ရွက်သည့် အကဲဖြတ်ချက် မလိုအပ်ဘဲ စုံစမ်းရှာဖွေနိုင်သည့် စွမ်းရည်ကို ဖေါ်ဆောင်ပေးသည်။ ယင်းသည် နောက်ယောင်ခံခြင်း၊ ဆင်ဆာတည်းဖြတ်ခြင်း၊ နိုင်ငံရေး အတိုက်အခံများကို ပစ်မှတ်ထားခြင်း၊ နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဖိနှိပ်ကန့်သတ်ခြင်းများအတွက်လည်း အသုံးပြုနိုင်သည့် အလားအလာရှိသည်။ ယင်းသည် ဘေးကင်းလုံခြုံမှု၊ အန္တရာယ်ကင်းမှု၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ နှင့် အခြားသော အခွင့်အရေးများအပေါ် ကြီးမားသော ဘေးအန္တရာယ်အဖြစ် ခြိမ်းခြောက်နေသည်။ မြန်မာအစိုးရ၏ မှတ်ပုံတင်ထားသော SIM ကဒ် သုံးစွဲသူများ၏ ဇီဝ အချက်အလက်များ သိမ်းဆည်းထားနိုင်ရန် အမျိုးသား ဒေတာဘေ့စ် စတင်တည်ထောင်ရန် အစီအစဉ်သည် နောက်ယောင်ခံမှု၊ လုံခြုံရေးဆိုင်ရာ ချိုးဖောက်မှု ဘေးအန္တရာယ် ဖြစ်နိုင်ချေ ပိုမိုမြင့်မားလာမည်ဖြစ်သည့်အတွက် နောက်ထပ် အခွင့်အရေး ချိုးဖောက်မှုများ ပိုမို ဖြစ်လာနိုင်ကြောင်း အထူးကိုယ်စားလှယ်မှ ထပ်လောင်း သတိပေးလိုက်သည်။

၂၉။ မြန်မာအစိုးရ၏ ဇီဝအချက်အလက်များ ပါဝင်မည်ဖြစ်သည့် စနစ်၏ အစိတ်အပိုင်းအဖြစ် ဒစ်ဂျစ်တယ် သက်သေခံကဒ်ပြားများ လုပ်ဆောင်ရန် အစီအစဉ် အပေါ်လည်း ထပ်မံ၍ စိုးရိမ်မိသည်။ အထူးသဖြင့် အချက်အလက် ကာကွယ်မှု ဥပဒေ မရှိသည့် အခြေအနေတွင် သတင်းအချက်အလက် မည်မျှကို အသုံးပြုမည် သိမ်းဆည်းမည်ဆိုသည့်အပေါ်တွင် ကြီးမားသော အန္တရာယ်များ ရှိနေသည်။ ထို့အပြင် ဤအစီအစဉ်များသည် ရိုဟင်ဂျာများ အပါအဝင် ဘေးဖယ်ခံထားရသည့် အုပ်စုများ၏ အခွင့်အရေးများနှင့် ဘေးကင်းလုံခြုံမှုအပေါ် များစွာ စိုးရိမ်ဖွယ် ဖြစ်စေသည်။ အထူးကိုယ်စားလှယ်သည် အားလုံးပါဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး အကြံဉာဏ်ရယူသည့် လုပ်ငန်းစဉ်မှတဆင့် မရှိမဖြစ် လိုအပ်သော အချက်အလက်ကာကွယ်မှု ဥပဒေမူဘောင် သတ်မှတ်ပြဋ္ဌာန်းပြီးသည်အထိ ဤအစီအစဉ်များကို ဆိုင်းငံ့ထားရန် အစိုးရအား အရေးပေါ် တောင်းဆိုသည်။ ပိုမို ကျယ်ကျယ်ပြန့်ပြန့် ဆိုပါက ဥပဒေစိုးမိုးရေး၊ လွတ်လပ်သော တရားစီရင်ရေးနှင့် နိုင်ငံသား ဥပဒေ ပြင်ဆင်ရေးဆွဲမှုတို့အားလုံးတို့တွင် ပုဂ္ဂိုလ်ရေး အချက်အလက်များ ကောက်ယူ သိမ်းဆည်းခြင်းသည် လူ့အခွင့်အရေးနှင့် ကိုက်ညီမှုရှိစေရန် အာမခံချက်ရှိရန် လိုအပ်သည်။ ဒစ်ဂျစ်တယ် စီမံအုပ်ချုပ်ရေး စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်သည့် ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှု ဘေးအန္တရာယ် ကြီးမားစွာ ရှိနေကြောင်း သတိရှိနေရန်နှင့် အကယ်၍ ယင်းဘေးအန္တရာယ်များသည် အလွန်ကြီးမားကြောင်း တွေ့ရှိရပါက ၎င်းတို့၏ ဝန်ဆောင်မှုများ ရောင်းချရေး လျှော့ချမှု အပါအဝင် အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှု (due diligence) ကိုပါ တင်းတင်းကြပ်ကြပ် ဆောင်ရွက်ရမည်။

## ၃။ သဘာဝ သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်း

၃၀။ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံတွင် သဘာဝ သယံဇာတ ထုတ်လုပ်မှုကြောင့် လူ့အခွင့်အရေးဆိုင်ရာ ရိုက်ခတ်မှုများနှင့်ပတ်သက်၍သော်၎င်း၊ သဘာဝပတ်ဝန်းကျင်၊ ပဋိပက္ခ၏ ပြောင်းလဲမှုတွန်းအားများ နှင့် ရပ်ရွာအသိုင်းအဝန်းများ နှင့် ပတ်သက်၍ သက်ရောက်မှုများကိုသော်၎င်း လုပ်ပိုင်ခွင့်ကာလတလျောက် အစီရင်ခံခဲ့သည်။ ပဋိပက္ခဇရိယာများအတွင်းရှိ သဘာဝ သယံဇာတ ထုတ်လုပ်မှုများအပေါ် စည်းကမ်းချမှတ်လိုက်နာစေမှုများသည် အထူး ပြဿနာရှိနေဆဲ ဖြစ်ပြီး အုပ်ချုပ်ရေး စိမ်ခေါ်မှုကို ကြီးကြီးမားမား ဖြစ်စေကြောင်း အထူးကိုယ်စားလှယ်မှ မှတ်ချက်ပြုသည်။ လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်သော အုပ်စုများအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ ကြွယ်ဝမှုအား တူးဖေါ်ထုတ်လုပ်ခြင်းကို စိတ်ဝင်စားကြသောကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများ၏ ရှုတ်ထွေးမှုကို ထပ်မံဖြည့်စွက်ပေးနေသည်။

၃၁။ နိုင်ငံတဝှမ်း တာဝန်ခံမှု မရှိသော တူးဖော်ထုတ်လုပ်မှု များကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှု အစီရင်ခံချက်များကို အထူးကိုယ်စားလှယ်မှ ဆက်လက် ရရှိနေသည်။ လူပေါင်း ၇၀ ကျော် သေဆုံးခဲ့သည်ဆိုသော ၂၀၁၉ ခုနှစ် ဩဂုတ်လ အတွင်းက မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မြေပြိုမှုမှ အသက်ရှင်ကျန်ရစ်သူများက ထိုဘေးအန္တရာယ်ကြီးသည် တာဝန်ခံမှု မရှိသော သဲတူးဖော်မှုကြောင့် ဖြစ်ရကြောင်း ပြောကြသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း ဤဆိုးရွားပြင်းထန်သော ဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ခြင်း မရှိသေးပေ။ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်းမှ တနိုင်တပိုင် လယ်သမားများမှာ ဒေသတွင်းရှိ ရွှေမှော်များ၏ သဘာဝပတ်ဝန်းကျင် သက်ရောက်မှုရလာဒ်များကြောင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အတင်းအကြပ် ရွှေ့ပြောင်းခံခဲ့ကြရသည်။ ခွင့်ပြုချက် မရှိပဲ လုပ်ကိုင်နေကြသည်ဆိုသည့် ကုမ္ပဏီများက ရွှေမှော် အညစ်အကြေးများကို အနီးရှိ ချောင်းများနှင့် မြစ်အတွင်း စွန့်ပစ်ခဲ့ကြသဖြင့် သူတို့ လယ်မြေများအတွင်း စီးဝင်ခဲ့သည်။ လယ်သမားများမှာ လျော်ကြေးရရှိခဲ့ခြင်းမရှိပဲ လုံလောက်သော စံချိန်စံညွှန်းနှင့်အညီ သူတို့၏ ရှင်သန်နေထိုင်ခွင့်ကိုလည်း ပြင်းထန်စွာ ထိခိုက်သွားခဲ့သည်။

၃၂။ မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေး မူဘောင်သည် တာဝန်ခံမှု ရှိသော သတ္တုတူးဖော်ထုတ်လုပ်ရေးကို ပံ့ပိုးခြင်း မရှိသေးပေ။ ခက်ခဲရှုတ်ထွေးမှု၊ ရိုးစင်းရှင်းလင်းမှု မရှိခြင်းနှင့် မူဝါဒများ၊ ဥပဒေများ နှင့် လုပ်ထုံးလုပ်နည်းများ အကြား တသမတ်တည်း မရှိခြင်းတို့က ဥပဒေရေးရာ မသေချာမရေရာမှုကို ဖြစ်စေသည်။ ထိုမျှသာမက အစိုးရသည် အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်များသည် တည်ရှိနေသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စည်းမျဥ်းများ စိုးမိုးမှုရှိစေရေး ပြုလုပ်ရန်ကိုပင် အရင်းအမြစ်များနှင့် နည်းပညာစွမ်းရည် အကန့်အသတ် ရှိနေသည်။ ဤအနေအထားကို ကုမ္ပဏီများက အခွင့်ကောင်းယူလျက်ရှိနေပြီး ၎င်းတို့အနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများကို လိုက်နာစေရမည်။ အထူးကိုယ်စားလည်မှ အစိုးရအနေဖြင့် တူးဖော်ထုတ်လုပ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ရေးအား ဦးစားပေးလုပ်ငန်းစဥ်အဖြစ် ရှိနေစေရေး သေချာစေရန် တိုက်တွန်းသည်။ သူမက ၂၀၁၅ ခုနှစ် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု ဆန်းစစ်ချက် နည်းလမ်းကို တစိုက်မတ်မတ်၊ ပွင့်လင်းမြင်သာမှု ရှိရှိ၊ အာဏာသက်ဝင်စေသော လိုအပ်ချက်တရပ်အဖြစ် ပြုလုပ်ပေးရန် အစိုးရကို တောင်းဆိုသည်။ ဂုဏ်သိက္ခာနှင့်အညီ သက်ရှင်နေထိုင်နိုင်မှုဘဝတစ်ခုကို ဖြစ်စေသော အခြေခံ အခွင့်အရေးများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမြင်ပေါင်းစုံကို

တွဲဖက်ယူဆောင်ပေးသော သန့်စွမ်းကျန်းမာသည့် ပတ်ဝန်းကျင်တခု ရရှိနိုင်ခွင့်ကို သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှု၏ သက်ရောက်မှုများထံမှ ကာကွယ်ပေးရမည်။

၃၃။ ဤကဏ္ဍအတွင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို မြင့်တင်ပေးသည့် အပြုသဘောဆောင်သော နည်းလမ်းများ ဖြစ်သည့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparencey Initiatives, EITI) တွင် မြန်မာနိုင်ငံ ဆက်လက်ပါဝင်နေခြင်းကို အထူးကိုယ်စားလှယ်က တောင်းဆိုသည်။ ယင်းက သတင်းအချက်အလက် ရပိုင်ခွင့်နှင့် ကုစားခွင့်တို့ အပါအဝင် အခွင့်အရေးများ ပိုမိုကျယ်ပြန့်စွာ ရရှိကျင့်သုံးနိုင်ရေးကို ပံ့ပိုးပေးလိမ့်မည်။ အကျိုးခံစားခွင့် ပိုင်ဆိုင်သူများနှင့် ထင်ရှားသည့် လူထုလုပ်ငန်းများတွင် ယုံကြည်မှု ရရှိသော သို့မဟုတ် ရရှိဘူးခဲ့သော တစ်စုံတစ်ဦးဟု EITI က ဖွင့်ဆိုသည့် တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများမှ “နိုင်ငံရေးအရ ပေါ်လွင်ထင်ရှားသော” ပုဂ္ဂိုလ်များ၏ သတင်းအချက်အလက်များကို ပိုမိုထုတ်ဖော်ရန် မကြာသေးမီက အစိုးရ၏ စတင် ကြိုးပမ်းချက်များကို သူမက ကြိုဆိုသည်။ အထူးကိုယ်စားလှယ်သည် အစိုးရအား EITI စံချိန်စံညွှန်းများနှင့် အညီ ပွင့်လင်းမြင်သာသော၊ တသမတ်တည်းဖြစ်သော နှင့် သက်ဝင်အကောင်အထည်ဖေါ်နိုင်သော အစီရင်ခံမှု လိုအပ်ချက်များကို အာမခံချက်ရှိစေရန် ကြိုးပမ်းအားထုတ်မှုများအား ဆက်လက်လုပ်ဆောင်သွားရန် တောင်းဆိုသည်။

၃၄။ အဓိကကျသော ကဏ္ဍခွဲများတွင် အားနည်းချက်များ ရှိနေသော လောင်စာဆီ နှင့် ပတ်သက်သည့် ဥပဒေမူကြမ်းအကြောင်း သတင်းအချက်အလက်များ ရရှိထားသည့်အတွက် အထူးကိုယ်စားလှယ်က စိုးရိမ်သည်။ ဥပဒေမူကြမ်းသည် မြန်မာ့ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းအနေဖြင့် ကုန်သွယ်မှုမိတ်ဖက်အဖြစ်ရော၊ စည်းမျဉ်းချမှတ်ထိန်းသိမ်းသူ အဖြစ်ပါ ကဏ္ဍဒွန့်စပ်ရပ်တွင် နေရာယူထားမှုကြောင့် ဖြစ်ပေါ်နေသည့် အကျိုးစီးပွား ပဋိပက္ခကို ဖြေရှင်းခြင်းမရှိသည့်အပြင် လက်ရှိ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အောက်ရှိ နိုင်ငံပိုင် စီးပွားရေးအဆောက်အအုံများ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များနှင့်လည်း တသမတ်တည်းမရှိလှပါ။ ဥပဒေမူကြမ်းသည် EITI အောက်တွင် မြန်မာက လိုက်နာရမည့် တာဝန်များနှင့် တသားတည်း ဖြစ်ရမည့် သတင်းအချက်အလက် ထုတ်ဖော်မှုအပေါ် သတ်မှတ်ချက်များ ထည့်သွင်းရန်လည်း ပျက်ကွက်ပြီး ပွင့်လင်းမြင်သာမှုနှင့် တာဂန်ခံမှု ကို တိုးတက်စေရန် အားထုတ်ချက်များကို ပြင်းပြင်းထန်ထန် ထိပါးစေသည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း လူများ၏ နစ်နာခံစားရမှုများကို တိုးပွားသွားရန် အန္တရာယ်ဖြစ်စေနိုင်သည့် အငြင်းပွားဖွယ်ရှိသည့် ဘဏ္ဍာငွေခွဲဝေမှု ကိစ္စကိုလည်း ၎င်းမူကြမ်းက ရည်ညွှန်းထားခြင်း မရှိပေ။ မကြာသေးမီနှစ်များက ရခိုင်ပြည်နယ်သည် အဓိကအားဖြင့် ယင်း၏ကမ်းလွန်ရေနံနှင့် သဘာဝဓါတ်ငွေ့သိုက်များကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏ တစ်စုံတရာသော အစိတ်အပိုင်းကို ရရှိထားခဲ့သည်။ သို့သော်လည်း ရခိုင် ပြည်နယ်ရှိ ဆင်းရဲမွဲတေမှုမှာ နိုင်ငံလုံးဆိုင်ရာ ပျမ်းမျှခြင်းထက် များစွာမြင့်မားနေဆဲဖြစ်သည်။ ထိရောက်သော ဝင်ငွေခွဲဝေခြင်းကို တည်ဆောက်ရန်မှာ ငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သည်။ ထို့အပြင် စီးပွားရေး။ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်အောက်တွင် အစိုးရအနေဖြင့် ခွဲခြားဆက်ဆံမှု မရှိပဲ သဘောတူညီချက်အတွင်းရှိ အခွင့်အရေးများကို အာမခံရန် တာဝန်ရှိကြောင်း အထူးကိုယ်စားလှယ်မှ အလေးအနက်ပြုပြောသည်။ ထို့အပြင်

ထိရောက်သော သာတူညီမျှမှုကို စီးပွားရေး မူဝါဒများ၊ ဘတ်ဂျက် ချထားမှုများ နှင့် အရင်းအမြစ် ခွဲဝေမှုများမှတဆင့် တိုးမြင့်စေသင့်သည်။

## ၄။ အထည်ချုပ် စက်ရုံများ

၃၅။ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြန်မာ သိုးမွေးထိုးစက်ရုံတွင်ဖြစ်ပွားခဲ့သည့် သပိတ်မှောက်မှုတွင် ပါဝင်ခဲ့မှုကြောင့် သပိတ်ခေါင်းဆောင်နှင့် အလုပ်သမားရေး လှုပ်ရှားသူ ခုနစ်ဦးကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ အောက်တွင် တရားစွဲဆိုထားခြင်းနှင့် ပတ်သက်သည့် အစီရင်ခံချက်များကို အထူးကိုယ်စားလှယ်မှ ရရှိထားသည်။ အလုပ်သမားများသည် အနိမ့်ဆုံး လုပ်ခလစာ မရရှိခြင်း၊ ခွင့်မရရှိခြင်းနှင့် အိမ်သာသွားချိန်နားခွင့် မရရှိခြင်းတို့ နောက်ပိုင်းတွင် အလုပ်သမားများက စတင်ခဲ့ကြောင်း သတင်းရရှိသည်။ အလုပ်ရှင်များက နှုတ်ဖြင့် စော်ကားခြင်း၊ လိင်ဆိုင်ရာ စော်ကားမှု ကျူးလွန်ခြင်းများလည်း ရှိသည်ဟု အချို့က ပြောသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမား ၄၀၀ ကို ရန်ကုန် တိုင်းဒေသကြီး အစိုးရရုံးများသို့ ဆန္ဒကျင်ဆန္ဒပြရာတွင် ဦးဆောင်ခဲ့သည့်အတွက် အလုပ်သမားရေး လှုပ်ရှားသူ ငါးဦးကို ဖေဖော်ဝါရီလတွင် ဒဏ်ငွေရိုက်ခဲ့သည်။ မြန်မာနိုင်ငံ၏ အထည်အလိပ် တင်ပို့မှုများ မြင့်တက်လာနေပြီး နိုင်ငံတလွှားတွင် အထည်ချုပ်စက်ရုံ အမြောက်အများကို တည်ဆောက်ရန် စီစဉ်နေကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတွင် အကြံဉာဏ်ရယူနှီးနှောသော သုံးပွင့်ဆိုင် လုပ်ငန်းစဉ်မှ တဆင့် အလုပ်သမားရေးရာ စီမံခန့်ခွဲမှုနှင့် ကာကွယ်မှုများကို အားဖြည့်ရန် အရေးကြီးကြောင်း အထူးကိုယ်စားလှယ်က အလေးအနက်ထား ပြောဆိုခဲ့သည်။

၃၆။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အောက်တွင် တရားမျှတပြီး သင့်တင့်လျောက်ပတ်သော အလုပ်ခွင်ပတ်ဝန်းကျင် အခြေအနေရပိုင်ခွင့်ကို အာမခံပေးရန် တာဝန်ရှိသည်။ ယင်းတွင် မျှတညီမျှသော လုပ်ခလစာ၊ ဘေးကင်းလုံခြုံပြီး ကျန်းမာရေးနှင့် ညီညွတ်သော အခြေအနေများ၊ တူညီသော အခွင့်အလမ်း၊ နှင့် အနားယူခြင်း၊ အလုပ်ချိန်များအပေါ် သင့်တင့်လျောက်ပတ်သော ကန့်သတ်ချက်၊ နှင့် လစာဖြင့် ကာလအလိုက်နှင့် အများပြည်သူအားလပ်ရက်များတွင် ခွင့်ရရှိမှု ခံစားခွင့်များပါဝင်သည်။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ သဘောတူညီချက် အများအပြားကိုလည်း လက်မှတ်ရေးထိုးထားပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တော်က အနိမ့်ဆုံး အသက် သတ်မှတ်ချက် သဘောတူညီချက် ၁၃၈ ကို လက်မှတ်ရေးထိုး အသက်ဝင်စေခဲ့သည်။ အလုပ်သမားများကို သူတို့၏ အခွင့်အရေးနှင့် ပတ်သက်၍ သင်ကြားပေးရမည်ဖြစ်ပြီး အစိုးရသည် လွတ်လပ်စွာ စုရုံးခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခွင့် နှင့် အလုပ်သမားများကို မြှင့်တင်ရန်နှင့် အလုပ်အခြေအနေများ တိုးတက်စေရန်အတွက် အလုပ်သမား အဖွဲ့အစည်းများနှင့် သမဂ္ဂများတွင် ပါဝင်လုပ်ဆောင်နိုင်ခွင့်များကို အကာအကွယ်ပေးရမည်။ အဓမ္မ လုပ်အား ခိုင်းစေမှုနှင့် ကလေးလုပ်အား အသုံးပြုမှု အဆိုးဆုံး ပုံစံတို့ ပပျောက်ရေးအတွက် ဆက်လက် ကြိုးပမ်းအားထုတ်သွားရမည်။ နိုင်ငံခြားနှင့် ပြည်တွင်း ကုမ္ပဏီများသည် ကုလသမဂ္ဂ၏ (လမ်းညွှန် ဥပဒေသများ) "ကာကွယ်၊ လေးစား နှင့် ကုစား" မူဘောင်ကို အကောင်အထည်ဖော်ခြင်းဖြင့် သူတို့၏ ကုန်ထုတ်ဖြန့်ဝေမှု လမ်းကြောင်းတလျောက်တွင် စီးပွားရေးနှင့် လူ့အခွင့်အရေးအပေါ် လမ်းညွှန်မူဝါဒများနှင့်အညီ လူ့အခွင့်အရေးများကို လေးစားကြောင်း အာမခံချက် ပေးရမည်။

## ၅။ အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှု (Due Deligience)

၃၇။ မြန်မာနိုင်ငံစီးပွားရေးဝန်းကျင်နှင့် ဆက်နွယ်သော လူ့အခွင့်အရေး ကိစ္စရပ်များ နှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်ဥပဒေများအပေါ် အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှု၏ အရေးကြီးမှုကို အထူးကိုယ်စားလှယ်အနေဖြင့် မီးမောင်းထိုးပြလိုသည်။ ယင်းမှာ လမ်းညွှန်မှုများနှင့်အညီ စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးအား လေးစားလိုက်နာရန် တာဝန်ရှိမှုကို အဓိပ္ပာယ်သက်ရောက်စေသော ထိရောက်သည့် အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှုမှတဆင့် ပြုလုပ်ရန်ဖြစ်သည်။

၃၈။ အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှု လုပ်ငန်းစဉ်များတွင် ပဋိပက္ခ သုံးသပ်ချက် ပြုလုပ်ခြင်း၊ သက်ရောက်မှုကို ရပ်ဆိုင်းရန် သို့မဟုတ် ကာကွယ်ရန် သင့်လျော်သည့် လုပ်ဆောင်မှု ပြုလုပ်ခြင်းနှင့် ဆိုးဝါးသက်ရောက်မှု ရှိသည့် နေရာများတွင် ပါဝင်နေပါက လက်ကျန် သက်ရောက်မှုများအား အခွင့်အလမ်းကို အသုံးပြု လျော့ချခြင်း၊ ဆိုးဝါးသက်ရောက်မှုများကို ဖြေရှင်းရန်အတွက် အရေးယူဆောင်ရွက်မှုများ လုပ်ငန်းစဉ်များ၏ ထိရောက်မှုကို စောင့်ကြည့်ခြင်းနှင့် ဖော်ထုတ်တင်ပြရန်အတွက် ဆက်လက်ဆောင်ရွက်ခြင်း၊ ဆိုးဝါးသက်ရောက်မှုများကို မည်သို့ ကိုင်တွယ် ဖြေရှင်းသည်ကို သက်ဆိုင်သူများအား ဆက်သွယ် ပြောပြခြင်း အပါအဝင် အမှန်တကယ်ရှိနေသော သို့မဟုတ် ဖြစ်လာနိုင်ချေရှိသော လူ့အခွင့်အရေးသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ ပါဝင်ရမည်။ ထိုမျှသာမက လမ်းညွှန်ဥပဒေသများနှင့် အညီ လုပ်ငန်ခွင်အဆင့် မကျေနပ်မှု တိုင်ကြားရေး ယန္တရားများကို တည်ဆောက်ခြင်းမှ တဆင့် ဆိုးဝါးသက်ရောက်မှုများကို ကုစားပြောင်းလဲပစ်ရန် အရေးကြီးသည်။[3]

၃၉။ စီးပွားရေးလုပ်ငန်းများမှ ပြုလုပ်ခြင်းကြောင့် အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆန့်ကျင်ကာကွယ်ပေးရမည်မှာ အစိုးရ၏ တာဝန်ဖြစ်သည့်အတိုင်း အထူးကိုယ်စားလှယ်သည် အစိုးရအား ဥပဒေ၊ မူဝါဒ နှင့် စီမံအုပ်ချုပ်မှု မူဘောင်များကို အားကောင်းစေခြင်းမှ တဆင့် စီးပွားရေး လုပ်ငန်းများ အကြား အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှုကို တွန်းအားပေးရန် တောင်းဆိုသည်။ ယင်းမှာ လက်ရှိ ရင်းနှီးမြှုပ်နှံမှု မူဝါဒ သုံးသပ်ချက် ၏ နောက်ခံ အနေအထားတွင်လည်း ပါဝင်သည်။ အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှုတွင် အစိုးရမှ ဦးဆောင်မှုကို ပြသရမည်။ ဥပမာ- နိုင်ငံတော်ပိုင် လုပ်ငန်းများအနေဖြင့် ပြောဆိုမှုများမှတဆင့်။ ရင်းနှီးမြှုပ်နှံသူများသည်လည်း ပါဝင်ကပြနိုင်သည့် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေပြီး သူတို့၏ သြဇာကို အသုံးပြုကာ လူ့အခွင့်အရေး မြှင့်တင်မှုများကို လုပ်ဆောင်သင့်သည်။

## ဂ။ လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်မှု အခြေအနေများ နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

၄၀။ အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်ကာလတလျှောက်လုံး သူမသည် မြန်မာနိုင်ငံတဝှမ်းရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုအခြေအနေများကို စောင့်ကြည့်ခဲ့သည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA) ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီးနောက် ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သော ပဋိပက္ခများအဆုံးသတ်နိုင်မည်ဟု အကောင်းမြင်ခဲ့သည်။ သို့သော်လည်း ထိုသဘောတူညီချက် ရေးဆွဲရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ခြင်း မရှိခဲ့ဘဲ

[3] A/73/163.

လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်နှင့် နောက်ဆက်တွဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကလည်း အဓိကကျသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့ကို ဖယ်ချန်ခဲ့သည်။ အချို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAO) ၏ နယ်မြေများဖြစ်သော ကချင်၊ ရှမ်း၊ ကရင်၊ ချင်းနှင့် ရခိုင်တို့တွင် အရပ်သားများအပေါ် အကြီးအကျယ် သက်ရောက်မှုများရှိသော ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး နိုင်ငံတကာရာဇဝတ်မှုများ လုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲကြသည်။ ၎င်းတို့ထဲတွင် NCA လက်မှတ်ထိုးထားသူများ အပါအဝင် တပ်မတော်နှင့် EAO များအကြား၊ EAO များ အချင်းချင်းကြား လက်နက်ကိုင်ပဋိပက္ခများ ပါဝင်သည်။ တပ်မတော်၏ အုပ်ချုပ်မှုအောက်တွင်ရှိသော သို့မဟုတ် မဟာမိတ်ပြုထားသော ပြည်သူ့စစ်များသည်လည်း သူမ၏လုပ်ပိုင်ခွင့်ကာလအတွင်း တိုးများလာခဲ့သည်။ [4] အမျိုးသားငြိမ်းချမ်းရေးအတွက် အလားအလာမှာလည်း မရေမရာ ဖြစ်လာသည်ကို တွေ့ရခဲ့သည်။

## ၁။ ရခိုင်နှင့် ချင်းပြည်နယ်များ

၄၁။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် အစိုးရသည် ကိုဖီအာနန် ဦးဆောင်သည့် နိုင်ငံတကာနှင့် အမျိုးသားကျွမ်းကျင်ပညာရှင်များပါဝင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် ရိုဟင်ဂျာ အဖွဲ့ဝင်များ ပါဝင်ခြင်း မရှိသောကြောင့် ဖွဲ့စည်းပုံတွင် မစုံလင်ခဲ့ပဲ ၎င်း၏လုပ်ပိုင်ခွင့်အာဏာမှာလည်း လူ့အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးရန် မပုတ်ခဲ့ပါ။ သို့ရာတွင် လူ့အခွင့်အရေးအပါအဝင် ရခိုင်လူမျိုးများ ရင်ဆိုင်နေရသော ပြဿနာများနှင့် ပတ်သက်၍ ကျယ်ပြန့်သော တွေ့ရှိချက်များပါဝင်သော အစီရင်ခံစာတစောင်ကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာ၏ အကြံပြုချက်များကို အစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံခဲ့သည်။ အစိုးရအနေဖြင့် အကြံပြုချက်အများစုကို အကောင်အထည်ဖော်ခဲ့သည်ဟုဆိုသည်။ သို့သော်လည်း အစိုးရ၏ အကောင်အထည်ဖော်ရေး ကော်မတီ အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းအရ အကြံပြုချက်များ အနက်မှ တစ်ခုမျှ အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့သည့်အပြင် အများစုမှာ လုံးဝ အကောင်အထည်ဖော်ခြင်းမရှိခဲ့သေးပါ။ ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းသည် ရခိုင်အပြည်နယ်အတွက် ရှေ့သို့ တက်လှမ်းရာလမ်းဖြစ်သည်။

၄၂။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအပေါ် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံး သတ်ဖြတ်မှုများကို ကျူးလွန်ကောင်းကျူးလွန်ခြင်း ရှိနိုင်သည်။ အထူးကိုယ်စားလှယ်အနေဖြင့် ရခိုင်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်မှုများ၊ အဓမ္မလုပ်အားခိုင်းစေခြင်း၊ ငွေညှစ်ခြင်း နှင့် ရိုဟင်ဂျာများအား လုယက်ခြင်းများသာမက အသွားအလာ ဆက်လက်၍ ကန့်သတ်ခြင်း၊ နှင့် အစားအစာ၊ အသက်မွေးဝမ်းကျောင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့အတွက် လက်လှမ်းမီမှု နည်းပါးမှုများ ရှိနေကြောင်း သတင်းအချက်အလက်များ ရရှိထားသည်။ နိုင်ငံသားဖြစ်မှုစိစစ်ရေးကဒ် (NVC) များကို ဆက်လက်ချမှတ်ထားဆဲဖြစ်ပြီး၊ ယင်းကို လက်ခံရန် ငြင်းဆန်သူများအပေါ် အသွားအလာ ကန့်သတ်ချက်များ ပိုမို ပြင်းထန်စွာ ချမှတ်ထားပြီး ရရှိထားသော လူများအပေါ်တွင်လည်း အကျိုးခံစားခွင့်များကို ကန့်သတ်ထားချက်များ ရှိသည်။

[4] နောက်ဆက်တွဲ ၃ ကိုကြည့်

၄၃။ ယခုအခါ ရခိုင်တပ်မတော် (AA) နှင့် တပ်မတော်အကြား လက်နက်ကိုင်ပဋိပက္ခများ တိုးပွားလာသည်မှာ တစ်နှစ်ကျော် ရှိလာခဲ့ပြီး၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်များစွာနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် သက်ရောက်မှု အများအပြား ရှိခဲ့သည်။ ထိုပြည်နယ်များတွင် ရေတပ်နှင့်လေတပ်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များ သိသိသာသာ တိုးချဲ့ချထားလာသည်။ ပဋိပက္ခဖြစ်နေသော အဖွဲ့များအကြား ပြင်းထန်သော တိုက်ပွဲများသည် အရပ်သားများအား ပြင်းထန်စွာထိခိုက်စေပြီး စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့ခြင်းများလည်း ရှိသည်ဟု စွပ်စွဲချက်များ ရှိသည်။ တပ်မတော်သည် ရခိုင်ပြည်နယ် တလွှား အရပ်သားများအား အထူးသဖြင့် AA ကို အမှန်တကယ်ထောက်ခံသူများ သို့မဟုတ် ထောက်ခံသည်ဟု ထင်မြင်ယူဆသူများ အထူးသဖြင့် ရခိုင်လူမျိုးများကို စနစ်တကျတိုက်ခိုက်နေခြင်းအပေါ် အထူးကိုယ်စားလှယ်က စိုးရိမ်သည်။

၄၄။ ပဋိပက္ခကြောင့် ရွှေ့ပြောင်းစခန်းများသို့ ထွက်ပြေးတိမ်းရှောင်ရသူများ ယခုအခါ (၅၈,၀၀၀) ခန့်ရှိပြီး၊ အခြားကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေး အဆောက်အအုံများတွင် ခိုလှုံသူများအပါအဝင် ရခိုင်ပြည်နယ်အနှံ့တွင် စုစုပေါင်း ၁၂၈,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု သိရသည်။ ၎င်းတို့အနက်အများစုမှာ တိုင်းရင်းသား ရခိုင်လူမျိုးများဖြစ်ပြီး ချင်းပြည်နယ်အတွင်းမှ ချင်းလူမျိုး ၁,၈၀၀ ခန့်သည် နေအိမ်များ စွန့်ခွာ ထွက်ပြေးနေရသည်။ ဇန္နဝါရီလတွင် အစိုးရတပ်မှ ခြေမြန်တပ်မ ၆၆ စစ်သားများသည် မြေပုံမြို့ ရှိ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်နေရသည့် နေရာတစ်ခု၌ စခန်းတာဝန်ခံများအား အနည်းငယ်သော အကြောင်းပြချက် သို့မဟုတ် သတိပေးခြင်း သာပြုလုပ်၍ IDPs များကို မောင်းထုတ်ရန် (သေနတ်) မိုးပေါ်ထောင်ဖောက်ခြင်းများပြုလုပ်ကာ စခန်းကို ဖျက်ဆီးခဲ့ကြောင်း သတင်းများရရှိခဲ့သည်။

၄၅။ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြေပုံနှင့် ချင်းပြည်နယ် ပလက်ဝတို့တွင် “လုံခြုံရေးလိုအပ်ချက်နှင့် အများပြည်သူအကျိုးစီးပွား” ဟုဆိုကာ မိုဘိုင်းလ် အင်တာနက် ဝန်ဆောင်မှုများ လုံးဝ ရပ်ဆိုင်းခြင်းကို ပြန်လည်ပြုလုပ်ခဲ့သည်။ ဤမြို့နယ်များသည် ၂၀၁၉ ခုနှစ်ဇွန်လမှ ဩဂုတ်လအတွင်း အင်တာနက် ပိတ်ဆို့ခံထားရပြီး ဖြစ်သည်။ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်နှင့်မင်းပြားတို့တွင် မိုဘိုင်းအင်တာနက် ဝန်ဆောင်မှုကို ၂၀၁၀ ဇွန်လမှ စ၍ အကန့်အသတ်မရှိ ရပ်ဆိုင်းထားခဲ့ပြီး ဖြစ်သည်။ ဤပိတ်သိမ်းမှုသည် လူဦးရေ ၁,၀၀၀,၀၀၀ (တစ်သန်း) ကျော်၏ အခြေခံအခွင့်အရေးများအပေါ် အကြီးအကျယ် သက်ရောက်မှုရှိသည်။ အစိုးရအနေဖြင့် ထိုသို့ အားလုံးကို လွှမ်းခြုံ၍ ပိတ်ခြင်းကို လိုအပ်ချက်အရနှင့် လိုက်လျောညီထွေစွာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကျိုးကြောင်းဆီလျော်မှု ပြနိုင်ရန် ပျက်ကွက်ခဲ့ပြီး ယင်းမှာ အားလုံးကို စုပေါင်း၍ ပြစ်ဒဏ်ခတ်သကဲ့သို့ ဖြစ်သည်။ မောင်တော်၊ ဘူးသီးတောင်၊ ရသေ့တောင် လုံခြုံရေးတပ်ဖွဲ့များသည် ဖေဖော်ဝါရီလတွင် လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးများကို တိုးမြှင့် ပြုလုပ်လာခဲ့ခြင်းကြောင့် အရပ်သားအချို့သေဆုံးပြီး ဒါဇင်နှင့်ချီ ဒဏ်ရာရခဲ့သည်ဟု အစီရင်ခံစာများရရှိသောကြောင့် အထူးကိုယ်စားလှယ်အနေဖြင့် အလွန်အမင်း စိုးရိမ်သည်။ ဘူးသီးတောင်နှင့် ရသေ့တောင် တို့သာမက ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များရှိ ထောင်ပေါင်းများစွာသော လူများသည် နေ့စဉ်နေ့တိုင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခံခဲ့ရပြီး မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့သောကြောင့် ကျေးရွာများမှ ထွက်ပြေးခဲ့ကြရသည်။ ဖေဖေါ်ဝါရီလ ၁၃ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ် ခမဝဲဟောင်ကျေးရွာမှ ခမီကလေး ၂၁ ဦး ကျောင်းအတွင်း လက်နက်ကြီး ကျရောက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည်။

၄၆။ မူလက ရှိပြီး ဖြစ်သော မောင်တော၊ ဘူးသီးတောင်နှင့်ရသေ့တောင်တို့ရှိ ညမထွက်ရ အမိန့်များကို ၂၀၁၀ ခုနှစ်၊ ဧပြီလမှ စ၍ ပဋိပက္ခဖြစ်ပွားရာ မြို့နယ်အားလုံးသို့ တင်းကျပ်စွာ တိုးချဲ့လိုက်ခြင်းဖြင့် ကျန်းမာရေးနှင့် ပညာရေး အပါအဝင် အခွင့်အရေးများ၊ သက်မွေးဝမ်းကြောင်းမှုနှင့် ဝန်ဆောင်မှုများ အပေါ် သက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန္နဝါရီလ မှစတင်၍ အစိုးရက လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ကို ကန့်သတ်ချက်များကို ချမှတ်ခဲ့ပြီး ပဋိပက္ခ အပေါ် ပိုမိုပြင်းထန်သော သက်ရောက်မှုများ တိုးပွားလာစေခဲ့သည်။

၄၇။ ကလေးများအပါအဝင် အရပ်သား အများအပြားကို သေဆုံး ဒဏ်ရာရစေခဲ့သော ပစ်မှတ် ရေရေရာရာမရှိသော ပစ်ခတ်မှုများနှင့် ရွာများအနီး တိုက်ပွဲများအကြောင်း သတင်းပေးပို့ချက် အများအပြားကိုလည်း ရရှိခဲ့သည်။ ကျေးရွာများအတွင်း လက်နက်ကြီး ကျရောက်သည့် အစီရင်ခံချက်များကိုလည်း ရရှိထားသည်။ ဒီဇင်ဘာလတွင် အစိုးရတပ်များသည် မင်းပြားမြို့နယ်၊ ဆိတ်တာရာကျေးရွာထဲသို့ ဝင်ရောက်လာပြီး သေနတ်များဖြင့် ပစ်ခတ်ခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်ဟု သတင်းများ ရရှိခဲ့သည်။ ထို့နောက် စစ်သားများက ကျေးရွာအုပ်ချုပ်ရေးမှူးအား သေသည်အထိ ရိုက်နှက်ခဲ့ကြသည်။ သွားရောက် လည်ပတ်ခဲ့သော ကျောက်မော် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အလောင်းကိုလည်း တွေ့ရှိခဲ့သည်။ ဤဖြစ်ရပ်များ အားလုံးကို အစိုးရမှ စုံစမ်းစစ်ဆေးပြီး ကျူးလွန်သူများအား တာဝန်ခံစေမှု ရှိစေရမည်။

၄၈။ AA နှင့်ဆက်စပ်သည်ဟု စွပ်စွဲချက်ဖြင့် ရခိုင်ပြည်နယ်တွင် ဖမ်းဆီးခံရသူဦးရေမှာ ၂၀၁၉ နိုဝင်ဘာလတွင် ၅၀၀ ကျော်အထိ ရောက်ရှိခဲ့သည်။ အထူးကိုယ်စားလှယ် နှိပ်စက်ညှင်းပန်းခြင်းနှင့် လူမဆန်စွာ ဂုဏ်သိက္ခာထိခိုက်စေသော ဆက်ဆံမှုများနှင့် ထိန်းသိမ်းထားစဉ်အတွင်း သေဆုံးမှုများ ၂၀၁၉ ခုနှစ်တွင် ရှိခဲ့ကြောင်း စွပ်စွဲမှုများအပေါ်တွင် စိုးရိမ်သည်။ သူမသည် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သူများအပါအဝင် AA အထက်ပိုင်း ခေါင်းဆောင်များ၏ မိသားစုဝင်များအပေါ် နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် ဖမ်းဆီးရန် ပစ်မှတ်ထားမှုများအပေါ်လည်း အလွန်စိုးရိမ်သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မြေပုံမြို့နယ်၊ တောင်ရှည် ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် ဒေသခံ အရာရှိများအား AA မှ ပြန်ပေးဆွဲသည့် အစီရင်ခံစာများကိုလည်း လက်ခံရရှိခဲ့သည်။

၄၉။ ပဋိပက္ခများ တိုးပွားလာခြင်းကြောင့် တပ်မတော်မှ ကလေးများအား ကတုတ်ကျင်းများ တူးဖော်ခြင်း၊ ခြံစည်းရိုးများခတ်ခြင်း၊ အုတ်များသယ်ဆောင်ခြင်း၊ ခြုံရှင်းခြင်းနှင့် စိုက်ပျိုးမြေများတွင် ရိတ်သိမ်းစေခြင်း စသည်တို့ အပါအဝင် တပ်မတော်က ကလေးများအား အသုံးပြုမှုမှာ သိသိသာသာ တိုးများလာစေခဲ့သည်။ အထူးကိုယ်စားလှယ်က တပ်မတော်မှ ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်းသည် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဥပဒေနှင့်ဆန့်ကျင်လျက် ရှိနေပြီး ပြစ်မှုကျူးလွန်သူများကိုတာဝန်ယူမှုရှိစေရမည်ဟု မှတ်ချက်ပြုသည်။

## ၂။ ကချင်နှင့် ရှမ်းပြည်နယ်များ

၅၀။ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သောရာဇဝတ်မှုများ ကချင်နှင့်ရှမ်းပြည်နယ်များတွင်း ၂၀၁၁ ခုနှစ်မှစ၍ ကျူးလွန်သည်ဟု စွပ်စွဲမှုများရှိသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် တပ်မတော်သည် ရှမ်းပြည်နယ်မြောက်ပိုင်းအပါအဝင် စစ်တိုင်းငါးခုတို့တွင် ယခင် ကြေညာထားသော တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးခြင်း မရှိတော့ပါ။ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊

AA နှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် တို့ပါဝင်သော မြောက်ပိုင်း မဟာမိတ် ညီနောင်များအဖွဲ့က ၎င်း၏တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို ၂၀၂၀ မတ်လ ၂၅ ရက်အထိ သက်တမ်းတိုးမည်ဟု ကြေငြာခဲ့သည်။

၅၁။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတစ်လျှောက်လုံး ကွတ်ခိုင်မြို့နယ်တွင် တပ်မတော်နှင့် TNLA အကြား၊ နမ္မတူမြို့နယ်တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ နှင့် တပ်မတော်အကြား ကြိုကြားကြိုကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာလတွင် မူဆယ်မြို့နယ်တွင် အစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၂၀၁၉ ခုနှစ်၊ သြဂုတ်လမှစပြီး ပဋိပက္ခများ အရှိန်လျော့ချသည့်ကြားမှပင် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းမှုမှာ အလွန် စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ ၂၀၁၉ ပြည့်နှစ် သြဂုတ်လမှ ၂၀၂၀ ခုနှစ် ဇန်နဝါရီလအတွင်း အရပ်သား ၇၅ ဦး ဒဏ်ရာရရှိခဲ့ပြီး၊ အစိုးရတပ်များ သို့မဟုတ် ပြည်သူ့စစ်အဖွဲ့များမှ အရပ်သား ၈၈ ဦး ကိုဖမ်းဆီးခဲ့ကာ အရပ်သား ၆ ဦး ကိုနှိပ်စက်ညှဉ်းပန်းခဲ့သည်။

## ၃။ ကရင်နှင့် မွန်ပြည်နယ်များ

၅၂။ (KNU နယ်မြေ) လုသော မြို့နယ် တွင် ၂၀၁၈ ခုနှစ်က စတင်ခဲ့သော လမ်းကို ဖောက်လုပ်ရန် တပ်မတော်၏ ဆက်လက်ကြိုးပမ်းမှုကြောင့် ကရင်ပြည်နယ်တွင် တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ယင်း၏ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) အကြားတင်းမာမှုများ ဆက်လက်ဖြစ်ပွားနေသည်။ KNU က လမ်းဖောက်လုပ်ခြင်းသည် NCA ကိုဖောက်ဖျက်ကြောင်းနှင့် တပ်မတော်သည် ၎င်း၏တပ်များကို နယ်မြေအတွင်းသို့တိုးချဲ့နေသည်ဟု KNU က ပြောဆိုသည်။ ဇန္နဝါရီလ ၉ ရက်တွင် လုသောတွင် တပ်မတော်နှင့် KNLA အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီလ အစောပိုင်းတွင် တပ်မတော်သည် လုသောကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် ရွာသား ၃၀၀ ကျော် ထွက်ပြေးမှုကို ဖြစ်စေခဲ့ရသည်။

၅၃။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် တပ်မတော်၊ ၎င်း၏မဟာမိတ် နယ်ခြားစောင့်တပ်များ နှင့် မွန်ပြည်သစ်ပါတီ (NMSP) ၏ လက်နက်ကိုင် တပ်ဖွဲ့ဖြစ်သော မွန်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (MNLA) တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး MNLA အခြေစိုက်စခန်းကို တပ်မတော်မှ သိမ်းယူခဲ့သည်။ တိုက်ပွဲများသည် ထိုင်းနယ်စပ်ရှိ ဘုရားသုံးဆူအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယခင်က နေရပ်သို့ပြန်လာခဲ့ကြသော မွန်ရွာသား ၁,၀၀၀ ကျော်သည် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ မွန်ပြည်သစ်ပါတီက ဤအပြုအမူသည် NCA ကို ချိုးဖောက်သည်ဟု ယူဆသည်။ ၂၀၁၉ ခုနှစ်ဒီဇင်ဘာ ၃ ရက်တွင် စစ်တပ်သည် MNLA အခြေစိုက်စခန်းမှ ထွက်ခွာခဲ့သော်လည်း ထိုနယ်မြေတွင်းရှိ MNLA ရှေ့တန်းစခန်းတစ်ခုကို ဆက်လက် သိမ်းပိုက်ထားခဲ့သည်။ တင်းမာမှုရှိနေခြင်းနှင့် တပ်မတော်နှင့် နီးကပ်စွာတည်ရှိမှုသည် နောက်ထပ်တိုက်ပွဲများ ဖြစ်ပွားနိုင်သည်ဆိုကာ ဒေသခံများက ကြောက်လန့်နေကြသည်။

## ၄။ မြေမြှုပ်မိုင်းများ

၅၄။ မြေမြှုပ်မိုင်းများနှင့် လက်လုပ် ပေါက်ကွဲစေနိုင်သော ကိရိယာများ (Improvised Explisive Devices, IEDs) များကို ပဋိပက္ခများ ဖြစ်ပွားနေသော အဖွဲ့များက ဆက်လက်အသုံးပြုနေကြခြင်းကြောင့် အရပ်သားများအား သေဆုံးခြင်း နှင့် သေရာပါ ဒဏ်ရာရခြင်းများ ဖြစ်စေခဲ့သည်။ ၂၀၁၉ ခုနှစ်တွင်မြေမြှုပ်မိုင်းများနှင့် IEDs များကြောင့်

အရပ်သား ၂၂ ဦး သေဆုံး သို့မဟုတ် ဒဏ်ရာရရှိခဲ့ပြီး ၂၀၂၀ ခုနှစ် ဇန္နဝါရီလ တစ်လထဲတွင် အရပ်သား ၇ ဦး သေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းများအရ သိရသည်။ ရှမ်းပြည်နယ် နမ်ဆန် မြို့သစ်မှ လူငယ်တစ်ဦးသည် ဇန္နဝါရီလ ၉ ရက်တွင် ရေခပ်သွားစဉ် မြေမြှုပ်မိုင်းကြောင့် သေဆုံးခဲ့သည်။ အထူးစုံစမ်းစစ်ဆေးရေးမှူးသည် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ခွင့်ကို ကန့်သတ်ထားသဖြင့် ဤအဖြစ်အပျက်များအား အစီရင်ခံခြင်းနည်းပါးသည်ဟု ယုံကြည်သည်။ နိုင်ငံတော်အဆင့် မိုင်းရှင်းလင်းရေး အာဏာပိုင်အဖွဲ့ တည်ထောင်ရန် အစိုးရ၏အစီအစဉ်များကို ကြိုဆိုပါသည်။ အထူးကိုယ်စားလှယ်က အစိုးရသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုအခြေခံ မိုင်းရှင်းလင်းရေး အစီအစဉ်ကို လုပ်ဆောင်သွားမည်ဟု မျှော်လင့်ပါသည်။

## ၅။ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (IDPs)

၅၅။ အစိုးရ၏ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (IDPs) အား ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးအတွက် မဟာဗျူဟာစီမံကိန်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် တွင် ချမှတ်ခဲ့သည်။ မဟာဗျူဟာသည် တာရှည်ခံသော ဖြေရှင်းနည်းများ၊ အန္တရာယ်ကင်းမဲ့မှုနှင့် ဂုဏ်သိက္ခာ၊ ဆန္ဒအလျောက်ဖြစ်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲခြင်း၊ လူ့အခွင့်အရေး အပြည့်အဝ ခံစားခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ ဘေးအန္တရာယ်မဖြစ်အောင်လုပ်ခြင်း နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား လက်လှမ်းမီစေခြင်း အပါအဝင် နိုင်ငံတကာ စံချိန်စံညွှန်းများကို ရည်ညွှန်းသည်။ အကောင်အထည်ဖော်ဆောင်မှုများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများအား လိုက်နာရန်နှင့် လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှု ရယူရန် တို့အတွက် သေချာမှုရှိစေရန် အထူးကိုယ်စားလှယ်က အစိုးရအား တောင်းဆိုလိုက်သည်။ IDPs များသည် သူတို့၏ မူလ နေရပ်ရင်း သို့မဟုတ် ရွေးချယ်ထားသော နေရာသို့ ပြန်ရန် သူတို့၏ အခွင့်အရေးများကို အသုံးပြုနိုင်ခွင့် ရှိစေရမည်။ သူမက လက်နက်ကိုင် ပဋိပက္ခ သို့မဟုတ် မြေမြှုပ်မိုင်း သက်ရောက်သော နယ်မြေများသို့ လူများ အချိန်မတန်မီ ပြန်သွားခြင်း သို့မဟုတ် နေရာထိုင်ခင်း ရယူခြင်း မရှိစေရန် နှင့် ရွှေ့ပြောင်းရသည့် အကြောင်းရင်းများကို မည်သည့် နေရပ်ပြန်ခြင်း ကိစ္စရပ် အားလုံး မတိုင်မီ ဖြေရှင်းပေးရန် အစိုးရအား တောင်းဆိုသည်။

၅၆။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ လမှစ၍ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နမ်ဆန်းယန်မှ ရွာသူရွာသား ၅၀၀ ခန့် အိမ်ပြန်လာကြသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင်တပ်မတော်နှင့် KIA အကြား ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ၎င်းတို့အနေဖြင့် ထပ်မံထွက်ပြေးတိမ်းရှောင်ရမည်ကို သိသိသာသာ ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေသည်။ မြေမြှုပ်မိုင်းများ ရှိနေဆဲဖြစ်သောကြောင့် ရွာသားများအနေဖြင့် သူတို့၏မြေများသို့သွားရောက် စိုက်ပျိုးရန် မတတ်နိုင်ကြောင်း၊ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် အနည်းငယ်သာ လက်လှမ်းမှီခဲ့ကြောင်း အထူးကိုယ်စားလှယ်အား တင်ပြခဲ့ကြသည်။

၅၇။ အထူးကိုယ်စားလှယ်သည် စစ်တွေရှိ IDP များထံ အကြိမ်ကြိမ် သွားရောက်ခဲ့ပြီး ရိုဟင်ဂျာ ၁၃၀,၀၀၀ ကျော်အား ရှစ်နှစ်နီးပါး ချုပ်နှောင်ခံခဲ့ရသော ဝမ်းနည်းဖွယ်အခြေအနေများကို မြင်တွေ့ခဲ့ရသည်။ အထူးကိုယ်စားလှယ်သည် IDP ၉၇,၀၀၀ ရှိသော ကချင်ပြည်နယ်မှ IDP များထံသို့၎င်း၊ IDP ၉,၆၀၀ ခန့် ရှိသည့် ရှမ်းပြည်နယ် IDP များထံသို့၎င်း သွားရောက်ခဲ့ပြီး ၎င်းတို့အားလုံးသည် ၂၀၁၁ ခုနှစ်ခန့် မှစ၍ ဒုက္ခသည်စခန်းများ၌ နေထိုင်ခဲ့ကြရသူများဖြစ်သည်။ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့များသည် ကချင်ပြည်နယ် EAO

များထိန်းချုပ်သောဒေသများရှိ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ ၄၀,၀၀၀ ကို ၂၀၁၆ နှစ်လယ်ပိုင်းကတည်းက စပြီး လက်လှမ်းမမီခဲ့သလို ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အစိုးရထိန်းချုပ်ဒေသများထံသို့လည်း နိုင်ငံတကာနှင့် နိုင်ငံတော်အဆင့် လူသားချင်းစာနာမှု အကူအညီများ လက်လှမ်းမီမှု အကန့်အသတ်ရှိသည်။

## ၆။ ဒုက္ခသည်များ

၅၈။ အထူး ကိုယ်စားလှယ်သည် ၂၀၁၆ အောက်တိုဘာလ ရခိုင်ပြည်နယ်အတွင်း လုံခြုံမှု စစ်ဆင်ရေးများအပြီး လူပေါင်း ၈ သောင်းလောက် ထွက်လာခဲ့သည့် နောက်ပိုင်းတွင် ကောက်စ်ဘဇားစခန်းမှ ရိုဟင်ဂျာများထံ သွားရောက်ခဲ့သည်။ ကောက်စ်ဘဇား စခန်းများတွင် ယခုအခါ ရိုဟင်ဂျာ ဒုက္ခသည် ၉၁၄,၉၉၈ ဦးရှိနေပြီး ၇၃၀,၀၀၀ မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ လုံခြုံမှု စစ်ဆင်ရေးများ အပြီးတွင် စတင်ထွက်ပြေးလာခဲ့ကြပြီး နောက်ပိုင်းတွင် ဒုက္ခသည်များ ဆက်လက်ရောက်ရှိနေသည်။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအစိုးရများမှ ပြန်လည်နေရာချထားရေး သဘောတူညီချက်ရရှိခဲ့ပြီး ပြန်လည်နေရာ ချထားရေး စတင်ရန် ကြိုးပမ်းမှုနှစ်ခု ပြုလုပ်ခဲ့သည်။ ဒုက္ခသည်များအနေဖြင့် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိရှိဖြင့် အိမ်သို့ ပြန်နိုင်သည့် အချိန်ကာလ မရောက်မချင်း သူတို့ ပြန်လိမ့်မည်မဟုတ်ကြောင်း ဒုက္ခသည်များ၏ အမြင်တွင် အခိုင်အမာ ထင်မှတ်ထားကြသည်။ မြန်မာနိုင်ငံရှိ အခြေအနေများသည် ယခုအချိန်တွင် သူတို့ပြန်လာနိုင်ရေးအတွက် အခွင့်အလမ်း မဟုတ်သကဲ့သို့ ယင်းကဲ့သို့ ဖြစ်ထွန်းရန် ကြီးမားသော ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ပေမည်။ အထူးကိုယ်စားလှယ်သည် ဘင်္ဂလားဒေ့ရှ် အစိုးရ၏ မကြာသေးမီက ထုတ်ပြန်ခဲ့သော ကြေငြာချက်ဖြစ်သည့် ရိုဟင်ဂျာ ကလေးများအတွက် မြန်မာနိုင်ငံသင်ရိုးညွှန်းတမ်းအရ လိုက်နာဆောင်ရွက်မည့် ပညာရေးအစီအစဉ်ကို စမ်းသပ်သွားမည် ဆိုသည်ကို ကြိုဆိုသည်။ သို့ရာတွင် အထူးကိုယ်စားလှယ်သည် ဒုက္ခသည်များ၏ စိုးရိမ်မှုကို ဖြစ်ပေါ်စေသည့် စခန်းများအတွင်း မကြာသေးမီက ဖြစ်ပေါ်ခဲ့သော အတားအဆီးများ နှင့် ဒုက္ခသည်များအား Bhashan Char သို့ နေရာပြောင်းရွှေ့ရန် အစီအစဉ်တို့အပေါ် စိုးရိမ်သည်။ ဒုက္ခသည်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်အားလုံးကို ကြိုတင် ရှင်းပြ အသိပေးထားမှုရှိသော သူတို့၏ အပြည့်အဝ သဘောတူညီချက်ဖြင့်သာ အကောင်အထည် ဖော်ရမည်။

၅၉။ ထိုင်းနိုင်ငံရှိ စခန်းများတွင် မြန်မာဒုက္ခသည် ၁၀၀,၀၀၀ (တစ်သိန်း) ခန့် ဆက်လက် ကျန်ရှိနေဆဲဖြစ်သည်။ အလှူရှင် ဦးစားပေးမှုများက မြန်မာနိုင်ငံ၏ အခြေအနေမှာ ဆက်လက် မတည်မငြိမ် ဖြစ်နေနိုင်သေးကြောင်း အသိအမှတ်ပြုရန် ပျက်ကွက်နေသည့်အတွက်ကြောင့် ယင်းနေရာတို့၏ အခြေအနေမှာ ယိုယွင်းလျက်ရှိနေသည်။ မြေမြှုပ်မိုင်းများ ဆက်လက်ရှိနေခြင်း၊ လက်ရှိ ဖြစ်နေဆဲနှင့် အသစ်ပြန်ဖြစ်လာသော ပဋိပက္ခ အစရှိသည်တို့က ထိုင်းနိုင်ငံရှိ ဒုက္ခသည်များ အိမ်ပြန်ခြင်းကို တားဆီးထားသည်။ ဒုက္ခသည်များက မြန်မာအစိုးရက လုပ်ဆောင်ထားသော "အကြို နိုင်ငံသား စီစစ်ရေး" (Pre-national verification) အတွက် အချက်အလက် ကောက်ယူမှုနှင့် စပ်လျဉ်း၍ ဒုက္ခသည်များက စိုးရိမ်ကြကြောင်း အထူးကိုယ်စားလှည်အား သတင်းပေးပို့ချက်များ ရှိသည်။ ယင်းသည်လည်း သူတို့အတွက် အကာအကွယ်နှင့် ကြိုတင် ရှင်းပြအသိပေးထားသော သူတို့၏ အပြည့်အဝ သဘောတူညီချက်များ မရှိပဲနှင့် မဖြစ်ရပါ။

# ၃။ နိဂုံးချုပ်နှင့် အကြံပြုချက်များ

## က။ ရှေ့ဆက်သွားရန် နည်းလမ်း

### ၁။ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲ

၆၀။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့သော်လည်း အထူးကိုယ်စားလှယ်အတွက် ၎င်းသည် အစောပိုင်းအဆင့်များ၌သာ ရှိနေသေးသည်မှာ ထင်ရှားသည်။ စစ်တပ်ကဖန်တီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နယ်နိမိတ်အတွင်းတွင် NLD ဦးဆောင်သော အစိုးရသည် အသွင်ကူးပြောင်းမှု ပိုမိုတိုးတက်စေရန်နှင့် လူ့အခွင့်အရေး အခြေအနေ တိုးတက်စေရန်အတွက် ခေါင်းဆောင်မှုကို ပြသရန်နှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အခွင့်အရေး အလုံးစုံရှိခဲ့သည်။ သို့သော်လည်း ထိုအခွင့်အလမ်းများကို ဖြုန်းတီး ပစ်လိုက်သည်။ နယ်ပယ်များစွာတွင် အထူးသဖြင့် ဒီမိုကရေစီနယ်ပယ်တွင် နောက်ပြန်လှည့်ခြင်းများ ရှိခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်း**စဉ်** ရပ်တန့်သွားခဲ့သည်၊ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွား**နေသေးသည်၊** နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်နေနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းသည် အဓိကရည်ရွယ်ချက် ဖြစ်နေသကဲ့သို့ လုပ်ငန်း**စဉ်**ကို စတင်ရန် ကြိုးပမ်းမှု အချို့ရှိသော်လည်း စစ်တပ်၏ ဆန့်ကျင်မှု ရှိနေဆဲဖြစ်သောကြောင့် ယခုကြိုးပမ်းမှုများသည် ရလဒ်များ ရရှိရန် မသေချာ မရေရာ ဖြစ်နေသည်။ အထူးကိုယ်စားလှယ်က တိုင်းပြည်သည် ဒီမိုကရေစီနှင့်ဝေးရာသို့ ဦးတည်နေမည်ကို အလေးအနက် စိုးရိမ်သည်။ သို့သော်လည်း **သူမက** လမ်းကြောင်းပြောင်းရန် သိပ်နောက်မကျလွန်းသေးဟု ယုံကြည်သည်။

၆၁။ သို့ဖြစ်၍ နိုင်ငံအား စုစည်းရန်၊ အတိတ်နှင့် အနာဂတ် ကိစ္စရပ်များ အတွက် ဆွေးနွေးမှုများနှင့် ဆွေးနွေးငြင်းခုံမှုများအတွက် ဖိုရမ်တစ်ခုဖော်ဆောင် ပေးရန်နှင့် နိုင်ငံတော် တည်ဆောက်ရေး အတွက် အမြင်တစ်ရပ်ကို ပြန်လည် အားဖြည့်ရန် အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးမှုလုပ်ငန်းကို စတင်ရန် အထူးကိုယ်စားလှယ်က အဆိုပြုထားသည်။ ပါဝင်မှုပြည့်စုံသော၊ ပူးပေါင်းမှုရှိသော၊ လူ့အခွင့်အရေးအပေါ်တွင် ခိုင်မြဲစွာ အခြေတည်သော နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးမှု ဖြစ်ရန်လိုအပ်သည်။ မြန်မာပြည်မှ အဓမ္မ ရွှေ့ပြောင်းခံ ဒုက္ခသည်များ ပါဝင်စေလျက် မြန်မာပြည် အနှံ့အပြားမှ အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များ၊ မသန်စွမ်းသူများ၊ လိင်တူချစ်သူများ၊ အရပ်ဘက်လူထုအဖွဲ့အစည်း၊ နှင့် မတူသော ဘာသာရေးနှင့် လူမျိုးအုပ်စုများမှ သူများ အစရှိသည့် သက်ဆိုင်သူများ ဤဖြစ်စဉ်တွင် ပါဝင်သင့်သည်။ **ဤ**လုပ်ငန်း**စဉ်**အပေါ် စစ်မှန်သော ဒေသခံများ၏ ပိုင်ဆိုင်ပတ်သက်မှုက အဓိက ကျသည်။ ဒေသအဆင့် ဆွေးနွေးပွဲများမှတဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်**၊** ထိုမှတဆင့် နိုင်ငံတော် အဆင့်ကို တဆင့်ချင်းသွားသင့်သည်။ ဖြစ်စဉ်တလျှောက်လုံးတွင် ပွင့်လင်းမြင်သာမှုနှင့် လူထုထိတွေ့မှုဖြင့် လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်း**စဉ်**ထက် အရပ်သားများ၏ **ကဏ္ဍ**၊ မြေယာသုံးစွဲမှု၊ အရင်းအမြစ် ဝေမျှခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေး၊ ပဋိပက္ခများ၏ တရားဝင်မှုနှင့် ဒုက္ခသည်များနှင့် ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များ ပြန်လာရေးတို့ အပါအဝင် ပိုမိုကျယ်ပြန့်သော ကိစ္စရပ်များကို ဖြေရှင်းရမည်။ ထို့အပြင် လက်ရှိဖြစ်ပေါ်နေသည့် ခွဲခြားဆက်ဆံမှုနှင့် တန်းတူမညီမျှမှု ကိစ္စရပ်များကိုလည်း ဖြေရှင်းရမည်ဖြစ်ပြီး ညီမျှမှု၊ သည်းခံမှုနှင့် ဗဟုလူ့အဖွဲ့အစည်း ပေါ်ထွန်းစေရန် နည်းလမ်းများကို ရှာဖွေရမည်။ တွေ့ဆုံဆွေးနွေးမှုသည်

နစ်နာခံစားရမှုများ၏ အကြောင်းရင်းများကို ရှာဖွေသင့်ပြီး အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်ကုစားမှုများနှင့် ပြန်လည်ပေါ်ပေါက်မှုမရှိစေခြင်းကို အာမခံမှု အစရှိသည်တို့နှင့်အညီဖြစ်သည့် အသွင်ကူးပြောင်းရေး ဆိုင်ရာ တရားမျှတမှု ယန္တရားများ အပါအဝင် ကျူးလွန်ခံရသူများအပေါ် ဗဟိုပြု ချဉ်းကပ်မှုနည်းလမ်းများကို ရှာဖွေကြည့်ရှုရမည်။ တွေ့ဆုံဆွေးနွေးမှုသည် နိုင်ငံ၏အနာဂတ်နှင့် ပတ်သက်၍ သဘောတူညီမှုကို တည်ဆောက်သင့်ပြီး ငြိမ်းချမ်းရေး နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားဥပဒေ၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အဆိုပြုချက်များ ပါဝင်နိုင်သည်။ ၎င်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆက်လက် အကောင်အထည်ဖော်ရန် ခိုင်မာသော အခြေခံအုတ်မြစ်ကို ပေးလိမ့်မည်။

## ၂။ တရားမျှတမှုနှင့် တာဝန်ခံမှု။

၆၂။ အစိုးရက ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်သည် ၎င်း၏အစီရင်ခံစာကို ၂၀၂၀၊ ဇန်နဝါရီ ၂၁ ရက်နေ့တွင် သမ္မတထံ တင်ပြခဲ့သည်။ အထူးကိုယ်စားလှယ်သည် သမ္မတရုံးမှ ထုတ်ဝေသည့် အနှစ်ချုပ်အစီရင်ခံစာနှင့် နောက်ဆက်တွဲ ၁၆-၂၈ တို့ကို ပြန်လည်သုံးသပ်ပြီး အစီရင်ခံစာအပြည့်အစုံကို လူသိရှင်ကြား ထုတ်ပြန်ရန် တောင်းဆိုချက်ကို ထပ်မံ ပြောကြားခဲ့သည်။ အစီရင်ခံစာအပြည့်အစုံ ပါဝင်ခြင်းမရှိပါက အချက်အလက် တွေ့ရှိမှုများနှင့် ဥပဒေဆိုင်ရာ ကောက်ချက်တို့ကို နားလည်ရန် မဖြစ်နိုင်ပေ။ အသုံးချနည်းစနစ်နှင့် သတင်းအချက်အလက် အများစု မှီခိုအားထားရသည့် သတင်းရင်းမြစ်များနှင့် ပတ်သက်သည့် အချက်အလက်များ မရရှိကြောင်း **သူမက** မှတ်ချက်ပြုသည်။ **သူမက** ကော်မရှင်သည် လွတ်လပ်ပြီး ဘက်မလိုက်ခြင်း ရှိမရှိကိုလည်း ဆက်လက်၍ မေးခွန်းထုတ်နေပြီး ၎င်းကော်မရှင်သည် အစိုးရက ပေးသောအချက်အလက်များနှင့် ကိန်းဂဏန်းများကိုသာ သံသယကင်းမဲ့စွာ ကိုးကားထားကြောင်း မှတ်ချက်ပြုသည်။ ၎င်းထဲတွင် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်လာသူ အရေအတွက်လည်း ပါဝင်ရာ ကုလသမဂ္ဂနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့ မှတ်တမ်းတင်ထားသော အရေအတွက်ထက် များစွာနည်းပါးသည်ကို သူမ သတိပြုမိသည်။ မုဒိမ်းမှု သို့မဟုတ် "အုပ်စုလိုက် မုဒိမ်းမှု" သက်သေ အထောက်အထား မရှိခြင်းနှင့် စစ်တပ်မှ အမျိုးသားတပ်ဖွဲ့ဝင်များ၏ ရှာဖွေမှုများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအဖြစ် ဖြစ်ပေါ်စေနိုင်သည် ဟူသော တွေ့ရှိချက်များမှာ မယုံနိုင်စရာပင် ဖြစ်သည်။ အထူးကိုယ်စားလှယ်သည် မုဒိမ်းမှုအပါအဝင် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသော ရိုဟင်ဂျာများအား တွေ့ဆုံမေးမြန်းခဲ့ခြင်းများကို ပြန်လည် အမှတ်ရမိသည်။ ရိုဟင်ဂျာများက သူတို့၏ နေအိမ်များကို ကိုယ်တိုင် မီးရှို့ခဲ့သည် ဟူသော ပြောဆိုချက်များအပါအဝင် သက်သေ အထောက်အထားမရှိသည့် ထို (အစီရင်ခံစာမှ) တွေ့ရှိချက် အမြောက်အများသည် ယခင်အကြိမ်အခါများက အစိုးရ၏ ထုတ်ပြန်ကြေညာချက်များနှင့် တူညီလျက်ရှိသည်။

၆၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နောက်ပိုင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စစ်ရာဇဝတ်မှုများ၊ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပြည်တွင်း ဥပဒေ ချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိခဲ့ပြီး တရားသူကြီးချုပ်နှင့် ရှေ့နေချုပ်များသည် ယခုအခါ နောက်ထပ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ကြားသိရသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအတွင်းတွင် စစ်ရာဇဝတ်မှုများ မရှိသည့်အတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ်များအား အပြစ်ပေးအရေးယူမှု လုပ်ဆောင်နိုင်မည်မှာ လုံးဝ သံသယဖြစ်ဖွယ် ဖြစ်သည်။ ထို့အပြင် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေအရ လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်သော ရည်ရွယ်သတ်ဖြတ်မှု (Murder)၊

စီရင်ထိုက်သည့် လူသေမှု (Homicide) နှင့်မုဒိမ်းမှုတို့ကိုသာ ရာဇဝတ်မှု အဖြစ် သတ်မှတ်ထားသောကြောင့် ဖြစ်ပျက်သမျှ လူ့အခွင့်အရေး ချိုးဖောက်မှုအလုံးစုံကို တာဝန်ယူနိုင်ရန် ပျက်ကွက်နေသည်။ အထူးကိုယ်စားလှယ်က ထိုကော်မရှင်၏ လုပ်ဆောင်ချက်သည် ကျူးလွန်သူများကို အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းဝေးစေလိမ့်မည်ကို စိုးရိမ်သည်။ ကော်မရှင်၏ အစီရင်ခံစာ အကျဉ်းချုပ်ကို စစ်မှန်သောတာဝန်ခံမှု ရှိလာသည့် ခြေလှမ်းအဖြစ် လက်ခံခြင်း မပြုရန်နှင့် အစိုးရနှင့် စစ်တပ်တို့၏ တုန့်ပြန်မှုများကို အနီးကပ် စောင့်ကြည့်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအား **သူမက** အကြံပေးသည်။

၆၄။ ၂၀၁၆ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်တွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအပေါ် တရားမျှတမှု ရရှိရေးအတွက် သိသာထင်ရှားသော တိုးတက်မှုများ နိုင်ငံတကာတွင် ရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ ရုံးတင်စစ်ဆေးမှုအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်/ မြန်မာနိုင်ငံ အခြေအနေများကို စုံစမ်းစစ်ဆေးမှုစတင်ရန် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အခွင့်အာဏာ ပေးခဲ့သည်။ ၂၀၁၀ ခုနှစ် ဇွန်လ ၁ ရက် နောက်ပိုင်း သို့မဟုတ် ဇွန် ၁ ရက်နေ့ မတိုင်မီက ဖြစ်ခဲ့ပြီး ဆက်လက်ဖြစ်**ပွားနေဆဲ**ဖြစ်သည့် စွပ်စွဲထားသော **ရာဇဝတ်မှုများ**ထဲမှ အနည်းဆုံး အစိတ်အပိုင်း တခုသည် ဘင်္ဂလားဒေ့ရှ် သို့မဟုတ် လက်မှတ်ထိုးထားသည့် အခြားနိုင်ငံတစ်ခု၏ နယ်မြေတွင် ဖြစ်ပွားနေပါက ထိုရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားလိမ့်မည်။ ထိုလုပ်ပိုင်ခွင့်သည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ဆက်စပ်သည့် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အောက်ရှိ မည်သည့်ရာဇဝတ်မှုမဆို အတွက် ဖြစ်ပြီး ရိုဟင်ဂျာများအပြင် လူပုဂ္ဂိုလ်များ သို့မဟုတ် အခြားအုပ်စုများ ပါဝင်နိုင်သည်ဟု အထူးကိုယ်စားလှယ်က မှတ်ချက်ပြုခဲ့သည်။

၆၅။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်တွင် ဂမ်ဘီယာနိုင်ငံသည် ၁၉၄၈ လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှု တားဆီးရေးနှင့် အပြစ်ပေးအရေးယူခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ချိုးဖောက်သည်ဟု စွပ်စွဲလျက် နိုင်ငံတကာ တရားရုံးတွင် အမှုဖွင့်လှစ်ခဲ့ပြီး ကြားဖြတ် အရေးယူ ဆောင်ရွက်မှု သတ်မှတ်ချက်များ ချမှတ်ပေးပါရန် တောင်းဆိုခဲ့သည်။ ကြားဖြတ်အစီအမံများနှင့် စပ်လျဉ်း၍ ကြားနာရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာကိုယ်စားလှယ်အဖြစ် တရားရုံးသို့ မိန့်ခွန်းပြောကြားခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှစ၍ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေပြီး စစ်ရာဇဝတ်မှုများ၊ အင်အားအလွန်အကျွံ အသုံးပြုခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားကောင်းဖြစ်ပွားနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းသည် အစိုးရမှ ပထမဆုံးအကြိမ် အသိအမှတ်ပြုခြင်းဖြစ်ပြီး အစောပိုင်းက ငြင်းပယ်မှုရပ်တည်ချက်များ ယခုအခါ အဆုံးသတ်သွားသဖြင့် အပြုသဘောဆောင်ပါသည်။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် တရားရုံးသည် ခိုင်လုံသည့် (prima facie) တရားစီရင်ပိုင်ခွင့်နှင့် ရပ်တည်မှုကို ရှာဖွေတွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ကြားဖြတ်ဆောင်ရွက်မှုများကို လမ်းညွှန်ခဲ့သည်။ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအား ကြားဖြတ်သတ်မှတ်ချက်များအား လိုက်နာရန် တောင်းဆိုလိုက်သည်။ **သူမက** ကနေဒါနှင့်နယ်သာလန်နိုင်ငံတို့သည် ဂမ်ဘီယာအား တရားရုံးတွင် ကူညီရန်နှင့် ထောက်ပံ့နိုင်မည့် ရွေးချယ်စရာနည်းလမ်းများအားလုံးကို အတူတကွ လေ့လာစူးစမ်းလိုကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ခြင်းအား မှတ်သားထားသည်။ မော်လ်ဒိုက်နိုင်ငံကမူ ရိုဟင်ဂျာများအား ကူညီပံ့ပိုးသည့်အနေဖြင့် ကြားဝင်ဆောင်ရွက်ရန် ကြေငြာချက် ပြုလုပ်မည်ဟု ထုတ်ပြန်ခဲ့သည်။ **သူမက** သူတို့၏ အစပျိုးလုပ်ဆောင်မှုများကို လိုက်ပါလုပ်ဆောင်ရန် အခြားနိုင်ငံများအား တိုက်တွန်းသည်။

၆၆။ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ပြုလုပ်သည်ဟု စွပ်စွဲလျက် တရားစီရင်ပိုင်ခွင့် ဥပဒေသအရ အရပ်ဖက်လူ့အဖွဲ့အစည်းများက အာဂျင်တီးနားနိုင်ငံတွင် ရာဇဝတ်မှု တိုင်ကြားချက် တင်သွင်းခဲ့သည်။ အထူးကိုယ်စားလှယ်သည် အခြားသောအမှုများကိုလည်း အသီးသီးသောနိုင်ငံများ၏ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အောက်သို့ ယူဆောင်လာရန် အားပေးသည်။ မြန်မာနိုင်ငံအပေါ် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားသည် (The Independent Investigative Mechanism on Myanmar, IIMM) ယခုအခါ သက်ဝင်လည်ပတ်နေပြီး အခြားနိုင်ငံများကိုလည်း ထိုသို့လုပ်ဆောင်ရန်အတွက် အထောက်အကူ ပေးနိုင်ပြီဖြစ်သည်။ စစ်တပ်၏ လက်ထဲတွင် ခံစားခဲ့ရသော မြန်မာနိုင်ငံရှိ ကျူးလွန်ခံရသူအားလုံးအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရန်အတွက် ပိုမိုလုပ်ဆောင်သွားရန် လိုအပ်ပြီး၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံသောယန္တရား၏ လုပ်ပိုင်ခွင့်မှာ ဤနေရာတွင် အဓိကဖြစ်သည်။ လုံခြုံရေးကောင်စီသည် တစ်စုံလုံး၏ အခြေအနေကို **နိုင်ငံတကာရာဇဝတ်မှုများဆိုင်ရာ တရားရုံး** (ICC) သို့ တင်ပြရမည် သို့မဟုတ် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်သူများကို စစ်ဆေးရန်အတွက် နိုင်ငံတကာခုံရုံး တစ်ခု ထူထောင်ရန် တောင်းဆိုသင့်သည်။

၆၇။ တရားစီရင်ရေးစနစ်၏ အဆင့်အားလုံးတွင် ထိုးဖောက်စိမ့်ဝင်လျက် ရှိသော အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်းအား အဆုံးသတ်ခြင်းမရှိပဲ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုသည် အောင်မြင်မှု မရနိုင်ပါ။ ပြစ်မှုကျူးလွန်သူများကို အပြစ်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန်အတွက် တရားစီရင်မှုစနစ်ကို ပြုပြင်ပြောင်းလဲရန်၊ လွတ်လပ်သော တရားစီရင်ရေးကို အာမခံချက်ရှိရန်၊ တာဝန်ခံမှုနှင့် ပတ်သက်၍ စနစ်တကျရှိနေသော အတားအဆီးများကို ဖယ်ရှားရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ တရားစီရင်ရေးနှင့် စုံစမ်းစစ်ဆေးရေး စွမ်းရည်ကို တည်ဆောက်ရန် လိုအပ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများအား စစ်ဘက်တရားရုံးမှ စီရင်ကြားနာခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့် ကိုက်ညီခြင်းမရှိပါ။ အယူခံဝင်နိုင်ရန် အလားအလာမရှိသည့် စစ်ဘက်ခုံရုံးများ၌သာ စစ်တပ်မှ ကျူးလွန်သော ရာဇဝတ်မှုများအပေါ် တရားစီရင်ပိုင်ခွင့်ကို ပေးထားပြီး စစ်သားများကို ၂၀၁၁ ခုနှစ်မတိုင်မီက ကျူးလွန်ခဲ့သည့် အပြုအမူများအပေါ် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရမည်။ ထို့အပြင် စစ်တပ်မှကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ပါဝင်သည့် ရာဇဝတ်မှုများကို အရပ်ဘက် တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်အောက်တွင် ကြားနာစစ်ဆေးနိုင်ရန်အတွက် တပ်မတော် အက်ဥပဒေကို ပြင်ဆင်ရမည်။ နယ်ခြားစောင့်ရဲများအပါအဝင် ရဲတပ်ဖွဲ့ဝင်များသည် ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေအောက်တွင် အကျုံးဝင်လျက် ရှိနေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်သည့် ရဲများ၏ ရာဇဝတ်မှုများအား အရပ်ဘက်တရားရုံးများ၏ ထိန်းချုပ်မှုအောက်တွင်ရှိစေရန် ယင်းဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲရန် လိုအပ်သည်။ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုန်းသတ်ဖြတ်မှုများ အပါအဝင် နိုင်ငံတကာရာဇဝတ်မှုများကို ပြည်တွင်းရာဇဝတ်ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။ ပြန်လည်အစားထိုးပေးခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စိတ်ကျေနပ်မှုဖြစ်စေခြင်းနှင့် ပြန်လည်ဖြစ်ပွားခြင်းမရှိစေရန် အာမခံခြင်း တို့အပါအဝင် လူ့အခွင့်အရေး

ချိုးဖောက်ခံရသူများကို ပြည့်စုံပြီး ထိရောက်သော ပြန်လည်ကုစားမှုတစ်ခုအတွက် ဖြည့်စွမ်းနိုင်သော ကုသမှုတရပ် ဖြစ်လာစေရန် တရားရေးစံနစ်ကို ပြုပြင်ပြောင်းလဲ ရမည်။

## ၃။ အခွင့်အရေးများ ကာကွယ်ရန် တရားဥပဒေစိုးမိုးရေး၊ ပြုပြင်ပြောင်းလဲရေးနှင့် စွမ်းရည်မြှင့်တင်ခြင်း

၆၈။ တရားဥပဒေစိုးမိုးမှုသည် NLD ၏ ဦးစားပေးလုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး ဒီမိုကရေစီကို ပိုမိုခိုင်မာအောင် ပြုလုပ်ရာတွင် အဓိကဖြစ်သော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။ မျှတသော တရားစီရင်ခွင့်ကို ခံစားပိုင်ခွင့်ရှိသည့် လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို ပုံမှန်ချိုးဖောက်လျက်ရှိသော တရားစီရင်မှုများနှင့် ရှုန့်ရင်းကြမ်းတမ်းပြီး လွဲမှားပျက်စီးနေသော တရားစီရင်ရေးစနစ်၏ အမှုများက ၎င်းကို ပြသလျက်ရှိသည်။ အထူးကိုယ်စားလှယ်အနေဖြင့် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ် အင်းဒင်၌ အစုအပြုံလိုက် သတ်ဖြတ်မှုကို ဖော်ထုတ်ခဲ့သော ရိုက်တာသတင်းထောက် ဝလုံးနှင့် ကျော်စိုးဦးတို့အား ၁၉၂၃ ခုနှစ် တရားဝင်လျှို့ဝှက်ချက်များ အက်ဥပဒေအရ အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်ကို ပြန်လည်သတိရသည်။ သူမ၏ လုပ်ပိုင်ခွင့် သက်တမ်းတလျှောက်လုံးတွင် အထူးကိုယ်စားလှယ်သည် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စေနိုင်သည့် ဥပဒေများကို ပြင်ဆင်ရန် အကြံပြုခဲ့သည်။ ၎င်းတွင် သူမ အဆိုပြုထားသော ပူးတွဲအခြေခံစံနှုန်းများမှာပင် ရည်ညွှန်းထားသည့် မဆုံးနိုင်အောင် များပြားလှသည့် ဥပဒေပြုစာရင်းတခုအား သူမ၏အစီရင်ခံစာ A/HRC/31/71 ၏ နောက်ဆက်တွဲတခုအဖြစ် ဖေါ်ပြထားသည်။ သူဖော်ပြထားသည့် ပြဋ္ဌာန်းချက်အနည်းငယ်ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်ခဲ့သော်လည်း ဥပဒေပြုရေး ပြန်လည်သုံးသပ်ခြင်းနှင့် ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု အားနည်းနေဆဲဖြစ်သည်။ ပတ်သက်ဆက်နွယ်သူများနှင့် လုံလောက်သော တိုင်ပင်ဆွေးနွေးမှုများ ရှိစေရေးအတွက် အာမခံချက်ရှိစေရန် ဥပဒေပြုရေးဆိုင်ရာ မူကြမ်းရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် စနစ်တကျ တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို ဖော်ထုတ်သင့်သည်။

၆၉။ နိုင်ငံသားဖြစ်မှု ဥပဒေကို အရေးတကြီးပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်။ ၎င်းသည် ခွဲခြားဆက်ဆံမှုများကို ဆက်လက်ကျင့်သုံးနေပြီး ရလဒ်အနေဖြင့် ရခိုင်ပြည်နယ် ပြင်ပရှိ မွတ်စလင်များမှာ နိုင်ငံမဲ့ဖြစ်လာနိုင်ခြင်းအပေါ် စိုးရိမ်မှုများ တိုးများလာနေသည်။ နိုင်ငံသားစီစစ်ရေး လုပ်ငန်းစဉ်သည် ဥပဒေအခြေခံ ကင်းမဲ့ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် အစိုးရ၏ ကိန်းဂဏန်းများအရ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ နိုင်ငံသားဖြစ်မှုရလာဒ် ရရှိစေခြင်းအထိ အသိအမှတ်ပြုထားခြင်း မရှိသည့်အတွက် ယင်းကို ရပ်ဆိုင်းရမည်။ အထူးကိုယ်စားလှယ်သည် ဟိန္ဒူဘာသာဝင်များနှင့် အခြားဘာသာရေးလူနည်းစုများအား NVCs ကတ်များထုတ်ပေးခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိခဲ့ခြင်းအပေါ် စိုးရိမ်သည်။ မြန်မာနိုင်ငံ လူ့ဘောင်အဖွဲ့အစည်းကို နိုင်ငံသားဖြစ်မှု အဆင့်အတန်း အနိမ့်အမြင့်ပေါ်တွင် အခြေခံထားခြင်း မဟုတ်ဘဲ တန်းတူညီမျှမှုကို အခြေခံရမည်။ နိုင်ငံသား ဖြစ်မှုနှင့် “အမျိုးသားလူမျိုးစုဝင်” ဖြစ်ခြင်းတို့အကြား ဆက်စပ်ထားမှုကို ဖယ်ရှားရမည့်အပြင် မတူကွဲပြားခြားနားမှု၏ အကျိုးကျေးဇူးများကို အသိအမှတ်ပြုရမည်။

၇၀။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး အဆိုပြုထားသော ဥပဒေကို လွှတ်တော်သို့ တင်ပြခဲ့သည်။ အထူး ကိုယ်စားလှယ်က ၎င်းတွင်ပါဝင်သည့် အကြောင်းအရာတချို့နှင့် ပတ်သက်သည့် ပြဿနာများကို ထပ်တလဲလဲ တင်ပြခဲ့သည်။

နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ် အောက်တွင် မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရားများကို အပြည့်အဝ လိုက်နာသင့်သည်။ အထူးသဖြင့် လိင်အကြမ်းဖက်မှု ပုံစံအားလုံးကို ရာဇဝတ်မှု သတ်မှတ်ချက်အတွင်း ထည့်သွင်းရမည်။ ကလေးအခွင့်အရေး ဥပဒေအတွက် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲနေကြောင်း အထူးကိုယ်စားလှယ်က သတင်းရရှိသည်။ ယင်းကို အလျင်အမြန် ဖြစ်ထွန်းတိုးတက်ရန် လိုသည်။ ခွဲခြားဆက်ဆံမှု မရှိခြင်း လမ်းညွှန် ဥပဒေသများနှင့် ကလေးအတွက် အကောင်းဆုံးအကျိုးစီးပွားများသည် ကျန်းမာရေး နှင့် ပညာရေး စောင့်ရှောက်မှုများ လက်လမ်းမီ ရရှိစေရန် အထူးသဖြင့် အရေးကြီးသည်။

၇၁။ အထူးကိုယ်စားလှယ်က တိုင်းပြည်ကို ရှေ့သို့ လှမ်းတက်ရန်အတွက် ပြုပြင်ပြောင်းလဲခြင်း၊ စွမ်းရည် မြင့်တက်ခြင်း၊ နှင့် ခေတ်မီစေခြင်းတို့သည် အခွင့်အရေးများကို ကာကွယ်ရန်အတွက် မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုအဆင့်တိုင်းတွင် လိုအပ်သည်ကို လေ့လာမိသည်။ လူတိုင်းအတွက် အခွင့်အရေးများ အာမခံချက်ရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရမည်။ ၎င်းတွင် "အများပြည်သူ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး" ကဲ့သို့သော တိကျမှု မရှိသည့် မရေရာသော နိုင်ငံတကာ ဥပဒေများနှင့် မကိုက်ညီသည့် ကန့်သတ်ချက်များ မပါရှိသင့်ပါ။ ထို့အပြင် အစိုးရအဖွဲ့ တစ်ခုလုံးနှင့် လုံခြုံရေး တပ်ဖွဲ့များအားလုံးသည် အရပ်သား ထိန်းချုပ်မှု အောက်တွင် ရှိရမည်။ ၂၀၁၉ ခုနှစ်တွင် အထွေထွေအုပ်ချုပ်ရေးဌာနကို အရပ်သား ထိန်းချုပ်မှုအောက်သို့ ရွှေ့ပြောင်းခဲ့သည့် တိုးတက်လုပ်ဆောင်မှုကို **သူမက** မှတ်သားမိသည်။

၇၂။ အစိုးရသည် ခွဲခြားဆက်ဆံမှုမရှိဘဲ နိုင်ငံအတွင်းရှိ ပြည်သူများကို ဝန်ဆောင်မှုပေးရန် စွမ်းဆောင်ရည်နှင့် အရည်အချင်းရှိသောခေတ်မီအဖွဲ့အစည်းများကို ဖန်တီးရန် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အတူ ဆက်လက်လုပ်ဆောင်ရမည်။ ၎င်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပါရီ အခြေခံမှုများနှင့်အညီ ဖြစ်လာစေရန်နှင့် လူ့အခွင့်အရေးကို အမှန်တကယ် အားပေးအားမြှောက်ပြုသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲခြင်း လည်း ပါဝင်သည်။ မကြာသေးမီက ခန့်အပ်လိုက်သည့် ကော်မရှင် အဖွဲ့ဝင်များနှင့် ပတ်သက်၍ အထူးကိုယ်စားလှယ်သည် စိတ်နှလုံး မသာမယာ ဖြစ်ရသည်။ ကော်မရှင် အသစ်တွင် အမျိုးသမီး လေးဦး ပါဝင်လာသည့်အတွက် ယခင် ကထက်စာလျှင် အမျိုးသမီး သုံးဦး ပိုမိုလာသည်။ သို့ရာတွင် ရာထူးခန့်ထားရာတွင် ပွင့်လင်းမြင်သာမှု မရှိပေ။ ဘာသာရေး သို့မဟုတ် တိုင်းရင်းသား ကွဲပြားခြားနားစွာ ပါဝင်မှု မရှိပေ။ အရပ်ဘက် လူထုလူ့အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ပါဝင်ခြင်းမရှိပေ။ ကော်မရှင်အဖွဲ့ဝင်များအားလုံးသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်လျက် စစ်တပ်နှင့် ဆက်နွယ်နေသော ယခင်က အစိုးရ ဝန်ထမ်းဟောင်းများသာ ဖြစ်ကြသည်။ ယင်းသည် လူ့အခွင့်အရေးအား ရှေ့သို့လှမ်းဆင့်ရာတွင် ပြင်းပြင်းထန်ထန် နောက်ဆုတ်သွားခြင်းကို ဖော်ပြနေသည်။

၄။ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် ယန္တရားများ

၇၃။ မြန်မာနိုင်ငံသည် ကျန်ရှိနေသေးသော နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်ဖြစ်ပြီး ထိုအခွင့်အရေးများကို ဥပဒေများ၊ မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများတွင် ထည့်သွင်းရမည်ဖြစ်သည်။ အဖွဲ့ဝင်ဖြစ်ပြီးဖြစ်သော စာချုပ်များအရ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကိုလည်း အလားတူ ထည့်သွင်းရမည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းမှုကို

ဆက်လက်ဖြစ်ပေါ်စေရန်နှင့် နှစ်ရှည်လများ ကြုံတွေ့နေရသော ပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်**ကြဉ်း**ပေးနိုင်လိမ့်မည်။ လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ထုံးလုပ်နည်းများ၊ လူ့အခွင့်အရေးအခြေအနေပုံမှန် ပြန်လည်သုံးသပ်ခြင်း (Universal Periodic Review) နှင့် စာချုပ်အဖွဲ့ဝင်နိုင်ငံများ နှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးများ အပါအဝင် လူ့အခွင့်အရေး ယန္တရားများအားလုံးနှင့် ထိတွေ့ခြင်းသည် မြန်မာနိုင်ငံကို မရှိမဖြစ်လိုအပ်သော လမ်းညွှန်မှုနှင့် ပံ့ပိုးမှုများကို ရရှိစေလိမ့်မည်။ မြန်မာနိုင်ငံသည် လိုက်နာလုပ်ဆောင်ရမည်ဖြစ်သော မကြာမီ ကြုံတွေ့လာတော့မည့် ထူးခြားသည့် အစီရင်ခံရန် တာဝန်ဝတ္တရား များစွာ ရှိနေသည်ကို အထူးကိုယ်စားလှယ်က မှတ်ချက်ပြုသည်။

## ၄။ အကြံပြုချက်များ

၇၄။ အထူးကိုယ်စားလှယ်သည် သူယခင်က ပြုလုပ်ခဲ့သည့် အကောင်အထည်ဖော်ခြင်း မရှိသေးသော အကြံပြုချက်များကို ပြန်လည်အမှတ်ရပြီး ယင်းတို့ကို အကောင်အထည်ဖော်ရန် တောင်းဆိုသည်။ **သူမက** အကြောင်းအရာအလိုက် ကိစ္စရပ်များ အပေါ် အစီရင်ခံခြင်းနှင့် သက်ဆိုင်သည့် အထူးအကြံပြုချက်များကိုသာမက ရှေ့ဆက်ခရီးတွင် အစိုးရကို အထောက်အကူဖြစ်စေမည့် အောက်ပါ အကြံပြုချက်များကိုလည်း တင်ပြလိုက်သည်။

(က) ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဆက်လက်သွားနိုင်ရန်အတွက် အခြေခံအုတ်မြစ်ကိုတည်ဆောက်နိုင်ရန် အပြည့်အစုံပါဝင်**မှုရှိ**သော၊ ကိုယ်စီပါဝင်သော နှင့် လူ့အခွင့်အရေးများအပေါ် အခြေခံထားသော ဒေသခံအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော် အဆင့်များ အလိုက် နိုင်ငံတဝှမ်းမှ ပတ်သက်ဆက်နွယ်သူ အမျိုးမျိုး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးမှုကို **စီစဉ်** ကျင်းပရန်။

(ခ) လူ့အခွင့်အရေးဆိုင်ရာ အဓိကကျသော သဘောတူစာချုပ်များအားလုံးကို လက်မှတ်ရေးထိုး အတည်ပြုရန်။ အချိန်နှင့် တပြေးညီ စာချုပ်အဖွဲ့အစည်းများကို အစီရင်ခံခြင်း၊ ပုံမှန် သုံးသပ်ချက် လုပ်ငန်း**စဉ်** လုပ်ဆောင်ခြင်းနှင့် အထူး လုပ်ထုံးလုပ်နည်း လုပ်ပိုင်ခွင့်များ အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး **ယန္တရား**များနှင့် အပြည့်အဝ ထိတွေ့လုပ်ဆောင်ရန်။

(ဂ) လုပ်ပိုင်ခွင့်အပြည့်အဝရှိသော လူ့အခွင့်အရေး မဟာမင်းကြီးရုံးတစ်ခုကို ဖွင့်လှစ်ရန်။

(ဃ) နောင်လာမည့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်ဆိုသော ကြေညာချက်ဖြင့် လိုက်ပါဆောင်ရွက်ရန်။

၇၅။ **ဒီမိုကရေစီနည်းကျ အဝန်းအဝိုင်း**နှင့် ပတ်သက်၍ အစိုးရသို့ -

(က) ရွေးကောက်ပွဲ မတိုင်မီကာလတွင် လူထု အသိုင်းအဝိုင်းများအားလုံး အတွင်းတွင် လွတ်လပ်ပွင့်လင်းသော ဆွေးနွေးငြင်းခုန်မှုများအတွက် နေရာများ ချဲ့ထွင်ရန်။ မဲပေးပိုင်ခွင့်ရှိသူ အားလုံး အထူးသဖြင့် ပဋိပက္ခသက်ရောက်မှုရှိသော ပြည်နယ်များတွင် သူတို့အခွင့်အရေးကို ကျင့်သုံးနိုင်ခွင့်ရှိစေရန်။ ရိုဟင်ဂျာများ၏ မဲပေးခွင့်ကို ပြန်ပေးရန်။

ရွေးကောက်ပွဲများသည် ပွင့်လင်းမြင်သာမှု၊ အပြည့်အစုံ ပါဝင်မှု၊ ကိုယ်စီပါဝင်လုပ်ဆောင်မှု၊ လွတ်လပ်ပြီး မျှတမှုနှင့် ဒေသခံနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများအား တံခါးဖွင့်ပေးမှု ရှိစေရန် အာမခံချက်ရှိစေရန်။

(ခ) "အမုန်းတရား ဆန့်ကျင်ရေး ဥပဒေမူကြမ်း" ကို ပြန်လည် ရုတ်သိမ်းပြီး ထိရောက်သည့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ဥပဒေအတွက် ကျယ်ပြန့်သည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ ပတ်သက်သက်ဆိုင်သူများဖြင့် ပွင့်လင်းသော ဆွေးနွေးအကြံပြုမှုကို ဖွင့်ပေးရန်။ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့အား လှုံ့ဆော်ခြင်းကို ဖြစ်စေသော နိုင်ငံသားဖြစ်မှု၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး ဆိုင်ရာ အမုန်းပွားမှုများကို တားမြစ်သည့် Rabat လုပ်ငန်းအစီအစဉ်နှင့် အညီ အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် အမုန်းတရားများကို လှုံ့ဆော်မှုများကို တိုက်ဖျက်ရန် ကျယ်ပြန့်သော အပြုသဘောဆောင်သည့် လုပ်ငန်းများကို လုပ်ဆောင်ရန်။

(ဂ) အမျိုးသားရေး၊ အစွန်းရောက်ဝါဒနှင့် အများကြိုက်မူဝါဒ ပြောဆိုချက်များကို လူသိရှင်ကြား ဆန့်ကျင်ပြီး ဗဟုဝါဒ၊ သည်းခံမှုနှင့် အားလုံးပါဝင်မှုကို မြှင့်တင်ရန်။

(ဃ) နိုင်ငံရေး အကျဉ်းသားအားလုံးကို လွှတ်ပေးပြီး သူတို့အား ကုစားမှုနှင့် ပြန်လည်ပြုစုပျိုးထောင်မှုများ ပေးရန်။ တရားဝင် ဖော်ထုတ်မှုများနှင့် ဒီမိုကရေစီကျသော လှုပ်ရှားမှုများအပေါ် လူပုဂ္ဂိုလ်များအား တရားစွဲဆိုထားချက်အားလုံး ကို ရုတ်သိမ်းရန်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာ စုဝေး ဖွဲ့စည်းခွင့်များကို ဆန့်ကျင်သည့် နိုင်ငံရေးပါသည့် တရားစွဲဆိုမှု အားလုံးကို ရပ်ဆိုင်းရန်။

၇၆။ မြေယာအခွင့်အရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးများနှင့် ပတ်သက်၍ အစိုးရသို့-

(က) အများပိုင်မြေနှင့် ဓလေ့ထုံးတမ်းအရ မြေယာများအား အသုံးပြုသူများနှင့် ပဋိပက္ခကြောင့် **ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ** အတွက် မြေပိုင်ဆိုင်မှု အခွင့်အရေးများကို အသိအမှတ်ပြု ကာကွယ်ရန်။ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆွေးနွေးတိုင်ပင်ခြင်းနှင့် လုံလောက်သော လျော်ကြေးပေးခြင်းမရှိပဲ အတင်းအကျပ် နှင်ထုတ်ခြင်းနှင့် မြေယာသိမ်းဆည်းခြင်းများကို ရပ်ဆိုင်းရန်။

(ခ) ပွင့်လင်းမြင်သာမှုရှိပြီး ညှိနှိုင်းတိုင်ပင်ရေးဆွဲသည့် မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ် လုပ်ဆောင်ပြီး အမျိုးသားမြေအသုံးချမှုမူဝါဒ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ အစရှိသည်တို့၏ စံချိန်စံညွှန်းများနှင့်အညီ အမျိုးသားမြေယာဥပဒေကို ပြဋ္ဌာန်းရန်။ ၎င်းနောက်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများကို လိုက်နာလျက် အမျိုးသား မြေယာဥပဒေနှင့်အညီ ဖြစ်စေရန် တည်ဆဲမြေယာအသုံးချမှုကို ပြုပြင်ပြောင်းလဲရန် နှင့် ဥပဒေများကို ကိုက်ညီအောင် ပြင်ဆင်ရန်။

(ဂ) အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ အချက်အလက် ကာကွယ်မှုအတွက် သင့်လျော်သော ဥပဒေမူဘောင်တစ်ခုကို ရေးဆွဲရန်အတွက် အားလုံးပါဝင်ပြီး ဆွေးနွေးညှိနှိုင်းမှုရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ကို ဦးစားပေးသတ်မှတ်ရန်။ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး ဥပဒေကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် ပြင်ဆင်ရန်။

(ဃ) သက်ရောက်ခံရသော လူထုအသိုင်းအဝိုင်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းလျက် တပြေးညီမဖြစ်ခြင်းနှင့် ရှုတ်ထွေးခြင်းကို လျော့ချရန် သဘာဝ သယံဇာတ ထုတ်လုပ်တူးဖော်မှုကို အုပ်ချုပ်သည့် ဥပဒေမူဘောင်

တစ်ရပ်ကို ပြုပြင်ပြောင်းလဲမှုများ ဆက်လုပ်ရန်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှု စည်းမျဉ်းဥပဒေများ အာဏာသက်ဝင်အောင် လုပ်ဆောင်ရန် လုံလောက်သော အရင်းအမြစ်များနှင့် သင်တန်းများ ချထားပေးရန်။ ထိခိုက်မှုခံရသော လူထုများ ကုစားမှု ခံစားခွင့်ရှိစေရန် အာမခံရန်။ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း ၂၀၁၅ ကို အကောင်အထည်ဖော်၍ သက်ဝင်အောင်လုပ်ဆောင်ရန်။

(င) **EITI** တွင် ဆက်လက်ပါဝင်ရန်နှင့် **EITI** စံချိန်စံညွှန်းများနှင့် အညီ တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများအတွက် ပွင့်လင်းမြင်သာသော၊ တပြေးညီဖြစ်သောနှင့် **အာဏာသက်ဝင်လုပ်ဆောင်စေနိုင်**သော အစီရင်ခံမှုပုံစံ လိုအပ်ချက်များကို သေချာစေရန်။

(စ) အဆိုပြုထားသည့် ရေနံနှင့် ပတ်သက်သော ဥပဒေသည် EITI အောက်တွင် မြန်မာနိုင်ငံ၏ တာဝန်ရှိမှုများနှင့် ကိုက်ညီ **ထောက်ပံ့မှု ဖြစ်စေရေး သေချာ**ရန်။ မျှတသော ဝင်ငွေခွဲဝေမှုစနစ်ကို တည်ဆောက်ရန်။

(ဆ) အလုပ်သမားများ၏ လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခွင့်ကို ကာကွယ်ရန်**၊** အဓမ္မ လုပ်အား အသုံးပြုခြင်း၊ ဘေးအန္တရာယ်ရှိသော ကလေးလုပ်အား အသုံးပြုခြင်းတို့ကို အဆုံးသတ်စေရန်၊ အလုပ်ရှင်များ၏ အဖွဲ့အစည်းများနှင့် အလုပ်သမားသမဂ္ဂများ ပူးတွဲလုပ်ဆောင်ရန်နှင့် မြန်မာနိုင်ငံရှိ အလုပ်သမားများအား စွမ်းအားမြင့်တင်၍ လုပ်ငန်းခွင် အခြေအနေများ တိုးတက်စေရန်။

(ဇ) **စီးပွားရေးနှင့် လူ့အခွင့်အရေး လမ်းညွှန်ဥပဒေသများနှင့် အညီ ထိရောက်သော ဥပဒေ၊** မူဝါဒနှင့် လုပ်ထုံးလုပ်နည်း မူဘောင်များမှ တဆင့် စီးပွားရေး လုပ်ငန်းများအကြားတွင် လိုအပ်သော အချိန်ကိုက် ဆန်းစစ် စောင့်ကြည့် ကျင့်သုံးမှုကို တွန်းအားပေးရန်။

၇၇။ လက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ အစိုးရ၊ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသို့ -

(က) ရန်လိုတိုက်ခိုက်မှုများ လုပ်ဆောင်ရာတွင် အရပ်သား အားလုံးနှင့် အရပ်သားပိုင်ပစ္စည်းများကို ကာကွယ်ပေးခြင်း အပါအဝင်နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ **ဥပဒေ**များနှင့် လူ့အခွင့်အရေး **ဥပဒေ**များကို တင်းတင်းကြပ်ကြပ် လိုက်နာရန်။ ကလေးများအပေါ် ကြီးလေးသော ချိုးဖောက်မှုများ ဖြစ်ပေါ်စေသည့် အပြုအမူများကို ရပ်ဆိုင်းရန်။

(ခ) မြေမြုပ်မိုင်း ထောင်ခြင်းကို ချက်ချင်း ရပ်ဆိုင်းရန်၊ လူသတ်မိုင်းများ အသုံးပြုခြင်း၊ စုပုံသိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းကို တားမြစ်ခြင်း အပေါ်နှင့် ယင်းတို့ကို ဖျက်ဆီးခြင်းအပေါ် နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်**၊** မိုင်းများနှင့် မပေါက်ကွဲသေးသော ခဲယမ်းမီးကျောက်များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ ရှင်းလင်းရန်။ မိုင်းဧရိယာများကို မှတ်သား၍ ခြံခတ်ရန်နှင့် မိုင်းအန္တရာယ်နှင့် ပညာပေး လှုပ်ရှားမှုများကို စနစ်တကျ လုပ်ဆောင်ရန်**။**

(ဂ) လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုဒဏ် ခံခဲ့ရသောဒေသများ အားလုံးရှိ လိုအပ်နေသူများအား အပြည့်အဝ နှင့် အကန့်အသတ်မရှိ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို ချက်ချင်း ခွင့်ပြုရန်နှင့် မီဒီယာနှင့် လူ့အခွင့်အရေး စောင့်ကြည့်စစ်ဆေးသူများနှင့် တွေ့ဆုံခွင့် ပေးရန်။

(ဃ) မြန်မာနိုင်ငံမှ ဒုက္ခသည်များအားလုံး ဆန္ဒအလျောက်၊ ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာ နှင့် ရေရှည်ခိုင်မြဲသော နေရပ်ရင်းပြန်နိုင်စေရန်အတွက် အခြေအနေများကို ဖန်တီးရန်။ တရားမျှတမှု၊ နိုင်ငံသားဖြစ်မှု၊ မူရင်း အရပ်ဒေသများသို့ ပြန်ခြင်း၊ နှင့် မီးရှို့ ဖျက်ဆီး သို့မဟုတ် လုယူခံခဲ့ရသော ပိုင်ဆိုင်မှုပစ္စည်းများအတွက် လျော်ကြေး သာမက သက်မွေးဝမ်းကြောင်းမှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လုံလောက်သော လက်လှမ်းမီမှု ရှိစေရန်တို့ အပါအဝင် နေရပ်သို့ ပြန်သော ဒုက္ခသည်များအား သူတို့၏ အခြေခံ အခွင့်အရေးများအတွက် သေချာမှုပေးရန်။

(င) IDP စခန်းများအား မည်သည့် ပိတ်သိမ်းမှုကို မဆို နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း လိုက်နာခြင်း၊ IDP များ၏ အခွင့်အရေးများ၊ သူတို့၏ မူရင်းဒေသ သို့မဟုတ် ရွေးချယ်သည့် ဒေသများသို့ ပြန်ခွင့် နှင့် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခ သို့မဟုတ် မြေမြုပ်မိုင်းများ သက်ရောက်ရာ နေရာများတွင် နေရာချထားခြင်း မရှိစေခြင်းတို့ကို လေးစားရန်။

၇၈။ ဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ အစိုးရ သို့-

(က) လွတ်လပ်သော အရပ်ဖက် တရားရုံးများ အောက်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများအဖြစ် သတ်မှတ်သော ရာဇဝတ်မှုများကို ကြားနာ စစ်ဆေး စီရင်နိုင်ရန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ ၁၉၅၉ ခုနှစ် ကာကွယ်ရေး ဌာနများ အက်ဥပဒေနှင့် ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းခြင်း ဥပဒေများအပါအဝင် စံနစ်အတွင်းသွတ်သွင်း တည်ဆောက်ထားသည့် ကျူးလွန်သူများအား ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်စေသည့် စံနစ်ကို ပြင်ဆင်ရန်။ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ စစ်ရာဇဝတ်မှုများ၊ လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုန်း သတ်ဖြတ်မှုများကို ရာဇဝတ်မှုများအဖြစ် ဥပဒေများ ပြဋ္ဌာန်းရန်။

(ခ) အစိုးရ ဝန်ကြီးဌာနများနှင့် လုံခြုံရေး တပ်ဖွဲ့များအားလုံးကို အရပ်ဘက် ထိန်းချုပ်မှုအောက်တွင် ထားရှိခြင်း နှင့် နိုင်ငံတကာဥပဒေများ နှင့် အညီ ပြည်သူတရပ်လုံးအတွက် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအား ပြဋ္ဌာန်းခြင်း အပါအဝင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်ရန်။

(ဂ) A/HRC/31/71 ၏ နောက်ဆက်တွဲတွင် ပါရှိသော ဥပဒေများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စေသည့် ဥပဒေများအားလုံးကို ပြင်ဆင်ရန်။

(ဃ) ပြင်ဆင်ချက်များနှင့် ဥပဒေအသစ်များ ရေးဆွဲရန်နှင့် လေ့လာသုံးသပ်ရန်အတွက် စနစ်ကျသော ဆွေးနွေးအကြံဉာဏ် ရယူသည့် လုပ်ငန်းစဉ်ကို ဖော်ထုတ်တည်ဆောက်ရန်။

(င) နိုင်ငံသား အဆင့် အနိမ့်အမြင့် သတ်မှတ်ချက်များနှင့် နိုင်ငံသားဖြစ်မှုကို "အမျိုးသားလူမျိုးစု" အပေါ် သတ်မှတ်ချက်အဖြစ် တည်မှီမှုကို ဖယ်ရှားပစ်ခြင်း အပါအဝင် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေကို ပြင်ဆင်ရေးဆွဲရန်။ မည်သည့် နိုင်ငံသား ဥပဒေသစ်မဆို ခွဲခြားဆက်ဆံမှုမရှိပဲ အကောင်အထည်ဖော်စေရန်အတွက် အာမခံရန်။ နိုင်ငံသား စီစစ်ရေး လုပ်ငန်းစဉ်ကို ရပ်ဆိုင်းရန်နှင့် ရိုဟင်ဂျာများကို နိုင်ငံသား ပြန်လည်ပေးရန်။

(စ) နိုင်ငံတကာ စံချိန်စံညွှန်းများ၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူစာချုပ်အောက်တွင်ရှိသော မြန်မာနိုင်ငံ၏

တာဝန်ဝတ္တရားများနှင့်အညီ သေချာစေရန်အတွက် အဆိုပြုထားသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး ဥပဒေကို ပြဋ္ဌာန်းရန်။

(ဆ) ခွဲခြားဆက်ဆံမှု မရှိခြင်း လမ်းညွှန်မှုများနှင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားတို့နှင့် အညီ ၂၀၁၉ ခုနှစ် ကလေးအခွင့်အရေး ဥပဒေအတွက် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အလျင်အမြန် ရေးဆွဲရန်။

(ဇ) လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ အပြည့်အစုံကို လူသိရှင်ကြား ထုတ်ပြန်ရန်။

(ဈ) နိုင်ငံတကာ တရားရုံးမှ သတ်မှတ် ပြဋ္ဌာန်းသော ကြားဖြတ်အစီအမံများကို အပြည့်အဝလိုက်နာရန်။ နိုင်ငံတကာ ရာဇဝတ် ခုံရုံးနှင့် မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

(ည) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အား ယင်း၏ တည်ထောင်မှု ဥပဒေအပါအဝင် ပါရီမူများနှင့် အညီ အပြည့်အဝ လိုက်နာရန်အတွက် ပြုပြင်ပြောင်းလဲရန်။ ကော်မရှင်၏ အမှီအခိုကင်းမှု၊ လူမှု အဖွဲ့အစည်းကို ကိုယ်စားပြုမှုကို ကိုင်စွဲမည့် ကော်မရှင် အဖွဲ့ဝင်များကို ခန့်ထားရန်နှင့် နိုင်ငံ၏ မတူကွဲပြားမှုများကို ထင်ဟပ်စေရန် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများကို ထည့်သွင်းရန်။

၇၉။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း သို့-

(က) မြန်မာနိုင်ငံ၏ အခြေအနေကို **နိုင်ငံတကာရာဇဝတ်မှုများဆိုင်ရာ တရားရုံးသို့** အမြန်ဆုံး လွှဲပြောင်းရန် သို့မဟုတ် အခြားနည်းလမ်းအနေဖြင့် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်သည်ဟု စွပ်စွဲချက်များကို ကြားနာရန် နိုင်ငံတကာ ခုံရုံး တစ်ခုကို တည်ထောင်ရန်။

(ခ) အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်အောက်တွင် နိုင်ငံတကာ ရာဇဝတ်မှု ကျူးလွန်သူများဟု စွပ်စွဲခံရသော အမှုများကို စတင်ရန်အတွက် **စဉ်း**စားရန်။

(ဂ) ၁၉၄၈ ခုနှစ် လူမျိုးတုန်းသတ်ဖြတ်ခြင်း ရာဇဝတ်မှုကို တားဆီးခြင်းနှင့် အပြစ်ပေး အရေးယူခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အောက်တွင် နိုင်ငံတကာ တရားရုံး၌ မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာ၏ စွဲဆိုထားသော အမှုကို ထောက်ခံရန်။

(ဃ) မြန်မာနိုင်ငံ၏ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးမှုကို ထောက်ခံပြီး ယင်းသည် အပြည့်စုံပါဝင်မှု၊ ကိုယ်စီပါဝင်ဆောင်ရွက်မှု၊ နှင့် လူ့အခွင့်အရေး အခြေခံမှု တို့ရှိပြီး ဒေသခံအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော် အဆင့်များ တလျောက် ကျယ်ပြန့်သည့် အမျိုးမျိုးသော သက်ဆိုင်သူများ ပါဝင်မှု ရှိစေရန် အာမခံရန်။

(င) ကျယ်ပြန့်သော ပြောင်းလဲမှုများအတွက် အထူးသဖြင့် တရားရေး ကဏ္ဍနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့အတွက်၎င်း၊ နှင့် ခွဲခြားဆက်ဆံမှု မရှိပဲ နိုင်ငံ၏ ပြည်သူလူထုများကို အလုပ်အကျွေးပြုသည့် ခေတ်မီ အဖွဲ့အစည်းများကို ဖန်တီးရာတွင်၎င်း မြန်မာနိုင်ငံကို ကူညီရန်။

(စ) အဓိကကျသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုး အတည်ပြုခြင်း၊ နိုင်ငံတကာ လူ့အခွင့်အရေး **ယန္တရား**များနှင့် အပြည့်အဝ ထိတွေ့ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့် အပြည့်ရှိသော လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး ရုံးကို ဖွင့်လှစ်ခြင်းတို့အတွက် မြန်မာနိုင်ငံကို တိုက်တွန်းရန်။

(ဆ) မြန်မာနိုင်ငံတွင် လုပ်ကိုင်လည်ပတ်သော စီးပွားရေး ကုမ္ပဏီများသည် သူတို့၏ လုပ်ငန်းလုပ်ဆောင်မှု တလျှောက်နှင့် ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးမှု လမ်းကြောင်းတလျှောက်လုံးတွင် စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် ဥပဒေသများနှင့် အညီ လူ့အခွင့်အရေးများ လေးစားလိုက်နာမှု ရှိစေမှုအတွက် အာမခံရန်။ သူတို့သည် အထူးသဖြင့် ပဋိပက္ခ ဇရိယာများတွင် ချိန်ကိုက် ဆန်းစစ် စောင့်ကြည့်မှုများ ရှိစေရန်နှင့် အကယ်၍ ယင်းဘေးအန္တရာယ်များသည် အလွန်ကြီးမားကြောင်း တွေ့ရှိရပါက ၎င်းတို့၏ ဝန်ဆောင်မှုများ ရောင်းချရေး လျှော့ချမှုကိုပါ ထည့်သွင်းစဉ်းစားကြရမည်။

(ဇ) အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာများ၏ နောက်ဆက်တွဲများတွင် ပါဝင်သော ကလေးသူငယ်များအား စုဆောင်း အသုံးပြုသည့် အုပ်စုများစာရင်းမှ သူတို့အား ဖယ်ရှားနိုင်ရန်အတွက် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးနှင့် ပူးပေါင်းလုပ်ဆောင်ရန်။

(ဈ) ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ထောက်ပံ့ခြင်း၊ ရိုဟင်ဂျာဆိုင်ရာ လူသားချင်းစာနာမှု ပြဿနာနှင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည်များအတွက် ပူးတွဲ တုန့်ပြန်မှုအစီအစဉ်ကို ငွေကြေးထောက်ပံ့ခြင်းအပါအဝင် မြန်မာနိုင်ငံ အတွင်းအပြင်ရှိ လူသားချင်းစာနာမှု ထောက်ပံ့ရေး အစီအစဉ်များကို ငွေကြေးအပြည့်အဝ ရရှိစေရန် အာမခံရန်။

(ည) မြန်မာအစိုးရ၏ လူ့အခွင့်အရေး တာဝန်ဝတ္တရားများကို သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ခြင်းကို ကူညီရာတွင် ညီညွတ်ကြရန်နှင့် စစ်မှန်သော ပြုပြင်ပြောင်းလဲမှု ကြိုးပမ်းအားထုတ်ချက်များအတွက် သတ်မှတ်ချက်ဘောင်များနှင့် ရံပုံငွေများ ပြုလုပ်ခြင်းတို့ ပါဝင်လျက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသော လုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံရှိ လုပ်ငန်း အစီအစဉ်များကို မူရှိသော အခြေခံဖြင့် ထိတွေ့ရန်နှင့် ငွေကြေးထောက်ပံ့ရန်။

နောက်ဆက်တွဲ ၁။

Permanent Mission of the Republic of the Union of Myanmar to
the United Nations Office and other International Organizations
47 avenue Blanc, 1202 Geneva, Switzerland
Tel.(+41-22)906-9870, 906-9871/ Fax.(+41-22) 732-8919
E-mail: mission@myanmargeneva.org

No. 639 / 3-27 / 91

30 December 2019

Madame,

I am writing this letter to you in response to your proposal on 12 December 2019 to visit my country in connection with the mandate of Special Rapporteur on the situation of human rights in Myanmar.

As a member of the United Nations, Myanmar believes in enhancing cooperation with the UN through a constructive engagement to address human rights issues.

It is in the spirit of cooperation that the authorities of Myanmar had granted you to visit the country to carry out your mandate as UN Special Rapporteur on the situation of human rights in Myanmar.

However, as we have repeatedly stated that, your continued failure to comply with the code of conduct, as well as the lack of impartiality and the lack of genuine goodwill towards Myanmar in a non-objective manner have caused not only public resentment against you but also negative effects to my country in its democratic transition.

In this regard, I am obliged to reaffirm Myanmar's position to discontinue cooperation with you and our inability to accept your proposed visit at this time.

Please accept, Madame, the assurances of my highest consideration.

(Kyaw Moe Tun)
Ambassador and Permanent Representative

United Nations Special Rapporteur on the situation of human rights in Myanmar

# နောက်ဆက်တွဲ ၂

## မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေအပေါ်တွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ မြန်မာအစိုးရအတွက် မေးခွန်းများ

### ယခင် အကြံပြုချက်များ

၁။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် အထွေထွေညီလာခံသို့ တင်သွင်းသည့် မိမိ၏ အစီရင်ခံစာတွင် ပါဝင်သော အကြံပြုချက်များ အကောင်အထည်ဖော်ရန် သင်၏ အစီအစဉ်များနှင့် ပတ်သက်သည့် အချက်အလက်များကို ကျေးဇူးပြု၍ ပံ့ပိုးပေးပါ။

### ဥပဒေနှင့် အဖွဲ့အစည်းယန္တရား ပြုပြင်ပြောင်းလဲမှု

၂။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီသည် ယခုအခါ လွှတ်တော်ကို ဖွဲ့စည်းပုံ ပြင်ဆင်မှု ဥပဒေနှစ်ရပ်ကို တင်သွင်းထားကြောင်း ကျွန်ုပ် နားလည်သည်။ ကျေးဇူးပြု၍ ဤဖြစ်ပေါ်တိုးတက်မှု၏ နောက်ဆုံး အခြေအနေများကို ပေးပါ။

၃။ ၂၀၁၆ ခုနှစ်က လူ့အခွင့်အရေး ကောင်စီကို တင်သွင်းခဲ့သည့် ကျွန်ုပ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းမရှိပဲ ပြင်ဆင်ရန် လိုအပ်နေသော ပြည့်စုံမှု မရှိသေးသည့် ဥပဒေများ စာရင်းကို ကျွန်ုပ်မှ ရည်ညွှန်းပါသည်။ ထို ဥပဒေများကို ပြင်ဆင်ရန် မည်သည့် တိုးတက်မှုများ လုပ်ဆောင်ထားပြီး ဖြစ်ပါသနည်း။ ထိုစာရင်းထဲမှ ပြင်ဆင်ပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးဖြစ်သော ဥပဒေများ၏ အသေးစိတ်စာရင်းကို ကျေးဇူးပြု၍ ပေးပါ။

၄။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး ဥပဒေနှင့် ပတ်သက်သည့် နောက်ဆုံး တိုးတက်မှုများကို ကျေးဇူးပြု၍ ပေးပါ။ အထူးသဖြင့် အမျိုးသမီးများကို အခိုင်အမာ အကာအကွယ်ပေးနိုင်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ပြည့်မီရန် လိင်အကြမ်းဖက်မှုကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါသလဲ။

၅။ အမျိုးသား မြေယာ ဥပဒေကို ရေးဆွဲရန် ရည်ရွယ်လျက် ရှေ့နေချုပ်ရုံး အောက်တွင် ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းလိုက်သည်ဟု ကျွန်ုပ်နားလည်သည်။ ကျေးဇူးပြု၍ အမျိုးသား မြေယာ ဥပဒေရေးဆွဲရာတွင် ဖြစ်ပေါ်တိုးတက်မှု အသေးစိတ်များနှင့် ဥပဒေသည် အမျိုးသား မြေယာ အသုံးပြုမှု မူဝါဒနှင့် မည်သို့ ကိုက်ညီသည်ကို ကျေးဇူးပြု၍ တင်ပြပေးပါ။

၆။ ထောင်ဥပဒေရေးဆွဲမှု နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု နှင့် ယင်းသည် ထောင်ကျအကျဉ်းသားများအပေါ် ပြုမူဆက်ဆံရေးအတွက် အနိမ့်ဆုံး စည်းမျဉ်းများနှင့် မည်သို့ ကိုက်ညီမှု ရှိသည်ဆိုသည်ကို ကျေးဇူးပြု၍ တင်ပြပေးပါ။

၇။ ရေနံ ဥပဒေရေးဆွဲမှု ဖြစ်ပေါ်တိုးတက်မှု နောက်ဆုံး အခြေအနေများနှင့် ယင်းသည် EITI အောက်တွင်ရှိသော မြန်မာနိုင်ငံ၏ တာဝန် ဝတ္တရားများနှင့် မည်သို့ ကိုက်ညီမှု ရှိသည်ဆိုသည်ကို ကျေးဇူးပြု၍ တင်ပြပေးပါ။

၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) ၏ အဖွဲ့ဝင်ဟောင်းများ အားလုံးကို အဖွဲ့ဝင်သစ်များဖြင့် အစားထိုးလိုက်သည်ဟု ကျွန်ုပ်နားလည်သည်။ ကျေးဇူးပြု၍

ရွေးချယ်မှု လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အချက်အလက်များ ပေးပါ။ MNHRC ၏ ခွင့်ပြုမှု ဥပဒေပြင်ဆင်ရန် အစီအစဉ်များအပေါ် အချက်အလက်များနှင့် ယင်းသည် ပါရီ ဥပဒေသများနှင့် မည်သို့ကိုက်ညီမှု ရှိသည်ဆိုသည်ကို ကျေးဇူးပြု၍ ပေးပါ။

**တရားရေး စီမံခန့်ခွဲမှု**

၉။ ထောင်ဒဏ်ကျခံနေရသော နိုင်ငံရေး အကျဉ်းသား ၇၄ ဦးရှိသည်ဟု သိရသည်။ သူတို့ကို လွှတ်ရန် မည်သည့်အရာက အတားအဆီး ဖြစ်နေပါသလဲ။ နိုင်ငံရေး အကျဉ်းသားများအားလုံး လွတ်မြောက်ရန်အတွက် အရေးယူ လုပ်ဆောင်နေသောအဆင့်များအပေါ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပါ။

၁၀။ အောက်ပါ လူပုဂ္ဂိုလ်များအပေါ် အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည့်အပေါ် သူတို့အပေါ် တရားစွဲဆိုမှု ဖြစ်ပေါ်လာခဲ့ပုံ နှင့် ကြားနာမှု ရှိမရှိနှင့် သူတို့အနေဖြင့် တရားဝင် ကိုယ်စားပြုမှု ရမရ အပါအဝင် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပါ။

က။ သိန်းအောင်မြတ် (ရက္ခိုင် တပ်မတော်က အသုံးပြုသော စကားလုံးများကို အသုံးပြုပြီး ပြက္ခဒိန် ပုံနှိပ်ထုတ်ဝေသည့်အတွက် မတရားသင်း အက်ဥပဒေပုဒ်မ ၁၇/၁ အောက်တွင် ဧရာဝတီတိုင်းဒေသကြီး၌ ထောင်ဒဏ် နှစ်နှစ် ကျခံရသည်ဟု သိရသည်။)

ခ။ ကောင်းမြတ်သူ (ရက္ခိုင် တပ်မတော်က အသုံးပြုသော စကားလုံးများကို အသုံးပြုပြီး ပြက္ခဒိန် ပုံနှိပ်ထုတ်ဝေသည့်အတွက် မတရားသင်း အက်ဥပဒေပုဒ်မ ၁၇/၁ အောက်တွင် ဧရာဝတီတိုင်းဒေသကြီးတွင် ထောင်ဒဏ် နှစ်နှစ် ကျခံရသည်ဟု သိရသည်။)

၁၁။ တရားစွဲဆိုမှု အခြေအနေနှင့် တရားစွဲဆိုခံရသူများသည် တရားဝင် ကိုယ်စားလှယ် ရရှိခြင်း ရှိမရှိ အပါအဝင် အောက်ပါ တရားရင်ဆိုင်ဆဲ အမှုများ၏ အချက်အလက်များကို ကျေးဇူးပြု၍ ပေးပါ။

က။ နေဇာထွန်း (ထောင်ချခံထားရပြီး သူမ၏ အကိုဖြစ်သူ အောင်ကိုထွေး လွတ်မြောက်မှုအတွက် လှုပ်ရှားမှုနှင့် ပတ်သက်၍ ရန်ကုန်တွင် အသရေဖျက်မှု အတွက် တရားစွဲဆိုခြင်း နှစ်ခု ရင်ဆိုင်နေရသည်။)

ခ။ ဆွေဝင်း (ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) အောက်တွင် မန္တလေးတွင် အသရေဖျက်မှုဖြင့် တရားစွဲဆိုခြင်းကို ရင်ဆိုင်နေရသည်)

ဂ။ ရဲနီ (ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) အောက်တွင် ရန်ကုန်တွင် အသရေဖျက်မှုဖြင့် တရားစွဲဆိုခြင်းကို ရင်ဆိုင်နေရသည်)

ဃ။ အောင်မင်းဦး (မတရားသင်း အက်ဥပဒေအောက်တွင် တရားစွဲဆိုခြင်း ခံထားရသည်)

င။ အောင်ကြည်မြင့် (ထောင်ထဲတွင် တိုက်ပိတ်ခံထားရသည်ဟု သိရပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၁၄၊ ၁၄၇၊ ၃၃၂၊ ၃၃၃ နှင့် ၃၅၃ တို့ဖြင့် တရားစွဲဆိုခြင်းကို ခံထားရသည်။)

စ။ ကြည်မင်း (ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅(ခ) အောက်တွင် တနင်္သာရီတိုင်းဒေသကြီးတွင် တရားစွဲဆိုမှုကို ရင်ဆိုင်နေရသည်။ )

ဆ။ နေမျိုးဇင် (ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) အောက်တွင် တနင်္သာရီတိုင်းဒေသကြီးတွင် တရားစွဲဆိုခြင်းကို ရင်ဆိုင်နေရသည်။)

ဇ။ စောဝေ (ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) အောက်တွင် တနင်္သာရီတိုင်းဒေသကြီးတွင် တရားစွဲဆိုခြင်းကို ရင်ဆိုင်နေရသည်။)

**အထွေထွေရွေးကောက်ပွဲနှင့် ဒီမိုကရေစီနည်းကျ အဝန်းအဝိုင်း**

၁၂။ ၂၀၂၀ ရွေးကောက်ပွဲ မဲရုံများကို နေရာဒေသတိုင်းတွင် လုပ်ဆောင်နိုင်ရန် နှင့် လူထုအဖွဲ့အစည်းများအားလုံး ပါဝင်ခွင့်ရှိပြီး သူတို့ မဲပေးပိုင်ခွင့် အခွင့်အရေးကို ကျင့်သုံးနိုင်မှုကို အာမခံချက်ပေးနိုင်ရန်အတွက် အစီအစဉ်များနှင့် ပတ်သက်သည့် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပါ။

၁၃။ လူမှု မီဒီယာ ပေါ်တွင် အမုန်းတရားပြန့်ပွားမှုကို ဖြေရှင်းရန် မည်သည့် အဆင့်များ လုပ်ဆောင်ထားသည်နှင့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ မတိုင်မီတွင် မည်သည့် တိကျသော အရေးယူဆောင်ရွက်မှုများ လုပ်မည်နည်း။

**သဘာဝ သယံဇာတများ**

၁၄။ သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်မှု ဆန်းစစ်ချက် လုပ်ထုံးလုပ်နည်းများကို ပွင့်လင်းမြင်သာသော အကောင်အထည်ဖော်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် သက်ဝင် အကောင်အထည်ဖော်မှုတို့ကို အားကောင်းစေရန် မည်သည်တို့ကို လုပ်ဆောင်ထားပါသလဲ။

၁၅။ သဘာဝ သယံဇာတ တူးဖော်ထုတ်လုပ်မှုမှ ရရှိသော ဝင်ငွေများကို မျှတပြီး ထိရောက်သော ဝင်ငွေခွဲဝေမှု စနစ်ကို တည်ဆောက်ရန် မည်သည်တို့ကို လုပ်ဆောင်ထားပါသလဲ။

၁၆။ ကုမ္ပဏီများသည် သူတို့၏ အကျိုးခံစားခွင့်ရှိသော ပိုင်ရှင်များ၏ အသေးစိတ်များကို ဖော်ပြရန်နှင့် EITI တွင် မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရား ရှိသည်နှင့်အညီ “နိုင်ငံရေးအရ ပေါ်လွင်ထင်ရှားနေသော လူပုဂ္ဂိုလ်များ” က တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများရှိ သူတို့၏ ပိုင်ဆိုင်မှုများအကြောင်း ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ဖော်သွားခြင်းကို အာမခံချက်ရှိစေရန် လုပ်ဆောင်မည့် အစီအစဉ်များအပေါ် ကျေးဇူးပြု၍ အချက်အလက်များ ပေးပါ။

**စီးပွားရေးနှင့် လူ့အခွင့်အရေးများ**

၁၇။ အစိုးရသည် ဒစ်ဂျစ်တယ် အချက်အလက် မှတ်တမ်းများကို ဒစ်ဂျစ်တယ် မှတ်ပုံတင်ကဒ်ပြားများ နှင့် အတူ ရေးဆွဲပြုစုသွားရန် စီစဉ်နေသည်ကို ကျွန်ုပ် နားလည်သည်။ အစိုးရသည် လက်ကိုင်ဖုန်း အသုံးပြုသူများ၏ SIM ကတ်များကို မှတ်ပုံတင်ရာတွင် ဇီဝမှတ်တမ်း စနစ်လိုအပ်ချက်ကို အသုံးပြုရန် စီစဉ်နေသည်ကိုလည်း ကျွန်ုပ်နားလည်သည်။ ကျေးဇူးပြု၍ ထိုအစီအစဉ်များ၏ တိုးတက်ဖြစ်ပေါ်မှု၊ နှင့် မည်သည့် အချက်အလက်များကို ကောက်ယူမည်၊ မည်သူ့ထံမှ၊ မည်သည့်နေရာမှ နှင့် ယင်းကို မည်သို့ သိမ်းဆည်း အသုံးပြုမည် စသော အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။ အချက်အလက် ကာကွယ်မှုကို ထိန်းချုပ်မည့် အစီအစဉ်များ၏ အသေးစိတ်ကိုလည်း ကျေးဇူးပြု၍ ပေးပေးပါ။

၁၈။ အလုပ်သမားများအတွက် မြှင့်တင်ရေး လုပ်ဆောင်ရန်နှင့် အထည်ချုပ်စက်ရုံများနှင့် ငါးဖမ်း လုပ်ငန်းများ အပါအဝင် ကဏ္ဍအားလုံးတွင် အခြေအနေများ တိုးတက်လာစေရန် မည်သည့် အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်နေပါသလဲ။

## လက်နက်ကိုင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

၁၉။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် အလယ်ပိုင်းနှင့် ချင်းပြည်နယ် တောင်ပိုင်းတို့တွင် တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်တို့အကြားဖြစ်ပွားသည့် ပဋိပက္ခများတွင် အရပ်သား သေဆုံး ဒဏ်ရာရမှု အစီရင်ခံချက်များအပေါ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၂၀။ မြို့နယ် ကိုးခုတွင် သက်ရောက်မှု ရှိခဲ့သော ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြေပုံနှင့် ချင်းပြည်နယ် ပလက်ဝတို့တွင် ထပ်မံပြုလုပ်သော လက်ကိုင်ဖုန်း အင်တာနက် ဝန်ဆောင်မှု ပိတ်ဆို့ခြင်းကို အဘယ်ကြောင့် လုပ်ဆောင်သည်ဆိုသည့်အပေါ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။ မြို့နယ်ကိုးမြို့နယ်တွင် လက်ကိုင်ဖုန်း အင်တာနက် ဝန်ဆောင်မှု ရပ်ဆိုင်းထားခြင်းကို မည်သည့်အချိန်တွင် ရုတ်သိမ်းမည်ဆိုသည့်အပေါ် အချက်အလက်များနှင့် သတင်းအချက်အလက် ရပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်ရန် လုပ်ကိုင်ဆောင်ရွက်ထားသော ယာယီ အစီအစဥ်များ၏ အသေးစိတ် အချက်အလက်များအပေါ် ကျေးဇူးပြု၍ သတင်းအချက်အလက်များကို ပေးပေးပါ။ ပဋိပက္ခ သက်ရောက်ခံနေရသော လူထု အသိုင်းအဝိုင်းများကို အင်တာနက် ရပ်ဆိုင်းထားစဉ်တွင် မည်သို့ လုံလောက်စွာ ပံ့ပိုး ကာကွယ်ထားသည်ဆိုသည်ကို ကျေးဇူးပြု၍ ရှင်းပြပါ။

၂၁။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် အလယ်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းတို့တွင် လူသားချင်းစာနာမှု အကူအညီများ သာမက လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကိုလည်း ပြင်းပြင်းထန်ထန် ကန့်သတ် ပိတ်ပင်ထားသည်။ ပဋိပက္ခ သက်ရောက်ခံရသော အရပ်သားများထံ လူသားချင်းစာနာမှု အထောက်အကူများ ရရှိနိုင်စေရန် မည်သည့် လုပ်ဆောင်ချက်များ လုပ်ဆောင်ထားသည် နှင့် ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ နှင့်/သို့ ကျန်းမာရေး စောင့်ရှောက်မှု နှင့် ကူညီထောက်ပံ့မှုများ လိုအပ်နေသူများထံ ဘေးကင်းလုံခြုံသော လမ်းကြောင်း ဖြစ်စေရန် အာမခံချက်ရှိရန် မည်သို့ လုပ်ဆောင်ထားသည့် ဆိုသည့် အချက်အလက် အသေးစိတ်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၂၂။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများသည် ဆက်လက်ပြီး အကြမ်းဖက်မှု၊ စော်ကားမှု နှင့် နှောက်ယှက်မှုများ ခံနေရသော အစီရင်ခံချက်များကို ကျွန်ုပ်ရရှိထားသည်။ ယင်းကိစ္စအပေါ်နှင့် အချက်အလက်များနှင့် စုံစမ်းစစ်ဆေးမှု တစ်စုံတရာ လုပ်ဆောင်ခြင်းနှင့် ကျူးလွန်သူများအား အရေးယူခြင်း အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၂၃။ ရခိုင်ပြည်နယ်ရှိ ရပ်ကျေး အုပ်ချုပ်ရေးမှူးများသည် တပ်မတော်၏ အကြမ်းဖက်ခြင်း၊ နှောက်ယှက်ခြင်းနှင့် စော်ကားခြင်းများ အတွက် ပစ်မှတ်ထားခံနေရသည်ဆိုသော အစီရင်ခံချက်များ ကျွန်ုပ်ရရှိထားသည်။ ယင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် စုံစမ်းစစ်ဆေးမှု တစ်စုံတရာ လုပ်ဆောင်ခြင်းနှင့် ကျူးလွန်သူများအား အရေးယူခြင်း အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၂၄။ ရက္ခိုင့်တပ်မတော်နှင့် ဆက်စပ်သည် ဟူသော စွပ်စွဲချက်ဖြင့် ရခိုင်ပြည်နယ်အတွင်း လူပေါင်း ၅၀၀ ခန့်ကို တရားစွဲဆိုထားသည်ဆိုသည်ကို ကျွန်ုပ်နားလည်ထားသည်။ စွဲဆိုခံရသူများသည် ဥပဒေအရ ကိုယ်စားလှယ်ရရှိပိုင်ခွင့် အပါအဝင် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၂၅။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် တပ်မတော်၏ တစ်ဘက်သတ် ကြေညာသောအပစ်အခတ်ရပ်စဲမှုများ အဆုံးသတ်ခဲ့ခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် မည်သို့ သက်ရောက်မှု ရှိခဲ့ပါသလဲ။

၂၆။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား ပဋိပက္ခတွင် အရပ်သား သေကြေဒဏ်ရာရမှုများ နှင့် ပတ်သက်သည့် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၂၇။ မကြာသေးမီက တပ်မတော်နှင့် ကရင့်အမျိုးသား အစည်းအရုံး KNU အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်ဟု ကျွန်ုပ်နားလည်သည်။ ထိခိုက်သော အရပ်သားများ၏ အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။ ယင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မည်သို့ ထိခိုက်ပါသလဲ။

၂၈။ မကြာသေးမီက တပ်မတော်နှင့် မွန် အမျိုးသား လွတ်မြောက်ရေး တပ်မတော် အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်ဟု ကျွန်ုပ်နားလည်သည်။ ထိခိုက်သော အရပ်သားများ၏ အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။ ယင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မည်သို့ ထိခိုက်ပါသလဲ။

၂၉။ တပ်မတော်အနေဖြင့် မြေမြုပ်မိုင်းများ ဆက်လက် အသုံးပြုနေပါသလား။ မည်သည့်နေရာတွင် ထောင်သည်ဆိုသည်နှင့် အရပ်သားများ ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ကြိုတင်လုပ်ဆောင်ချက်များနှင့် မြေမြုပ်မိုင်း ရှင်းလင်းရေးလုပ်ငန်း လုပ်ဆောင်နေမှု ရှိမရှိတို့၏ အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

**ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (IDPs)**

၃၀။ ထိုင်းနိုင်ငံတွင် လက်ရှိနေထိုင်နေကြသော ဒုက္ခသည်များ မိမိဆန္ဒသဘောအလျောက်၊ ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာ နှင့် ရေရှည်တည်တံ့သော နေရပ်ပြန်ခြင်း ဖြစ်စေရန် မည်သည့် ပံ့ပိုးမှုများလုပ်ဆောင်ပေးနေသည်ဆိုသည့် အသေးစိတ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၃၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည်များ ဆန္ဒအလျောက် နေရပ်ပြန်မှု အစီရင်ခံချက်များအပေါ် အသေးစိတ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။ အရေအတွက် မည်မျှ ပြန်သွားသလဲ။ သူတို့၏ မူရင်းနေရာများနှင့် သူတို့ လက်ရှိတွင် မည်သည့်နေရာတွင် နေနေကြပါသလဲ။

၃၂။ “မြန်မာနိုင်ငံတွင် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်းများ ပိတ်သိမ်းရေး အမျိုးသား မဟာဗျူဟာ” ကို အကောင်အထည်ဖော်ရာတွင် တိုးတက်ဖြစ်ပေါ်မှုများအပေါ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၃၃။ ယခု အခါ လူဦးရေ ၁ သိန်းကျော်သွားပြီဟု သိရသော ရခိုင်ပြည်နယ်အတွင်း တိုးပွား များပြားလာနေသည့် ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ၏ အခွင့်အရေးများကို ကာကွယ်ရန် လုပ်ဆောင်ထားချက်များအပေါ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။ လူသားချင်း စာနာမှု လက်လှမ်းမီမှု အပေါ် ကန့်သတ်ချက်များ ရှိပါသလား။ သူတို့လိုအပ်သော ထောက်ပံ့မှုများ ရရှိစေရန် မည်သို့ အာမခံချက် ပေးနိုင်ပါသလဲ။

၃၄။ မကြာသေးမီက ရခိုင်ပြည်နယ် မြေပုံ မြို့နယ်အတွင်း ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည် စခန်းကို တပ်မတော်က ဖျက်ဆီးခဲ့သည့် သတင်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

**တာဝန်ခံမှု**

၃၅။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ အပြည့်အစုံ မူ မိတ္တူကို ကျေးဇူးပြု၍ ပေးပေးပါ။ ကော်မရှင်၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုကို မည်သို့ ထိန်းသိမ်းခဲ့ပါသနည်း။ သူတို့ပြုလုပ်ခဲ့သော အကြံပြုချက်များအားလုံးကို အကောင်အထည်ဖော်သွားရန် ရှိပါသလား။ သို့ဖြစ်ပါက ယင်းကို သင်တို့ မည်သို့လုပ်ဆောင်သွားမည်ကို အချိန်ဇယားဖြင့် အစီအစဉ် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

၃၆။ ၂၀၂၀ ခုနှစ် ဇန္နဝါရီလ ၂၃ ရက်နေ့ နိုင်ငံတကာ တရားရုံးက ညွှန်းဆိုချမှတ်သော ယာယီ အစီအမံများကို လိုက်နာရန် မည်သို့ စီစဉ်ထားသည်ဆိုသည် အချက်အလက်များကို ကျေးဇူးပြု၍ ပေးပေးပါ။

# နောက်ဆက်တွဲ ၃

## ပဋိပက္ခ သက်ရောက်ဒေသများတွင် ပြည်သူ့စစ်နှင့် မူးယစ်ဆေးဝါးစွဲခြင်း

## ၁။ မိတ်ဆက်

အထူးကိုယ်စားလှယ်၏ အစီရင်ခံစာတွင် ပူးတွဲတင်ပြထားသည့် ဤရှင်းလင်းချက် စာတမ်းသည် လူ့အခွင့်အရေးအပေါ် သက်ရောက်မှုရှိသည့် မြန်မာနိုင်ငံရှိ ပြည်သူ့စစ်များနှင့် မူးယစ်ဆေးဝါး သုံးစွဲမှု အခြေအနေကို အကျဉ်းချုပ် တင်ပြထားသည်။ လွတ်လပ်စွာ ဖြန့်ဝေထားသော အရင်းအမြစ်များ[5]မှ ထုတ်နှုတ်ထားသော ဤရှင်းလင်းချက် စာတမ်း၏ ရည်ရွယ်ချက်မှာ အကြောင်းအရာများကို ပိုမိုသိရှိလာစေရန်နှင့် နောက်ပိုင်းတွင် ဤကိစ္စရပ်များအပေါ် နောက်ဆက်တွဲ သုတေသန ပြုလုပ်လာစေရန် အားပေးသည့်အနေဖြင့် ဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာ မြန်မာနိုင်ငံ၏ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သော လက်နက်ကိုင် အဖွဲ့အစည်းများမှာ များပြား ကျယ်ပြန့်သည်။ မြန်မာ စစ်တပ် သို့မဟုတ် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) တို့နှင့် အတူ ပြည်သူ့စစ်အဖွဲ့များဟု ပေါင်းစုကာ သိကြသည့် ပိုမိုသေးငယ်သော လက်နက်ကိုင် အဖွဲ့ငယ်လေးများ အများအပြား ရှိသည်။ ပြည်သူ့စစ်တပ်ဖွဲ့ အများစုမှာ တပ်မတော်နှင့် မဟာမိတ်ပြုထားပြီး တပ်မတော်၏ အမိန့်ပေး ထိန်းချုပ်မှုအောက်တွင် လှုပ်ရှားကြသည်။[6]

လက်ရှိတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းဖြူ ဒုတိယ အများဆုံး နှင့် စိတ်ကြွဆေးပြား (မက်သ်အင်ဖက်တမင်း) အများဆုံး ထုတ်သော နိုင်ငံဖြစ်နိုင်သည်။[7] မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ထုတ်လုပ်သော လုပ်ငန်းများတွင် EAO အဖွဲ့များသည် ကြီးကြီးမားမား ပါဝင်ပတ်သက်ကြောင်း မကြာခဏဆိုသလိုပင် အစီရင်ခံချက်များ ရှိသော်လည်း သုံးသပ်သူများက တပ်မတော်နှင့် တွဲဖက်ထားသည့် ပြည်သူ့စစ်များသည် အဓိကကျသောသူများထဲတွင် ပါဝင်နေကြောင်း ထောက်ပြကြသည်။[8]

ဤလုပ်ငန်း၏ အတိုင်းအတာနှင့် မြန်မာနိုင်ငံ၏ ပဋိပက္ခနှင့် ၎င်း၏ဆက်နွယ်မှုများသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေအပေါ်တွင် ပြင်းထန်သော အကျိုးသက်ရောက်မှုများ ရှိသည်။ ယင်းတို့အထဲမှ တခုမှာ နိုင်ငံတလွှား မူးယစ်ဆေးစွဲနှုန်း မြင့်မားသော ရလာဒ်ကို ရစေခြင်းဖြင့် အရပ်သားလူထုအပေါ် ပြင်းထန်သော

---

[5] ၂၀၁၉ ခုနှစ် လန်ဒန် တက္ကသိုလ်၊ နိုင်ငံရေးနှင့် နိုင်ငံတကာလေ့လာရေး ဌာန၊ ပဋိပက္ခ၊ အခွင့်အရေးနှင့် တရားမျှတမှုတို့၏ နိုင်ငံရေး၊ မဟာသိပ္ပံ ကျမ်းပြုစာတမ်း၊ ထိုက်ထိုက်၏ ပံ့ပိုးမှုဖြင့် ရေးသားသော "ပဋိပက္ခအတွင်း တရားမဝင် မူးယစ်ဆေးဝါး ကုန်သွယ်မှု၏ နိုင်ငံရေး။ မြန်မာနိုင်ငံ ခေတ်သစ် ကချင် စစ်ပွဲနှင့် ရိုဟင်ဂျာပြဿနာကို ဘက်ပေါင်းစုံမှ လေ့လာခြင်း။ (The Politics of Illicit Drug Trade in Conflict: A comparative study of the contemporary Kachin War and Rohingya Crisis in Myanmar (Burma)")

[6] ပိုမိုသိရှိလိုပါက ၂၀၁၆ ခုနှစ် အာရှဖောင်ဒေးရှင်းအတွက် John Buchanan ရေးသားသော "မြန်မာနိုင်ငံရှိ ပြည်သူ့စစ်များ (Militias in Myanmar") တွင် ကြည့်

[7] ပိုမိုသိရှိလိုပါက ၂၀၁၉ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု ဆိုင်ရာ ရုံး (UNODC) နှင့် ၂၀၁၉ ICG မှ ထုတ်ပြန်သော "အရှေ့တောင်အာရှ နိုင်ငံဖြတ်ကျော် စနစ်တကျ ရာဇဝတ်မှု။ ဖြစ်ပေါ်ခြင်း၊ ကြီးထွားခြင်းနှင့် သက်ရောက်မှု (Transnational Organized Crime in Southeast Asia: Evolution, Growth and Impact) "တွင် ကြည့်

[8] ပိုမိုသိရှိလိုပါက ၂၀၁၉ နိုင်ငံတကာ ဘေးဒုက္ခ အုပ်စု (ICG) မှ ထုတ်ပြန်သော "မီးလျှံနှင့် ရေခဲ။ မြန်မာနိုင်ငံ ရှမ်းပြည်နယ် ရှိ ပဋိပက္ခနှင့် မူးယစ်ဆေးဝါးများ (Fire and Ice: Conflict and Drugs in Myanmar's Shan State )" တွင် ကြည့်

ဘေးအန္တရာယ်တရပ် သက်ရောက်စေခြင်း ဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခ သက်ရောက်မှုရှိသော ဧရိယာများတွင် ပိုမို ပြင်းထန်သည်။

## ၂။ ပြည်သူ့စစ်နှင့် မူးယစ်ဆေးဝါး လုပ်ငန်း

### က။ နောက်ခံ သမိုင်းကြောင်း

ကရင်၊ ကရင်နီ၊ ရှမ်း၊ မွန်၊ ကချင်၊ ချင်းနှင့် ရခိုင်နှင့် အခြားသော တိုင်းရင်းသား အုပ်စုများ အကြားမှ ဒါဇင်နှင့် ချီသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တပ်မတော် တို့သည် ဆယ်စုနှစ်ပေါင်းများစွာ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရက ထုတ်ဖော်ခဲ့သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ရပ်တန့်လျက်ရှိပြီး မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များက ပြင်းထန်သော တိုက်ပွဲများကို မြင်တွေ့ခဲ့ကြရသည်။

တပ်မတော်နှင့် EAO အဖွဲ့များအပြင် ပဋိပက္ခတွင် ပါဝင်သော ပိုမိုသေးငယ်သည့် အဖွဲ့အစည်းငယ်များ အများအပြားရှိပြီး ယင်းတို့ကို ခြုံငုံ၍ ပြည်သူ့စစ်အဖွဲ့များဟု သိကြသည်။ အများစုမှာ တပ်မတော်လိုလားသူများဖြစ်ကြပြီး တပ်မတော်၏ အမိန့်အောက်တွင် အတိုင်းအတာ ပမာဏ အမျိုးမျိုးဖြင့် လှုပ်ရှားကြပြီး ကာကွယ်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်း ဖြစ်သည်။ တဖွဲ့နှင့် တဖွဲ့ အရွယ်အစား၊ အမျိုးအစားနှင့် တပ်မတော်နှင့် ဆက်ဆံရေး အသေးစိတ် သဘောသဘာဝ ကွဲပြားခြားနားမှုများ ရှိသည်။ (ဥပမာ- အချို့အဖွဲ့များမှာ တပ်မတော်၏ တိုက်ရိုက် အမိန့်ပေးမှုအောက်တွင် ရှိပြီး အချို့အဖွဲ့များမှာ တပ်မတော်တပ်ရင်းများနှင့်အတူ စစ်ကြောင်းအတူ ထွက်ရခြင်းမျိုးရှိကာ အချို့သော အဖွဲ့များသည် သတ်မှတ်ထားသော ဧရိယာများတွင် လုံခြုံမှု စစ်ဆင်ရေးများကို လုပ်ဆောင်ပေးရသည်)[9]။ တပ်မတော်သည် ပြည်သူ့စစ်များကို ၎င်း၏တပ်ဖွဲ့ ဖွဲ့စည်းပုံတွင် ကာလကြာမြင့်စွာကတည်းက ထည့်သွင်းထားခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူတို့သည် တပ်မတော်အတွက် အခန်းကဏ္ဍတရပ်မှ ပါဝင်သော်လည်း ၎င်းတို့သည် မိမိတို့ဘာသာ ရံပုံငွေရှာဖွေကြရသည်။ ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်တွင် အစိုးရသည် တပ်မတော်နှင့်မဟာမိတ်ဖွဲ့ထားသည့် ပြည်သူ့စစ်များကို ရံပုံငွေထောက်ပံ့ခြင်းမပြုဘဲ နယ်မြေဒေသ တစ်ခုကို ထိန်းချုပ် စိုးမိုးခွင့် ပြုထားပြီး မူးယစ်ဆေးဝါးလုပ်ငန်းအပါအဝင် အမြတ်အစွန်းများ ရရှိသည့် လုပ်ငန်းများတွင် ပါဝင် လုပ်ကိုင်စေခဲ့သည်။[10]

တပ်မတော်က ရေးဆွဲခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေက “ပြည်ထောင်စုအတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးသည် ကာကွယ်ရေး ဝန်ကြီးဌာနအောက်တွင် ရှိရမည်။” ဟု ဖော်ပြထားသည်။[11] ယင်းနှင့် ကိုက်ညီစွာပင် ၂၀၀၉ မှ ၂၀၁၀ ခုနှစ်အတွင်းတွင် တပ်မတော်သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို အစိုးရ နှင့် နီးစပ်သော ပြည်သူ့စစ်များ အမည်အားဖြင့် ပြည်သူ့စစ်တပ်ဖွဲ့ (People’s Militia Force, PMF) နှင့် နယ်ခြားစောင့် တပ်ဖွဲ့ (Border Guard Force, BGF) များအဖြစ် ပြောင်းလဲရန် ကြိုးစားခဲ့သည်။ ယင်းသို့လုပ်ခြင်းကြောင့် ကာလရှည်ကြာ ရယူထားသော အပစ်အခတ်ရပ်စဲရေး အပြန်အလှန် သဘောတူညီချက် အများအပြားကို

[9] Buchanan, 2016.

[10] ပိုမိုသိလိုပါက ၂၀၁၈ ခုနှစ် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒ အင်စတီကျူက ထုတ်ပြန်သော “စစ်ပွဲသို့ ပြန်သွားခြင်း။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ စစ်ရေးတည်ဆောက်မှုရှိသည့် ပဋိပက္ခများ(A Return to War: Militarized Conflicts in Northern Shan State)” တွင် ကြည့်ပါ

[11] ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၃၃၈

ကျိုးပျက်စေခဲ့သည်။[12] သို့ရာတွင် အစိုးရနှင့် နီးစပ်သော ပြည်သူ့စစ် တပ်ဖွဲ့အများအပြား၊ တပ်မတော်နှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ယူထားသည့် EAOများ၊ နှင့် မြန်မာနိုင်ငံ၏ ပဋိပက္ခဒေရိယာများရှိ အစိုးရဆန့်ကျင်ရေး EAO များသည် PMF နှင့် BGF များအဖြစ် အမှန်တကယ် ကူးပြောင်းသွားခြင်းများ ရှိခဲ့သည်။ ထိုအဖွဲ့များအား တပ်မတော်၏ ရံပုံငွေများထဲမှ စစ်ရေး ဘတ်ဂျက်များကို ခွဲဝေပေးမည့်အစား ဗိုလ်ချုပ်ကြီး နေဝင်းလက်ထက်တွင် အစပျိုးခဲ့သော မူဝါဒကို ဆက်လက် စွဲကိုင်ကာ PMF များနှင့် BGF များကို လုံခြုံရေး တာဝန်များ နှင့် လိုအပ်ပါက တပ်မတော်နှင့် အတူ တွဲဘက် တိုက်ပွဲဝင်စေလျက် နယ်မြေတစ်ခုကို စိုးမိုးခွင့်ပြုထားပြီး ထိုနယ်မြေအတွင်းတွင် သူတို့ကိုယ်ပိုင် အကျိုးအမြတ်ရရှိသော လုပ်ငန်းများကို လုပ်ပိုင်ခွင့် ပေးထားခဲ့သည်။[13]

PMF နှင့် BGF မဟုတ်သော ပြည်သူ့စစ် အများအပြားလည်း ကျန်ရှိနေသော်လည်း တပ်မတော်နှင့် မဟာမိတ်များ ဆက်ဖြစ်နေပြီး တပ်မတော်၏ အမိန့်နှင့် ကြီးကြပ်မှု အောက်တွင် လှုပ်ရှားနေကာ သူတို့ကိုယ်ပိုင် အကျိုးအမြတ်ရရှိသော လုပ်ငန်းများကို သတ်မှတ်ထားသော နယ်မြေများတွင် လုပ်ကိုင်လျက် ရှိသည်။[14]

## ခ။ ပဋိပက္ခ ဒေရိယာများ

ရှမ်းပြည်နယ်သည် ကာလရှည်ကြာကတည်းကပင် တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်ရာ ကမ္ဘာ့ဗဟိုချက်မ ဖြစ်ခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာအောင်ပင် ကမ္ဘာတဝှမ်းအတွက် ဘိန်းနှင့် ဘိန်းဖြူ မူလပင်မ ရင်းမြစ်ဖြစ်ခဲ့ပြီး ယခုအခါ မက်သ်အင်ဖက်တမင်း အကြီးအကျယ် ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ကုန်သွယ်ရာ ဒေသတွင်း အချက်အချာ ဖြစ်လာနေပြီး နိုင်ငံဖြတ်ကျော် ရာဇဝတ် အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိနေသည်။[15] ၂၀၁၉ ခုနှစ်တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) က အရှေ့တောင်အာရှ မက်သ်အင်ဖက်တမင်း စျေးကွက်တန်းဖိုးမှာ ခန့်မှန်းချေအားဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၆၁.၄ ဘီလီယံ ရှိပြီး ဘိန်းဖြူစျေးကွက်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀.၃ ဘီလီယံ ရှိသည်ဟု ခန့်မှန်းသည်။[16] ကျယ်ပြန့်သော ထုတ်လုပ်ရေးလုပ်ငန်း အတိုင်းအတာဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သော နေရာများသည် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ သို့မဟုတ် သူတို့ကို စုံစမ်းလေ့လာနေသူများ မမြင်စေရန် ဖုံးကွယ်ထားဘို့ လိုအပ်သည်။ (ထိုကဲ့သို့သော) နေရာ အမြောက်အများမှာ တပ်မတော်နှင့် မိတ်ဖက်ပြုထားသော ပြည်သူ့စစ်များနှင့် BGF များ၏ ထိန်းချုပ်မှုအောက်တွင် ရှိပြီး တပ်မတော်နှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များရှိသော EAO များ၏ နယ်မြေထိန်းချုပ်မှု အပြည့်အဝရှိသည့် ရှမ်းပြည်နယ်ရှိ နေရာအများစုသည် ဓါတုဗေဒ မူးယစ်ဆေးဝါး အမြောက်အများ ထုတ်လုပ်မှုနှင့် ကုန်ကူးမှုများအတွက် လိုအပ်သော ပတ်ဝန်းကျင်ကို ပံ့ပိုးပေးသည်။[17]

၂၀၁၁ ခုနှစ်တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် တပ်မတော်အကြား ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲမှု ပျက်ပြားပြီးနောက်တွင် KIA မှ ခွဲထွက်လာသော အချို့သော လက်နက်ကိုင် အုပ်စုများသည် BGF နှင့် PMF များအဖြစ် အသွင်ကူးပြောင်း သွားခဲ့ကြသည်။

---

[12] Buchanan, 2016။ ၂၀၁၄ ခုနှစ် ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) က ထုတ်ပြန်သော "အသံတိတ် ထိုးစစ်။ မြန်မာ့တပ်မတော်က ကချင် မူးယစ်ဆေးဝါးပြဿနာကို ဘယ်လို မီးထိုးပေးနေသလဲ (Silent Offensive How Burma Army strategies are fuelling the Kachin drug crisis)" အစီရင်ခံစာ

[13] Buchanan, 2016.

[14] Buchanan, 2016.

[15] ICG, 2019.

[16] UNODC, 2019.

[17] ICG, 2019.

ဥပမာအားဖြင့် ကချင် ကာကွယ်ရေး တပ်မတော် KDA သည် PMF ဖြစ်လာပြီး ဒီမိုကရေစီသစ် တပ်မတော် - ကချင် သည် BGF ယူနစ်များ ဖြစ်လာခဲ့သည်။[18] ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် ရောင်းချမှု မြင့်တက်လာခြင်း သည် PMF နှင့် BGF အဖွဲ့ အရေအတွက် မြင့်တက်လာခြင်းနှင့် ကိုက်ညီနေကြောင်း လူထု လူမှု အဖွဲ့အစည်းများက အစီရင်ခံကြသည်။[19]

၂၀၀၈ ခုနှစ်မှ စ၍ ကယားနှင့် ကရင် ပြည်နယ်များတွင် BGF တပ်ရင်း ၁၅ ရင်း အထိ သီးခြား ဖွဲ့စည်းလာခဲ့သည်။ [20] ဤတကြိမ်တွင်လည်း ဤကာလသည် ထိုပြည်နယ်များအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် ရောင်းချမှုများ တိုးမြင့်လာခြင်းနှင့် တိုက်ဆိုင်နေကြောင်း အရပ်ဘက် လူထုအဖွဲ့အစည်းများက အစီရင်ခံကြသည်။ တပ်မတော်၏ မဟာမိတ်ဖြစ်သော ပြည်သူ့စစ်များ ဥပမာ- ဒီကေဘီအေသည်လည်း နယ်မြေတစ်ခုကို ထိန်းချုပ်ထားပြီး မက်သ်အင်ဖက်တမင်း ထုတ်လုပ်မှုတွင် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်၏ ပံ့ပိုးမှုဖြင့် ပါဝင်ခဲ့ကြောင်း စွပ်စွဲချက်များ ရှိသည်။[21]

ရခိုင်ပြည်နယ်တွင် PMF များအပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ (Border Guard Police, BGP) များလည်း ရှိသည်။ BGP သည် တပ်မတော်က မောင်းနှင်လည်ပတ်သော ပြည်ထဲရေး ဝန်ကြီးဌာနက ထိန်းချုပ်ထားသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အမိန့်ပေးမှု အောက်တွင် ရှိသည်။ BGP တပ်ဖွဲ့များက ရခိုင်ပြည်နယ် စစ်ဆေးရေး ဂိတ်များနှင့် အခြားသော အုပ်ချုပ်ရေးအပိုင်းများကို ထိန်းချုပ်ထားသည်။ ၂၀၁၂ ခုနှစ်မှ စ၍ ရခိုင်ပြည်နယ်တွင် စစ်ရေးတည်ဆောက်မှုများ ကြီးမားစွာ ပြုလုပ်လာခဲ့သည်။ ၂၀၁၆-၂၀၁၇ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအပေါ် ပြုလုပ်ခဲ့သော လုံခြုံရေး စစ်ဆင်မှုများ နောက်တွင်နှင့် လက်ရှိ တပ်မတော်နှင့် ရက္ခိုင့် တပ်မတော်တို့အကြား ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားနေသည့် အခြေအနေတွင် လူများ နှင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးတို့သည် ညမထွက်ရ အမိန့်များ နှင့် သွားလာမှု ကန့်သတ်ချက်များ အောက်တွင် ရှိနေကြသည်။ ထိုကာလတလျှောက်မှာပင် ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုမှာလည်း တိုးမြင့်လာသည်။ ၂၀၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ်သည် ရှမ်းပြည်နယ် [22] ပြီးလျှင် မက်သ်အင်ဖက်တမင်းဆေးပြား ပမာဏ ဖမ်းဆီးရမိမှု အများဆုံးဖြစ်ခဲ့ပြီး တောင်အာရှသို့သွားသော မက်သ်အင်ဖက်တမင်းများကို အဓိကရောင်းဝယ်ဖောက်ကားသည့် လမ်းကြောင်းလည်း ဖြစ်လာခဲ့ကြောင်း အစီရင်ခံချက်များ ရှိသည်။

# ၃။ မူးယစ်ဆေးဝါး သုံးစွဲမှု

## က။ အသုံးပြုသည့် လမ်းကြောင်း

၁၉၅၀ မှ ၁၉၉၀ အထိ ဘိန်းဖြူသည် မြန်မာနိုင်ငံတွင် အဓိကထုတ်လုပ်သော မူးယစ်ဆေးဝါးဖြစ်ခဲ့ပြီး မြန်မာနိုင်ငံ ဒေသအများအပြားတွင် ဆယ်စုနှစ်များစွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဘိန်းဖြူထုတ်လုပ်မှု

[18] KWAT, 2014.
[19] KWAT, 2014.
[20] Buchanan, 2016.
[21] Buchanan, 2016.
[22] UNODC, 2019.

ကျဆင်းလာသော်လည်း မက်သ်အင်ဖက်တမင်းထုတ်လုပ်ခြင်းက အစားထိုး ဝင်ရောက်လာခဲ့သည်။[23] ယင်းတို့သည် ပုံမှန်အားဖြင့် သန့်စင်မှု နည်းသော မက်သ်အင်ဖက်တမင်း နှင့် ကာဖင်း ရောထားသည့် ဒြပ်ပေါင်းပါဝင်သည့် “ယာဘ” ဆေးပြား ပုံစံဖြင့် ရှိသည်။ ၂၀၀၀ ခုနှစ် အစောပိုင်းကာလများမှစ၍ မူးယစ်ဆေးဝါး တိုးမြင့်ထုတ်လုပ်မှုနှင့် အတူ မြန်မာနိုင်ငံတွင် ယာဘ သုံးစွဲမှု မြင့်တက်လာခဲ့သည်။ သိသာထင်ရှားသော ပမာဏ အကြီးအသေး ဖမ်းမိမှုများ၊ သုံးစွဲသူနှင့် အချိန်တို ရောင်းဝယ်ဖောက်ကားသူများကို ဖမ်းဆီးမှုများ ရှိခဲ့သော်လည်း ယာဘသည် တဖြည်းဖြည်းဖြင့် ဈေးသက်သာလာပြီး ပိုမို၍ အလွယ်တကူ ရရှိလာခဲ့သည်။[24]

မကြာသေးမီက ပုံဆောင်ခဲ မက်သ်အင်ဖက်တမင်း [25] ထုတ်လုပ်မှု တဟုန်ထိုး တိုးတက်လာခဲ့သည်။ သန့်စင်မှု မြင့်မားပြီး ပုံဆောင်ခဲပုံသဏ္ဌာန် မက်သ်အင်ဖက်တမင်းဖြစ်ပြီး “ရေခဲ(အိုက်စ်)” ဟုလည်း ခေါ်ကြသည်။ အရှေ့တောင်အာရှတွင် ပုံဆောင်ခဲ မက်သ်အင်ဖက်တမင်းသည် ပိုမို လူကြိုက်များလာခဲ့ပြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း လက္ကား ရောင်းလိုအားနှင့် ဝယ်လိုအားမှာ အကန့်အသတ်နှင့်သာ ရှိနေသေးသည်။ ယင်းမှာ မြင့်တက်လာနိုင်သည်။ ပုံဆောင်ခဲ မက်သ်အင်ဖက်တမင်းမှာ ယာဘ ထက် ပိုမို စွမ်းအားမြင့်ပြီး ထိုးဆေးအဖြစ် သုံးစွဲရန် သင့်လျော်သောကြောင့် လူထုကျန်းမာရေး နောက်ဆက်တွဲ ဆိုးကျိုးများ ရှိသည်။[26]

## ခ။ ပဋိပက္ခ ဇရိယာများ

မူးယစ်ဆေးစွဲခြင်းသည် မြန်မာနိုင်ငံတဝှမ်းရှိ လူများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိသည်။ သို့သော်လည်း ပဋိပက္ခဒဏ်ကို ခံစားနေရသော တိုင်းရင်းသား ပြည်နယ်များတွင် အကြောင်းရင်းခံများ စုဆုံခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းနှင့် ဆေးစွဲလမ်းမှုနှုန်းကို မြင့်တက်စေပြီး တစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းများအတွက် ဆိုးကျိုးများ ဆတိုး သက်ရောက်စေသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် ဖြန့်ဖြူးမှုတို့တွင် ပါဝင်ပတ်သက်မှု ရှိနိုင်သော တပ်မတော်၊ ပြည်သူ့စစ်၊ BGF နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်ပတ်သက်မှု ရှိနေနိုင်ခြင်းမှာလည်း တရားဥပဒေစိုးမိုးမှု အားနည်းချက်နှင့် ပေါင်းစပ်လိုက်သောအခါ မူးယစ်ဆေးဝါးများအား အလွယ်တကူ ရရှိစေတော့သည်။

ဘေးဖယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် စီးပွားရေးချို့တဲ့ခြင်းများ ခံစားရသော လူမျိုးစုအသိုင်းအဝိုင်းများသည် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆေးစွဲလမ်းမှု မြင့်မားစေသည့် အခြေအနေများကို ဖြစ်ပေါ်စေသည်။ ဤပြဿနာများသည် မြန်မာနိုင်ငံရှိ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများနှင့် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။ မွန်၊ ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်း၊ ပအိုဝ်နှင့် တအာင်း အရပ်ဘက် လူ့အဖွဲ့အစည်းများ စုပေါင်းပြုစုသော

[23] ပိုမိုသိရှိလိုပါက မြန်မာနိုင်ငံ မူးယစ်ဆေးဝါး မူဝါဒ လျှံ့ဆော်စည်းရုံးရေး အုပ်စု၏ ၂၀၁၇ ထုတ် “မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကို ဖော်ပြခြင်း။ အပြောင်းအလဲ ဖြစ်စေမည့် အဓိက ဝင်ရောက်စွက်ဖက်မှု ၅ မျိုး (Addressing drug problems in Myanmar: 5 key interventions that can make a difference)” တွင် ကြည့်

[24] ပိုမိုသိရှိလိုပါက Transnational Institute အတွက် Renaud Cachia နှင့် သူရမြင့်လွင် ရေးသားသော “မြန်မာနိုင်ငံ၊ ထိုင်းနှင့် တရုတ်ပြည်တောင်ပိုင်းတွင် စိတ်ကြွဆေးသုံးစွဲမှု။ အလေ့အထကို လေ့လာ၊ ဘေးအန္တရာယ်ကိုလျော့ချ (Methamphetamine use in Myanmar, Thailand and Southern China: assessing practices, reducing harms”) တွင် ကြည့်

[25] ICG, 2019.

[26] Cachia နှင့် သူရ မြင့်လွင်, 2019.

လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားလူမျိုးစုများအကြား ကြာရှည်စွာ ရွှေ့ပြောင်းနေထိုင်ရမှု၏ အကျိုးသက်ရောက်မှုများ ပူးတွဲအစီရင်ခံစာတွင် နေရပ်စွန့်ခွာ ထွက်ပြေးရသည့်နေရာများ၌ မူးယစ်ဆေးစွဲမှု မည်ကဲ့သို့ အတွေ့များနေရကြောင်းကို ရှင်းပြထားသည်။ ဆိုလိုသည်မှာ မူးယစ်ဆေးဝါး အလွယ်တကူရရှိနိုင်မှုနှင့် ရွှေ့ပြောင်းရခြင်းကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ရခြင်းအတွက် မျှော်လင့်ချက် ကင်းမဲ့ခြင်းနှင့် မကျေနပ်ခြင်းတို့က ထပ်မံ မီးထိုးပေးလိုက်ခြင်း ကြောင့်ဖြစ်သည်။ ဤအရပ်ဘက် လူထု အဖွဲ့အစည်းများက အစီရင်ခံ တင်ပြသည်မှာ မကြာသေးမီနှစ်များအတွင်း မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများသို့ အကူအညီများ လျှော့ချခြင်း၊ အနာဂတ်နှင့် ပတ်သက်၍ မသေချာမရေရာမှုများနှင့် မြင်တွေ့နိုင်သော ရွေးချယ်စရာများ မရှိခြင်းသည် ထိုဒေသများရှိလူများအား မူးယစ်ဆေးဝါး မှီခိုမှုနှုန်းကို မြင့်တက်စေခဲ့သည်။[27]

မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်များသို့ လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့် ကန့်သတ်ချက်သည် ကျန်းမာရေးဝန်ဆောင်မှုများ အပါအဝင် ဝန်ဆောင်မှုများကို အားနည်း စေခဲ့သည်။ ဤသည်က ဆေးစွဲမှု ခံစားနေရသူများအတွက် လုံလောက်သော ကုသမှုနှင့် ပံ့ပိုးမှု ရရှိနိုင်မှုကို ပိုမိုခက်ခဲသွားစေသည်။ အချို့သောဒေသများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု သံသရာကို ဖြတ်တောက်ရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို ကုသရန် ရည်ရွယ်သည့် ဒေသတွင်း အစပျိုးလုပ်ဆောင်မှုများကို တည်ထောင်ပြီးခဲ့သော်လည်း ၎င်းတို့သည် အရင်းအမြစ်များ နည်းပါးခြင်း နှင့် အချို့သော ဖြစ်ရပ်များတွင် ခြိမ်းခြောက်မှုများ ခံရပြီးနောက် သူတို့၏လုပ်ဆောင်မှုများကို အတင်းအကြပ် ဖိအားပေး ရပ်တန့်စေခြင်းကို ခံကြရသည်။[28]

မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ပါဝင်ပါတ်သက်သူ တစ်ဦးက ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့တွင် အိမ်ထောင်စု တစ်ခုစီတိုင်းတွင် ဆေးစွဲသူ တစ်ဦးခန့် ရှိနေကြောင်း ခန့်မှန်းသည်။[29] တရုတ်နိုင်ငံသို့ အဓိက ကုန်သွယ်ရေး လမ်းမကြီးဖြစ်သော မူဆယ်-မန္တလေး လမ်းပေါ်ရှိ ကားသမားများသည် ဘိန်းဖြူနှင့် ယာဘ နှစ်မျိုးစလုံး သုံးစွဲကြကြောင်း အစီရင်ခံမှုများ ရှိသည်။[30] မူဆယ်ရှိ အချို့သော ဓါတ်ဆီဆိုင်များတွင် အကြွေပြန်အမ်းမည့်အစား ဆေးထိုးပြွန်နှင့် မိုးရေတို့ကို ပေးကြောင်းလည်း သတင်းရရှိသည်။[31] လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့က စစ်တမ်းကောက်ယူသော ရွာများရှိ အိမ်ထောင်စုများ၏ ၇၀ ရာနှုန်းခန့်တွင် အမျိုးသားလူငယ်များ ဆေးစွဲလျက်ရှိနေပြီး ယင်းသည် ၂၀၀၈ ခုနှစ်က အနေအထားထက် သုံးဆ မြင့်တက်လာခြင်း ဖြစ်သည်ဟု ခန့်မှန်းထားသည်။ ဆေးစွဲမှု မြင့်မားလာခြင်း အကြောင်းရင်းများမှာ မူးယစ်ဆေးဝါးကို ပိုမိုလွယ်ကူစွာ ရရှိလာခြင်း၊ နှင့် ဒေသတွင်း မူးယစ်ဆေးဝါး ရောင်းချမှုကို ပြည်သူ့စစ်အုပ်စုများက တက်ကြွစွာ မြှင့်တင် အားပေးလာခြင်းတို့ကြောင့် ဖြစ်ကြောင်း လားဟူ ရွာသားများက ပြောသည်။ ပြည်သူ့စစ် အဖွဲ့ဝင်များသည် သူတို့၏ ဝင်ငွေဆုံးရှုံးမည်ကို စိုးရိမ်သောကြောင့် ဒေသခံ ဆေးစွဲသူများကို

[27] ပိုမိုသိရှိလိုပါက ၂၀၁၉ ခုနှစ် တိုင်းရင်းသား လူထုအခြေပြု အဖွဲ့အစည်းများနှင့် ဒေသခံ အခြေပြု လူထု လူမှုအဖွဲ့အစည်း ၁၃ ဖွဲ့၏ "အိမ်မလွမ်းသူ ဘယ်သူရှိမလဲ။ မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခကြောင့် ကာလရှည် ရွှေ့ပြောင်းမှု အပေါ် အစီရင်ခံစာ (The Is No One Who Does Not Miss Home: Report on Protracted Displacement Due to Armed Conflict in Burma/Myanmar") တွင် ကြည့်

[28] ပိုမိုသိရှိလိုပါက ၂၀၁၉ ခုနှစ် AFP မှ "မူးယစ်ဆေးဝါးကပ်က မြန်မာနိုင်ငံ ရှမ်းပြည်နယ်ကို ဖျက်ဆီးခြင်း (Drug crisis ravages Myanmar's Shan State") တွင် ကြည့်

[29] AFP, 2019.

[30] KWAT, 2014.

[31] KWAT, 2014.

ပြန်လည်ပြုစုပျိုးထောင်ရေးသို့ ဝင်ရောက်ခြင်းကို တားဆီးကြကြောင်း သူတို့က အစီရင်ခံထားသည်။[32]

ကချင်ပြည်နယ်တွင် အရပ်ဘက် လူထုအဖွဲ့အစည်းများက အစီရင်ခံရာ၌ ကချင်မြို့များနှင့် ကျောက်မျက်ရတနာ တူးဖော်သည့် ဒေသများတွင် ကုန်သွယ်လမ်းကြောင်းများမှ တဆင့် မူးယစ်ဆေးဝါးများ အများအပြား ဝင်ရောက်လာနေသည်။ ဆေးစွဲသူ အရေအတွက်မှာ ဒေသတွင်း ကပ်ရောဂါအဆင့် အတိုင်းအတာအထိ ရောက်ရှိနေပြီ ဖြစ်ကြောင်း ဒေသခံ လှုပ်ရှားသူအဖွဲ့အစည်း တစ်ခုက ပြောသည်။ [33] တပ်မတော်နှင့် တပ်မတော်၏ မိတ်ဖက် ပြည်သူ့စစ်များ တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသည့် ဖားကန့်ကျောက်စိမ်းမှော်များတွင် မူးယစ်ဆေးဝါး သုံးစွဲမှုမှာ လူသိရှင်ကြားဖြစ်နေပြီး လူ့အဖွဲ့အစည်း၏ ဘဝမျက်နှာစာတိုင်းဆီသို့ စိမ့်ဝင်ပျံ့နှံ့လျက် ရှိသည်။ တရားမဝင် ကျောက်တွင်း အလုပ်သမားများကို ဘိန်းဖြူ နှင့် မက်သ်အင်ဖက်တမင်းဆေးများဖြင့် အခကြေးငွေပေးကြောင်း အစီရင်ခံချက်များ ရှိသည်။ ဖားကန့် ကျောက်စိမ်းတွင်းများရှိ အလုပ်သမားများ၏ ၉၀ ရာနှုန်းမှာ မူးယစ်ဆေးသုံးစွဲကြကြောင်း ဒေသခံ ရွာသားများက ခန့်မှန်းသည်။[34]

ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားသည် ကမ္ဘာပေါ်တွင် မူးယစ်ဆေးစွဲသူ အသိပ်သည်းဆုံး မြို့တမြို့တွင် ပါဝင်ကြောင်း အစီရင်ခံချက်များ ရှိသည်။ [35] မူးယစ်ဆေးစွဲသူ ပြန်လည် ပြုစုပျိုးထောင်ရေး အစီအစဉ်များကို လုပ်ဆောင်နေသည့် ကချင် နှစ်ခြင်း အသင်းတော် KBC က တိုင်းရင်းသား ကချင်လူငယ် ၈၀ ရာနှုန်းခန့်မှာ မူးယစ်ဆေးစွဲနေကြကြောင်း ပြောသည်။ မြစ်ကြီးနားနှင့် ဗန်းမော်တက္ကသိုလ်များရှိ ကျောင်းသားများ၏ သုံးပုံတစ်ပုံမှာ မူးယစ်ဆေးထိုးသူများ ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူမှုရေး လုပ်သားများက အစီရင်ခံသည်။ [36] အခြား ဒေသခံလှုပ်ရှားတက်ကြွသူ တစ်ဦးက ကချင်အိမ်ထောင်စုအားလုံးနီးပါး မူးယစ်ဆေးဝါး ပြဿနာ သက်ရောက်ခြင်း ခံရသည်ဟု ခန့်မှန်းသည်။ မူးယစ်ဆေးဝါး သုံးစွဲသူတစ်ဦးက “မြစ်ကြီးနားမြို့မှာ နေရာတိုင်း မူးယစ်ဆေးဝါးရနိုင်တယ်။ ကျနော် ခဏခဏ အဖမ်းခံရဘူးတယ်။ ကျွန်တော့်မှာ အကိုလေးယောက်ရှိတယ်။ ဒါပေမယ့် သူတို့အားလုံး ဆေးကြောင့် သေသွားကုန်ပြီ” ဟုပြောပြသည်။ [37] တပ်မတော်သည် သူတို့ကို တရားမဝင် ဆေးဝါးများဖြင့် ပစ်မှတ်ထားနေကာ မူးယစ်ဆေးဝါးအား လက်နက်သဖွယ်အသုံးပြုပြီး သူတို့ အသိုင်းအဝိုင်းများကို တိုက်ခိုက်နေသည်ဟု ကချင် လူထုအသိုင်းအဝိုင်းမှ လူများက စွပ်စွဲ ပြောဆိုနေပြီး ကချင် လူငယ်များအား နိုင်ငံရေးမှ အာရုံလွှဲစေရန်အတွက် မူးယစ်ဆေးဝါးကို မြှင့်တင်နေသည်ဟု သံသယ ရှိကြသည်။[38]

[32] ပိုမိုသိရှိလိုပါက ၂၀၁၆ ခုနှစ် လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့၏ “နေပြည်တော်၏ မူးယစ်ဆေးစွဲခြင်း။ ရွှေတြိဂံနယ်မြေတွင် မူးယစ်ဆေးဝါး သုံးစွဲမှုအပေါ် မြန်မာ့တပ်မတော်၏ မဟာဗျူဟာမြောက် အသုံးချခြင်းနှင့် လားဟူလူမျိုးများအပေါ် သက်ရောက်မှုများ (Naypyidaw’s drug addiction: The Burma Army’s strategic use of the drug trade in the Golden Triangle and its impact on the Lahu)” တွင် ကြည့်

[33] KWAT, 2014.

[34] ပိုမိုသိရှိလိုပါက ၂၀၁၆ ခုနှစ် တိုင်းမဂ္ဂဇင်းအတွက် Hannah Beech ရေးသားသော “သွေးပယင်းအတွက် စစ်တိုက်ခြင်း (Battling for blood jade”) တွင် ကြည့်

[35] ပိုမိုသိရှိလိုပါက ၂၀၁၃ ခုနှစ် AP သတင်းဌာနအတွက် Gemuna Amarasinghe ရေးသားသော “မြန်မာ ပဋိပက္ခတွင် မူးယစ်ဆေးဝါးစွဲမှု ခိုအောင်းနေခြင်း (Drug addiction lurks in Myanmar conflict's shadow)” .တွင်ကြည့်

[36] KWAT, 2014.

[37] KWAT, 2014.

[38] KWAT, 2014..

ကရင်ပြည်နယ်နှင့် ကယားပြည်နယ်များတွင် မကြာသေးခင် နှစ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်တက်လာနေမှု အပေါ် စိုးရိမ်နေကြကြောင်း ဒေသခံပြည်သူများက အစီရင်ခံကြသည်။ ဝယ်ယူရန် ခက်ခဲခြင်း မရှိသည့် အတွက် ယာဘကို ကလေးများ၊ ကျောင်းသားများနှင့်ယောကျ်ားအများအပြားက ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြကြောင်း သူတို့က ပြောသည်။ ကရင်ပြည်နယ်၊ ဖားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်မှ အထက်တန်း ကျောင်းသားများသည် ထိုမူးယစ်ဆေးများကို မည်သို့သုံးစွဲရသည်ကို သိရှိကြပြီး သူတို့ကိုယ်တိုင်လည်း ဆေးစွဲနေကြကြောင်း သတင်းများ ရရှိသည်။[39] လှိုင်းဘွဲ့မြို့နယ်တွင် ပြည်သူ့စစ်တပ်ရင်း လေးရင်း ရှိသည်။[40] ကရင်ပြည်နယ် အရှေ့တောင်ပိုင်းမှ ဒေသခံ ပြည်သူ တစ်ဦးက "စိတ်ကြွဆေးတွေက (လက်နက်ကိုင်) အဖွဲ့အစည်းတွေက လာတယ်။ နောက် (သူတို့က) အရပ်သားတွေကြားမှာ ဖြန့်တယ်"[41]။ ကျောပိုးအိတ် ဆေးဝန်ထမ်း တစ်ဦးက ဆေးစွဲသူ မြင့်မားလာသည့်အခြေအနေတွင် သူတို့အနေဖြင့် မျှော်လင့်ချက် ကင်းမဲ့လာပုံကို ပြောပြသည်။ "ကျနော်တို့ ပြဿနာကို မရှင်းနိုင်ဘူး။ လက်နက်ကိုင် အဖွဲ့အစည်းက ခေါင်းဆောင်တွေပဲ စည်းကမ်းချပြီး လူတွေကို မူးယစ်ဆေးမသုံးဖို့ တားဆီးနိုင်မယ်။ ကျနော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တကယ်ပဲ ထိခိုက်စေတယ်။ လူငယ်တွေက တခြားကိစ္စတွေကို (ပညာရေး စသဖြင့်) ဘယ်လိုမှ စိတ်မဝင်စားတော့ဘူး။ ဘာနဲ့တူလဲဆို လူတွေက ကျနော်တို့ အနာဂတ်ကို ခိုးယူသွားပြီး ဖျက်ဆီးပစ်လိုက်သလိုပဲ။"[42]

ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ဆေးစွဲမှုနှုန်းများအပေါ် အချက်အလက်များကို ရယူရန်မှာ စိမ်ခေါ်မှု တစ်ရပ်ဖြစ်သည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်ကတည်းက စစ်တွေရှိ ရွှေ့ပြောင်းနေထိုင်သူ စခန်းတွင် နေထိုင်သော ရိုဟင်ဂျာတစ်ဦး၏ ဖွင့်ဟပြောဆိုချက်အရ ယာဘ ဆေးပြားတစ်ပြားမှာ ကျပ်ငွေ ၂၀၀-၃၀၀ သာရှိပြီး (အမေရိကန်ဒေါ်လာ ၀.၁၃ မှ ၀.၂၀) အစားအစာထက် ဈေးပေါသည်။ ၂၀၁၂ ခုနှစ်တွင် တပ်မတော်နှင့် ပြည်နယ်အာဏာပိုင်များက စခန်းများကို တည်ထောင်ကြသည့်အချိန်တွင် မူးယစ်ဆေး ရောင်းချသူများက နမူနာဆေးပြားများကို အခမဲ့ ဖြန့်ဝေကြောင်း သိရသည်။ ထိုအချိန်မှစ၍ စခန်းများတွင် ယာဘကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ပြီး ရိုဟင်ဂျာအများအပြားမှာ ဆေးစွဲနေကြသည်။

## ဂ။ အစိုးရ၏ တုန့်ပြန်မှု

မူးယစ်ဆေးဝါး အလွဲသုံးမှု ထိန်းချုပ်ရေး ဗဟိုကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းဖြစ်သောကြောင့် ဗဟိုအစိုးရ၏ မူးယစ်ဆေးဝါး အပေါ် တုန့်ပြန်မှုတွင် တပ်မတော်သည်လည်း သိသာထင်ရှားသော လွှမ်းမိုးမှုရှိသည်။

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ပစ္စည်းများ ဥပဒေအရ ကြီးမားသော အတိုင်းအတာဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ် ဖြန့်ဖြူးသူများအစား ဘိန်းစိုက်တောင်သူများ၊ အသေးစား ရောင်းဝယ်ဖောက်ကားသူများနှင့် မူးယစ်ဆေးသုံးစွဲသူများကို နှစ်ပေါင်းများစွာပင် အဓိက ပစ်မှတ် ထားရှိခဲ့ကြသည်။ ၂၀၁၈ ခုနှစ်တွင် UNODC နှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင် ဆွေးနွေးပြီးနောက်တွင် မူးယစ်ဆေးဝါး

39 ၂၀၁၅ ခုနှစ် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အင်တာဗျူး KHRG #15-83-A2-I1,

40 Buchanan, 2016.

41 ပိုမို သိရှိလိုပါက ၂၀၁၅ ခုနှစ် ကရင် လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ "ဒူးပလာယာ နှင့် ဖားအံ ခရိုင်တွင် ပိုမိုကြီးထွားလာနေသော မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် နောက်ဆက်တွဲ အကျိုးဆက်များ (Growing drug use and its consequences in Dooplaya and Hpa an districts") တွင် ကြည့်

42 Interview KHRG #14-63-A3-I1, KHRG, 2014.

အလွဲသုံးမှု ထိန်းချုပ်ရေး ဗဟိုကော်မတီက ရေးစွဲခဲ့သော အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒကို မြန်မာနိုင်ငံက ထုတ်ပြန်ခဲ့သည်။ ဤမူဝါဒသည် အန္တရာယ်ဖြစ်မှု လျှော့ချရေးကို ဦးတည်၍ သုံးစွဲသူများအတွက် လူထုကျန်းမာရေးချဉ်းကပ်မှုကို ဦးစားပေးကာ စနစ်တကျ ကျူးလွန်သော ရာဇဝတ်မှုနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအတွက် ဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုဆိုင်ရာ တရားမျှတရေး ကြိုးပမ်းမှုများကို ပြန်လည်ဦးတည်သည်။ သို့ရာတွင် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောပစ္စည်းများ ဥပဒေ ပြင်ဆင်ချက်များကို များမကြာမီ ပြန်လည် ပြဌာန်းအသက်သွင်းခဲ့ပြီး မူးယစ်ဆေးဝါး ပမာဏ မည်မျှပင်ရှိစေ လက်ဝယ်ထားရှိသူများကို ရာဇဝတ် ပြစ်ဒဏ်များ ပေးခြင်းကို ပြန်လည် ထားရှိခဲ့သည်။[43]

အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒက ဖော်ပြသည်မှာ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အကျဉ်းသား ၆၀,၀၀၀ မှ ၈၀,၀၀၀ အနက် ၄၈% မှာ မူးယစ်ဆေးဝါးနှင့်ဆိုင်သော ပြစ်မှုများအတွက် ဖမ်းဆီးခံကြရခြင်း ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သောပြစ်မှုကျူးလွန်သူ ရာခိုင်နှုန်းသည် အချို့သော ထောင်များ (ဥပမာ- ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ရှမ်းပြည်နယ် လားရှိုး) တို့တွင် ၇၀ မှ ၈၀ ရာခိုင်နှုန်း အထိရှိသည်။[44] မူးယစ်ဆေးဝါးသုံးစွဲသူများကို ထောင်သွင်း အကျဉ်းချခြင်းသည် မူးယစ်ဆေးစွဲမှုပြဿနာကို ပိုမိုဆိုးရွားစေသည်၊ အဘယ်ကြောင့်ဆိုသော် ထောင်တွင်းတွင် မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်း မြင့်မားခြင်းနှင့် သုံးစွဲသူများမှာ တစ်ကြိမ်ထောင်ကျသွားသည်နှင့် ပြန်လည်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများကို မရရှိနိုင်တော့ခြင်းတို့ကြောင့် ဖြစ်သည်။ တချိန်တည်းမှာပင် တရားမဝင် မူးယစ်ဆေးဝါး လုပ်ငန်းကို လုပ်ဆောင်ခြင်းဖြင့် အမြတ်အစွန်း ရရှိနေသော ပြည်သူ့စစ်များမှာ ကျူးလွန်မှုများအတွက် အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်လျက် ရှိနေသည်။

## D. ဖြစ်ပေါ်စေသော ထိခိုက်မှုများ

မူးယစ်ဆေးစွဲခြင်းသည် လူပုဂ္ဂိုလ် တစ်ဦးချင်းအလိုက် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ခံစားမှုဆိုင်ရာ၊ ဘဏ္ဍာရေး နှင့် အခြားသော ထိခိုက်မှုများကို ဖြစ်စေနိုင်ပြီး မိသားစုနှင့် လူ့အဖွဲ့အစည်းတို့ အပေါ်တွင်လည်း နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်စေသည်။ မက်သ်အင်ဖက်တမင်း ပမာဏမြင့်မားစွာ နှင့်/သို့မဟုတ် ကြာရှည်စွာအသုံးပြုခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများတွင် အိပ်မပျော်ခြင်း၊ စိုးရိမ်ခြင်း၊ ရင်တုန်ခြင်း၊ သွားများဆုံးရှုံးခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အမျက်ဒေါသ ထွက်လွယ်ခြင်း၊ မရှိသည်များကို မြင်ကြားခြင်း နှင့် ကယောက်ကယက် စဉ်းစားခြင်း၊ ချောင်းဆိုး သွေးပါခြင်း၊ မှတ်ဉာဏ်လျော့ပါးခြင်း၊ အားယုတ်ခြင်း၊ နှင့် မောပန်းခြင်း၊ စိတ်မရှည်ခြင်း၊ ဒေါသဖြစ်ခြင်း၊ နှင့် ရန်လိုမှု တိုးမြင့်လာခြင်းတို့ ပါဝင်သည်။ ဆေးရှူရှိုက်သည့် ကိရိယာများကို ဝေမျှသုံးစွဲခြင်းကြောင့် တီဘီရောဂါ ကူးစက်နိုင်ချေလည်း မြင့်မားလာသည်။[45] ဘိန်းဖြူကို အများအားဖြင့် သွေးကြောအတွင်း ထိုးသွင်းကြသည်။ ဆေးပမာဏ မြင့်မားစွာ နှင့် / သို့မဟုတ် ရေရှည်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်သော စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများတွင် သွေးပြန်ကြောနှင့်

43 ICG, 2019.

44 UNODC အရှေ့တောင်အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာရုံးမှ ပံ့ပိုးမှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့(MPF) မူးယစ်ဆေးဝါး အလွဲသုံးမှု ထိန်းချုပ်ရေး ဗဟိုကော်မတီ (CCDAC) က ပြုစုသော အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒ

45 Cachia and Thura Myint Lwin, 2019.

သွေးလွှတ်ကြောများ ပျက်စီးခြင်းမှသည် ခြေလက်များ ပုပ်ခြင်း နှင့် ကူးစက်ရောဂါများ ဝင်ရောက်ခြင်း၊ အပြင်းအထန် စိတ်ကျခြင်း၊ အိပ်မပျော်ခြင်း၊ စိုးရိမ်ခြင်း၊ အားယုတ်ခြင်း၊ အလွန်အကျွံစွဲလမ်းခြင်း နှင့် ဆေးလွန်ခြင်းကြောင့် သေဆုံးခြင်း သို့မဟုတ် အန်ခြင်း တို့ ပါဝင်သည်။ [46] ဆေးထိုးပြွန်၊ ဆေးထိုးအပ်များ ဝေမျှအသုံးပြုခြင်းကြောင့် အိတ်ချ်အိုင်ဗီ၊ အသည်းရောင် ဘီ သို့မဟုတ် စီ ကူးစက်နိုင်ချေမြင့်မားစေသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးသုံးစွဲသူ ၃ ဦးတွင် ၁ ဦးခန့်သည် HIV ပိုးနှင့် နေထိုင်နေသူ ဖြစ်ပြီး ယင်းမှာ အထွေထွေလူဦးရေတွင် ဖြစ်ပွားနှုန်းထက် ၄၈ ဆ ပိုမို များပြားသည်။[47]

မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကို မူးယစ်ဆေးစွဲသူများ၏ မိသားစုများလည်း ခံစားကြရသည်။ အထူးသဖြင့် တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ရေးကုန်ပစ္စည်းများအတွက် ကုန်သွယ်ရေးနေရာများတွင် မူးယစ်ဆေးသုံးစွဲသူ အမျိုးသမီး အရေအတွက် တိုးပွားလာနေသော်လည်း သတင်းများအရ မြန်မာပြည်တွင် မူးယစ်ဆေး သုံးစွဲသူအများစုမှာ အမျိုးသားများ ဖြစ်သည်။ မြန်မာ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် အိမ်အလုပ်အားလုံး၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်နေရသကဲ့သို့ ကျား-မ တန်းတူညီမျှမှု မရှိခြင်းသည် ပြဿနာများ ပိုမို ဖြစ်ပွားစေပြီး လင်ယောကျ်ားများ၊ သားများနှင့် ဖခင်များက မူးယစ်ဆေးစွဲသောအခါ မိသားစု ဝင်ငွေထောက်ပံ့ပေးခြင်းကို ရပ်တန့်ရုံသာမက မိသားစုပိုင်ဆိုင်မှုများကို ရောင်းချခြင်းနှင့် သူတို့၏မူးယစ်ဆေးဝါးသုံးစွဲရန်အတွက် ပစ္စည်းများ ခိုးယူသည့်အခါ အမျိုးသမီးများမှာ ပိုမို ခက်ခဲ ရုန်းကန်ကြရသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ နာမကျန်းဖြစ်သည့်အခါ အမျိုးသမီးများကပင် ကြည့်ရှုစောင့်ရှောက်ကြရပြန်သည်။[48]

## ၄။ နိဂုံးချုပ်

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး သုံးစွဲမှု နှုန်းမြင့်မားနေခြင်းသည် လူပုဂ္ဂိုလ်အများအပြား အထူးသဖြင့် ပဋိပက္ခ သက်ရောက်သော တိုင်းရင်းသား လူထုများ၏ အခြေခံ အခွင့်အရေးများကို ထိခိုက်မှု ရှိစေသည်။ ၎င်းတွင် လုံလောက်သော လူနေမှုအဆင့်အတန်း၊ အလုပ်အကိုင်၊ တရားမျှတမှုနှင့် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများ ၊ အမြင့်မားဆုံး ရရှိနိုင်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုဘဝတွင် ပါဝင်ခွင့်၊ အသက်ရှင်သန်ခွင့်၊ ရက်စက်ကြမ်းကြုတ်မှုနှင့် လူမဆန်သော ဆက်ဆံမှုမှ ကင်းလွတ်ခွင့်၊ လူပုဂ္ဂိုလ်၏ လုံခြုံရေးနှင့်လွတ်မြောက်မှု၊ ပုဂ္ဂလိက လွတ်လပ်ခွင့် နှင့် မိသားစု ဘဝ ရပိုင်ခွင့်များ ပါဝင်သည်။

ဤဧရိယာတွင် အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအတွက် နောက်ထပ် သုတေသနများ ပြုလုပ်ရန် လိုအပ်နေသေးသည်။ အစိုးရသည် စနစ်တကျ စုစည်း ကျူးလွန်သော ရာဇဝတ်မှုများနှင့် ခြစားမှုများကို အာရုံစိုက်လျက် ပိုမိုလုပ်ဆောင်၍ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်တားဆီးရေး မူဝါဒကို အကောင်အထည်ဖော်ဆောင်မှုများ လုပ်ရမည်။ တချိန်တည်းမှာပင် အပြစ်ပေးအရေးယူခြင်းဆိုင်ရာနှင့် ပြစ်မှုဆိုင်ရာဥပဒေများအစား ပညာရေးနှင့် အန္တရာယ်လျှော့ချရေးကို ဦးတည်လျက် ရပ်ရွာလူထုအဆင့် ကြားဝင်ဆောင်ရွက်မှုများကို နိုင်ငံတကာအေဂျင်စီများ၏ အကူအညီဖြင့် ဆောင်ရွက်သင့်သည်။ နောက်ဆုံးအနေဖြင့်

[46] မူးယစ်ဆေး အလွဲသုံးမှုဆိုင်ရာ အမျိုးသား အင်စတီကျု https://www.drugabuse.gov/publications/drugfacts/heroin .

[47] ၂၀၁၇။ မူးယစ်ဆေးဝါး မူဝါဒ စည်းရုံးလှုံ့ဆော်ရေး အဖွဲ့

[48] KWAT, 2014.

မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများတွင် ပါဝင်ပတ်သက်နေသည့် တပ်မတော်နှင့် ပြည်သူ့စစ်များအား တာဝန်ခံမှုရှိစေရန် လိုအပ်သည်။